# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၉၈]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

- ✻ အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
- ✻ အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
- ✻ အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်း ဖြစ်၏၊
- ✻ တမလွန်လောက၌ ချမ်းသာကို ဆောင်စေ တတ်၏။

## မြန်မာနိုင်ငံ ဒီမိုကရေစီစနစ်လျှောက်လှမ်းမှု အထောက်အကူပြုရန် အတွေ့အကြုံများ ဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာမျက်နှာ-၃

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်ကြာကျင်းပသွားမည်



သတင်း-မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန်  ဇန်နဝါရီ  ၅**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပရေးအတွက် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ စတင်ကျင်းပသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် အစိုးရအစုအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ ကိုယ်စား ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စား ဦးသုဝေတို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❒

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပရေးအတွက် UPDJC အတွင်းရေးမှူးအဖွဲ့အစည်းအဝေး၌ နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**ယနေ့ — မာတိကာ**


လူလုပ်ကျွန်းပေါ် တရုတ်လေယာဉ် ဆင်းသက်ခဲ့မှု တောင်တရုတ်ပင်လယ်အရေး တင်းမာမှုမြင့်တက် စာ » ၄

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးတိုးတက်မှုအတွက် ဖော်ဆောင်ပေးမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးအစမ်းတွင်း ရွှေရည်ထွန်းအမှတ်(၁)၏ အောင်မြင်မှု စာ » ၆


## နာဂနှစ်သစ်ကူးပွဲတော် ဆင်သေမှ လဟယ်အထိ အခမဲ့ပို့ဆောင်ပေးမည်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-ဝင်းကျော်ဇံ

**ရန်ကုန်  ဇန်နဝါရီ  ၅**

ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပမည့် နာဂရိုးရာနှစ်သစ်ကူးပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြမည့် နာဂလူမျိုးများနှင့်အခြားမည်သူမဆို လွယ်ကူစွာ လာရောက်နိုင်ရေးအတွက် ပွဲတော်ရက်များအတွင်း ဆင်သေမှ လဟယ်အထိ ခရီးစဉ်ကို အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။

နာဂလူမျိုးများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်သည် ခန္တီး၊ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး လူမှုရေးပွဲတော်များအနက် နာဂလူမျိုးများအားလုံး ပျော်ရွှင်စွာတက်ရောက်သည့် အခမ်းအနားပွဲတော်တစ်ခုလည်း ဖြစ်သည်။

ကုန်လွန်ခဲ့သည့်နှစ်တစ်နှစ်၏ အတွေ့အကြုံများနှင့် ကြုံတွေ့ရသည့် *စာမျက်နှာ ၈ ကော်လံ ၁* ✻



ယမန်နှစ်က နာဂလူမျိုးများ၏ရိုးရာနှစ်သစ်ကူးပွဲတော်မြင်ကွင်း။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စုပေါင်းသွေးလှူ ကုသိုလ်ယူ

အလှူတကာ့အလှူတွင် မိမိ၏ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို တစ်ပါးသူတစ်ဦးတစ်ယောက်အား "ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟူသော စိတ်ကောင်းဆန္ဒဖြင့် လှူဒါန်းပေးသောအလှူထက် မည်သည့်အလှူမျှ အမြတ်ဆုံးဖြစ်လိမ့်မည်မဟုတ်ပေ။ မိမိ၏ အသက်ခန္ဓာနှင့် ရင်းနှီး၍ လှူဒါန်းပေးဆပ်ခြင်းသည်သာ အမြတ်ဆုံးအလှူဖြစ်ပါသည်။ ဤသို့ လှူဒါန်းခြင်းကို ဇီဝိတဒါနဟုလည်း ဆိုကြသည်။

ဇီဝိတဒါနအလှူအမျိုးမျိုးရှိရာတွင် မိမိ၏သွေးဖြင့် တစ်ပါးသူအား ကယ်တင်ပေးခြင်းသည် အမွန်မြတ်ဆုံးအလုပ်ဖြစ်သကဲ့သို့ အမြတ်ဆုံး အလှူဒါနလည်းဖြစ်ပေ၏။ သွေးလှူဒါန်းခြင်းကို လူတိုင်းလုပ်နိုင်ခဲ၏။ စိတ်ကောင်းစေတနာကောင်းရှိသူများ၊ ကျန်းမာ၍ ရောဂါဘယကင်းရှင်းသူများသာ လုပ်နိုင်၏။ သွေးလှူဒါန်းခြင်းသည် လူတိုင်းလုပ်နိုင်သည်ဟု ထင်ရသော်လည်း ပင်ကိုအားဖြင့် ကျန်းမာသန်စွမ်းသူ ဖြစ်ရပါမည်။ ရောဂါဘယကင်းရှင်းသူဖြစ်ရပါမည်။ သို့မှသာ မိမိ၏သွေးကောင်း သွေးသန့်ဖြင့် တစ်ပါးသူ၏အသက်တစ်ချောင်းကို ကယ်တင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း သွေးလှူရှင်များသည် စေတနာရှင်များ ဖြစ်ကြသည့်အားလျော်စွာ ပါရမီရင့်သန်သူများဖြစ်ရာ သွေးဖြင့်ပါရမီ ဖြည့်ဆည်းနေသူများလည်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကားလန်းစတိုင်းနားဆိုသူက လူတစ်ဦးနှင့်တစ်ဦး သွေးကူးပေးနိုင်သော သွေးအုပ်စုကြီး လေးခုတွေ့ရှိခဲ့ပြီးနောက် လူနာများအား သွေးသွင်းကုသခြင်းလုပ်ငန်းသည် တဖြည်းဖြည်း တိုးတက်အောင်မြင်လာခဲ့သည်ဟု ပညာရှင်တို့က ဆိုပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီကာလ ၁၉၃၅ ခုနှစ် မှစတင်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးသွင်းကုသခြင်းလုပ်ငန်းကို စတင်ခဲ့ကြောင်း သိရသည်။ ထိုစဉ်က သွေးများကို သွေးလှူရှင်များထံမှ အခကြေးငွေထောက်ပံ့ခြင်းဖြင့် စုဆောင်းခဲ့ရပြီး ၁၉၆၂ ခုနှစ်တွင်မှ သွေးများစေတနာအလျောက် လှူဒါန်းခဲ့ကြရာ ယနေ့ခေတ်တိုင်အောင်ပင်ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် သွေးလှူဒါန်းခြင်းကို တစ်ဦးတစ်ယောက်ချင်းသာမက အသင်းအဖွဲ့များအလိုက် သွေးလှူဘဏ်များသို့ သွားရောက်လှူဒါန်းနေကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ၊ ကြက်ခြေနီလူငယ်များ၊ ကုမ္ပဏီဝန်ထမ်းများ အစရှိသဖြင့် သွေးလှူဒါန်းခြင်းကို မကြာခဏပြုလုပ်လေ့ရှိပါသည်။

သွေးသွင်းလူနာများ တိုးပွားလာသည့်အလျောက် သွေးလိုအပ်ချက်သည်လည်း မြင့်မားလာလျက်ရှိပါသည်။ ဆေးရုံများ၏ သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လူတိုင်းတွင်တာဝန်ရှိပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မည်သူမဆို သွေးသွင်းကုသမှု မဖြစ်နိုင်ဟုမဆိုနိုင်ပါ။ လူသားအချင်းချင်း စာနာထောက်ထား ကိုယ်ချင်းစာတရားထားရှိကာ သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လှူဒါန်းသင့်ပေသည်။ သို့ဖြစ်၍ လူတိုင်းလူတိုင်း ကျန်းမာသန်စွမ်းနေချိန် အမြတ်ဆုံးဒါနကို လက်မလွှတ်ရလေအောင် ဒါနမျိုးစေ့စိုက်ထူလှူဒါန်းခြင်းဖြင့် တစ်ပါးသူ၏အသက်ကို ကယ်တင်ရာရောက်သည့်အတွက် သွေးလှူဒါန်းခြင်းကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သင့်ပေကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ဆု ချီးမြှင့်

**မော်လမြိုင် ဇန်နဝါရီ ၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပြည်နယ်ခန်းမ၌ ဇန်နဝါရီ ၄ ရက်က (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ဆုနှင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဂုဏ်ဆောင်ဆုရရှိသူများနှင့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး ပြည်နယ် ပညာရည်မြင့်မားရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ပညာရေးမှူး ဦးတင်အောင်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း**

ဇန်နဝါရီ ၄ ရက်က ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက်အုပ်စု ဦးကျေးရပ် ဘောလုံးအားကစားကွင်း၌ ရပ်ကွက်လူမှုရေးအသင်းမှအဖွဲ့ဝင်များ၊ မွန်မြတ်သူ လူမှုကူညီရေး အသင်းနှင့် ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ချောတိုင်တက်ပြိုင်ပွဲ ဆင်နွှဲနေစဉ်။

**မင်းမင်းလတ်**



# မင်းဘူးမြို့ ဈေးဝင်ပေါက်လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်းများ ကြပ်မတ်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

မင်းဘူးမြို့ မြို့မဈေးကြီးသည် အမှတ်(၃)နှင့် အမှတ်(၄)ရပ်ကွက်ထောင့်တွင် တည်ရှိပြီး အသားငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံဝယ်ယူရရှိနိုင်၍ ဒေသခံများအထူးအားထားရသော ဈေးကြီးဖြစ်သည်။

မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဈေးရောင်းဈေးဝယ်တို့ဖြင့် နံနက်တိုင်း စည်ကားလေ့ရှိသည်။

သို့ရာတွင် ဈေး၏ဝင်ပေါက် လမ်းမကြီးများတွင် စက်ဘီး၊ ဆိုင်ကယ်များထားခြင်း၊ ဆိုင်ခန်းများရှေ့တွင် ပိတ်၍ရပ်ခြင်း၊ ကုန်တင်ကုန်ချ ကားများနှင့် လူစီးကားများ ဘေးချင်းယှဉ်၍ ရပ်ခြင်းများနှင့် သုံးဘီးယာဉ်များ စည်းကမ်းမဲ့ အပြိုင်မောင်းနှင်မှုတို့ကြောင့် ယာဉ်အန္တရာယ်ကြီးမား၍ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

"ဒီလမ်းတွေက ဥပုသ်ထွက်နေ့၊ ဈေးအဖိတ်နေ့၊ ကျောင်းဖွင့်ရက်၊ ရုံးဖွင့်ရက်တွေဆိုရင် မနက်တိုင်းအသွားအလာရှုပ်ထွေးတယ်။ ယာဉ်အန္တရာယ်ကြောင့် ရုံးသွားရုံးပြန်ဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဈေးဝယ်သူတွေအတွက် စိုးရိမ်စရာကောင်းတယ်။ လူစည်းကားတဲ့နေရာဖြစ်လို့ နေ့စဉ် ယာဉ်ထိန်းတစ်ယောက်လောက်ရှိနေရင် စည်းကမ်းမဲ့ ယာဉ်ရပ်နားသူတွေကို ကြပ်မတ်ထိန်းသိမ်းနိုင်မှာပါ"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

မင်းဘူးမြို့မဈေးကြီးသည် ရွှေစက်တော်ဘုရားဖူး ခရီးသွားရာသီများတွင် ပြည်တွင်း ပြည်ပဘုရားဖူး ဧည့်သည်များလာရောက်ကြသည်။ ထို့ကြောင့် ဒေသခံ များနှင့် ပြည်တွင်း ပြည်ပခရီးသွားများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်ရပ်နားရန် သီးသန့်နေရာများ သတ်မှတ်ပေးပြီး စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်းများကို သက်ဆိုင်ရာက ထိန်းသိမ်းကြပ်မတ်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိသည်။

**ဖူးပွင့်နေခြည်(မကွေး)**

# လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြား

**ကျိုင်းတုံ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျိုင်းတုံမြို့၊ မြို့မအားကစားကွင်း၌ ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော ၂၀၁၆ ခုနှစ် (၆၈) မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ခိုင်ဇာ(ယောမြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၇၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံ ဒီမိုကရေစီစနစ်လျှောက်လှမ်းမှု အထောက်အကူပြုရန် အတွေ့အကြုံများဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E.Mr. Alcides G. R. Prates အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်လျှောက်လှမ်းမှုတွင် အထောက်အကူပြုနိုင်ရန် နှစ်နိုင်ငံအတွေ့အကြုံများဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းစသည်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များတွင် အရှိန်တိုးမြှင့်လုပ်ဆောင်ရေး၊ တပ်မတော်နှစ်ရပ်အကြား ဆေးပညာရပ်ဆိုင်ရာ၊ အားကစား၊ စိုက်ပျိုးရေးကဏ္ဍများနှင့်အခြားပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

## နန်းကြည့်ကုန်းပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားရှိသည့် လူနေအိမ်များ၊ ကာရံထားသည့်ဝင်းခြံများ ဖျက်သိမ်းပေးရန်ကြေညာ

ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက်အတွင်း တည်ရှိနေသည့် နန်းကြည့်ကုန်းနေရာသည် ရွှေစည်းခုံဘုရား၏ ဝတ္တကမြေဖြစ်သည့်အပြင် ကျန်စစ်သားမင်းကြီးလက်ထက် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဆက်လက်တည်ဆောက်ခဲ့စဉ် ယခုနန်းကြည့်ကုန်းနေရာတွင် ယာယီစံနန်းတော်တည်ဆောက်၍ ကြီးကြပ်စီမံတော်မူသည့် မြေနေရာဖြစ်ပါသည်။

သမိုင်းအရ တန်ဖိုးရှိသည့် ရှေးဟောင်းအမွေအနှစ်နေရာတစ်ခုဖြစ်ကာ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ မြေပေါ်မြေအောက်ကြွင်းကျန်တည်ရှိနေပါသဖြင့် ၁၉၉၀ ပြည့်နှစ်ခန့်ကစတင်၍ မိမိဌာနမှ တားမြစ်ထိန်းသိမ်းမှုပြုလာခဲ့သည့် ရှေးဟောင်းသုတေသနဆိုင်ရာနေရာတစ်ခု ဖြစ်ပါသည်။

အဆိုပါနေရာသည် သမိုင်းတန်ဖိုး၊ ရှေးဟောင်းသုတေသနဆိုင်ရာ တန်ဖိုးကြီးမားမှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဇုန်သတ်မှတ်ချက်တွင် ကာကွယ်ထိန်းသိမ်းရေးအတွက် အဓိကအကျဆုံးဖြစ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်(Ancient Monumental Zone)အတွင်းတွင် တည်ရှိပါသည်။

ယခုအခါတွင် နန်းကြည့်ကုန်းနေရာ၌ လူနေအိမ်အဆောက်အအုံများ၊ ဝင်းခြံများကျူးကျော်ဆောက်လုပ်နေခြင်းကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက စိစစ်တွေ့ရှိရပါသည်။

ထိုသို့ ဆောက်လုပ်နေထိုင်လာခဲ့ကြခြင်းနှင့်အတူ မြေနေရာများကို ရောင်းဝယ်ယူမှုများရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုနေရာသည် အဆောက်အအုံ ဆောက်လုပ်ရန်ခွင့်ပြုနိုင်သည့် မြေနေရာမဟုတ်သဖြင့် ရောင်းမှား၊ ဝယ်မှားပြုလုပ်ပါက ပြည်သူများ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်လာနိုင်ပါသည်။ သမိုင်းဝင်နေရာတစ်ခုမှာ ယခုအခါ ပျောက်ကွယ်လုအခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

နန်းကြည့်ကုန်းပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားရှိသည့် လူနေအိမ်များ၊ ကာရံထားသည့်ဝင်းခြံများကို ကြေညာသည့်နေ့မှစ၍ (၉)ရက်အတွင်း ဖျက်သိမ်းပေးရန်နှင့် ဖျက်သိမ်းခြင်းမပြုပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**



(၆၈) ကြိမ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သုံးခွမြို့ မော်ဝန်းမာလာ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက ဖတ်ကြားစဉ်။ (၀၂၈)

## ဟားခါး၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

**ဟားခါး ဇန်နဝါရီ ၅**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံကို အလံကိုင်တပ်ဖွဲ့က လွှင့်တင်ပေးပြီး တက်ရောက်လာကြသည့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အကြီးအကဲများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနေ့၌ တတိယအကြိမ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အလွတ်တန်း(တစ်ဦးချင်း) စစ်တုရင်ပြိုင်ပွဲနှင့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် စကားရည်လုပြိုင်ပွဲများတွင် ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝါဝါနှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာပေါင်း ၄၄၅၀ တွင် အကောင်အထည်ဖော်

**နေပြည်တော် ဇန်နဝါရီ ၅**

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင်များနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ကျေးရွာပေါင်း ၄၄၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အချိန်တိုကာလအတွင်း အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်နေရပြီဖြစ်ပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည့် စိမ်းလန်းအမိမြေအဖွဲ့နှင့် Social Policy & Poverty Research Group (SPPRG) တို့ ပူးပေါင်းဖွင့်လှစ်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆန်းစစ်အကဲဖြတ်မှု စစ်တမ်းကောက်ယူရေး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အောင်မြင်မှု၊ အားသာချက်၊ အားနည်းချက်များကို အခြားကျေးရွာများနှင့် နှိုင်းယှဉ်၍ လေ့လာ ဆန်းစစ်အကဲဖြတ်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ စီမံကိန်းဝင်ကျေးရွာ ၉၀၈ ရွာနှင့် စီမံကိန်းမဟုတ်သောကျေးရွာ ၉၅ ရွာ စုစုပေါင်းကျေးရွာ ၁၀၀၃ ရွာမှ အိမ်ထောင်စုပေါင်း ၁၀၀၃၀ ကို စစ်တမ်းကောက်ယူသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိမ်းလန်းအမိမြေအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဝင်းမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်အကဲဖြတ် စစ်တမ်းကောက်ယူမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်တမ်းကောက်ယူမှုဆိုင်ရာ သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား/ သူ ဝန်ထမ်း ၁၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည် ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသော အရာထမ်းလုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)သို့ ရောက်ရှိ၍ သင်တန်းသား/ သူ အရာထမ်းဝန်ထမ်းများအား တွေ့ဆုံသည်။

အဆိုပါ အရာထမ်းလုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)သို့ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အရာထမ်းဝန်ထမ်း ၃၀ တက်ရောက်ကြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြများဖြင့် ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများအား သင်တန်းကာလ နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပျဉ်းမနားမြို့နယ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၅**

ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်း၌ ကျင်းပသည်။




အခမ်းအနားတွင် ပျဉ်းမနားခုတင်၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာဒေါ်အေးအေးမာက ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ အမှတ်ပေးစည်းကမ်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး အသက် တစ်နှစ်မှ တစ်နှစ်ခွဲအထိ ကလေးများ၊ မွေးစမှ အသက်ခြောက်လအထိ ကလေးများ၊ အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးများကိုလည်းကောင်း၊ စံပြမိခင်ဆု၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ၊ အမွှာကလေးများကို လည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူး (၁) ဒေါက်တာ ဂျူဂျူစန်း၊ နေပြည်တော်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာ လှလှကြည်၊ နေပြည်တော် ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့် အဖွဲ့ဝင်များ၊ ကလေးအထူးကုဆရာဝန်နှင့် သားဖွားမီးယပ်ဆရာဝန်၊ သူနာပြုဆရာမကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လူလုပ်ကျွန်းပေါ် တရုတ်လေယာဉ်ဆင်းသက်ခဲ့မှု တောင်တရုတ်ပင်လယ်အရေး တင်းမာမှုမြင့်တက်

**ဟောင်ကောင် ဇန်နဝါရီ ၅**

တရုတ်နိုင်ငံကတောင်တရုတ်ပင်လယ်အတွင်းလူလုပ်ကျွန်းတုပေါ် ပထမဆုံးသောလေယာဉ်ဆင်းသက်မှုကြောင့်နိုင်ငံတကာနှင့် လေ့လာသုံးသပ်သူများ၏ ဝေဖန်ပြောဆိုမှုမှာအရှိန်မြင့်တက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏အငြင်းပွားရေပိုင်နက်အတွင်းစစ်အင်အားတိုးချဲ့လာမှုသည် ပေကျင်းအနေဖြင့် လေကြောင်းကာကွယ်ရေးကို ပိုမိုထိန်းချုပ်နိုင်သော်လည်း အမေရိကန်အပါအဝင် ရေပိုင်နက်နယ်နိမိတ်ထိစပ်နေသောအာရှနိုင်ငံများနှင့် အငြင်းပွားမှုအရှိန်မြင့်တက်လာကြောင်း ဝေဖန်သူများက ပြောသည်။

ပေကျင်းက ပထမဆုံးအကြိမ် လေယာဉ်ပြေးလမ်းအဖြစ် အသုံးပြုသည့် တောင်တရုတ်ပင်လယ်အတွင်းလူလုပ်ကျွန်းတု၌ အရပ်ဘက်လေယာဉ်တစ်စင်းစမ်းသပ်ဆင်းသက်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးရုံးမှတာဝန်ရှိသူများက စနေနေ့တွင် အတည်ပြုပြောကြားသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် အဆိုပါကိစ္စကို သံတမန်နည်းလမ်းအရ ကန့်ကွက်ခဲ့သလို ဖိလစ်ပိုင်နိုင်ငံကလည်း အလားတူပြုလုပ်ရန် စီစဉ်နေကြောင်း နိုင်ငံခြားရေးရုံးမှပြောရေးဆိုခွင့်ရှိသူ ချာလီဂျိုးက ပြောသည်။

"တရုတ်နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်ကို ထိန်းချုပ်တယ်ဆိုတာ စိုးရိမ်စရာပါ။ ဒီကိစ္စက လွတ်လပ်စွာရေကြောင်း သွားလာမှုကိုထိခိုက်နိုင်ပါတယ်" ဟု ဂျို့စ်က ရိုက်တာသို့ပြောသည်။ တရုတ်နိုင်ငံက အဆိုပါလေယာဉ်ဆင်းသက်မှုသည် တင်းမာမှုကိုမြင့်တက်စေနိုင်သည့်အပြင် ဒေသတွင်းတည်ငြိမ်မှုကိုပါ ခြိမ်းခြောက်နိုင်ကြောင်း ဝါရှင်တန်ရှိနိုင်ငံခြားရေးရုံးပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘိုင်က ပြောသည်။




အိုဘားမားအစိုးရအနေဖြင့် တရုတ်လုပ် အဆိုပါကျွန်းတုမှ ရေမိုင် ၁၂ မိုင်အကွာ နောက်ထပ်လွတ်လပ်စွာ ကင်းလှည့်ရေးမှာ နှေးကွေးနေကြောင်း ဆီးနိတ်အမတ် ဂျွန်မက်ကိန်းက ဝေဖန်ပြောဆိုလိုက်သည်။ တရုတ်နိုင်ငံသည်လွန်ခဲ့သော တစ်နှစ်ကျော်က အဆိုပါကျွန်းတုပေါ်တွင် လေယာဉ်ပြေးလမ်းများထည့်သွင်းတည်ဆောက်ခဲ့သည်။ မီတာ ၃၀၀၀ (ပေ ၁၀၀၀၀) ရှိ အဆိုပါ လေယာဉ်ပြေးလမ်းသည် တရုတ်နိုင်ငံက တည်ဆောက်ခဲ့သည့်ကျွန်းတုပေါ်တွင် သုံးခုအနက်တစ်ခုဖြစ်သည်။

(ရိုက်တာ)

# ဘတ်စ်ကားမီးလောင်မှုကြောင့် သေဆုံးသူ ၁၇ ဦးထိရှိလာ ၃၂ ဦးဒဏ်ရာရ




**ရင်ချွမ် ဇန်နဝါရီ ၅**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်းရှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အင်္ဂါနေ့က ဘတ်စ်ကားတစ်စီးကို မီးရှို့မှုကြောင့် ၃၂ ဦး ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူ ၁၇ ဦးထိရှိလာပြီဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

အဆိုပါ ကားမီးလောင်မှုမှာ နံနက် ၇ နာရီ ၈ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး ပရိဘောဂဆိုင်တစ်ဆိုင်၏ ရှေ့တွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများအနက် ရှစ်ဦးမှာဆိုးရွားစွာ မီးလောင်ကျွမ်းခြင်းခံရပြီး ကျန်လူများမှာ မီးလောင်ကျွမ်းမှု ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကြသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာပြင်းထန်သူ ခုနစ်ဦးကို အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။

ဒဏ်ရာရရှိသူများ၏ ဆွေမျိုးများသည် အင်္ဂါနေ့မွန်းလွဲပိုင်းတွင် ဆေးရုံ၌ စောင့်ဆိုင်းနေကြသည်။

အသက် ၂၆ နှစ် အရွယ်ရှိ ဒဏ်ရာရရှိသူတစ်ဦးက "ကျွန်တော်က ဘတ်စ်ကားရဲ့ ရှေ့ပိုင်းမှာ ထိုင်နေတာပါ။ လူတွေကမီး မီးလို့ ကြောက်လန့်တကြား အော်လို့ နောက်လှည့် ကြည့်လိုက်တော့ မီးတောက်ကြီးက လျှင်လျှင်မြန်မြန် လောင်ကျွမ်းနေတာ တွေ့ရတယ်။ ကျွန်တော် သတိထားမိတဲ့အချိန်မှာပဲ ကျွန်တော့်ဖိနပ်ကို မီးလောင်သွားတာပါပဲ" ဟု ၎င်းက ဆင်ဟွာသို့ ပြောသည်။

"မီးလောင်နေတာကို ဗီဒီယိုရိုက်မလို့ပဲ။ ဒါပေမယ့် မီးတောက်က အလွန်ကြီးလို့ ကားမပေါက်ကွဲမီ ကားပေါ်က ဆင်းပြေးခဲ့ရတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဘတ်စ်ကားမီးရှို့သူဟု သံသယရှိသူ မာယွမ်ပင်ကို နင်းရှာရဲဌာနမှ စုံစမ်း ရှာဖွေလျက်ရှိသည်။ ၎င်းသည် ကားသုံးစီးပိုင်ဆိုင်ပြီး ရဲများက ၎င်း၏ ကားနံပါတ်များကိုကြေညာပြီး တွေ့ရှိပါက အကြောင်းကြားရန် ပြည်သူများကို သတိပေးမှုများပြုလုပ်ထားသည်။

ဘတ်စ်ကားမှာ ခရီးသည် ၈၄ ဦးဆံ့ကားဖြစ်ပြီး မီးလောင်ကျွမ်းချိန်၌ ကားပေါ်တွင် ခရီးသည် ၄၀ စီးနင်းလိုက်ပါလျက်ရှိကြောင်း ရဲဌာနမှ သိရသည်။

(ဆင်ဟွာ)

# အမေရိကန် ကန်းထရီးအဆိုတော် ခရိတ်(ချ်) စတစ်ခ်လန်း သေဆုံး

**ပေကျင်း ဇန်နဝါရီ ၅**

အသက် ၂၄ နှစ်အရွယ်ရှိ အမေရိကန် ကန်းထရီးအဆိုတော် ခရိတ်(ချ်) စတစ်ခ်လန်းသည် တစ်ပတ်ကြာပျောက်ဆုံးခဲ့ပြီး ယခုအခါ၎င်း၏အလောင်းကိုတွေ့ရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ပြောသည်။

စတစ်ခ်လန်းနှင့် ၎င်း၏သူငယ်ချင်းဖြစ်သူ ချေ့(စ်)မိုလန်တို့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဘဲပစ်ထွက်ခဲ့ကြသည်။ ထို့နောက် တစ်ရက်အကြာတွင် အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ်ရှိ ကောရေကန်၌ မုန်တိုင်းကျရောက်စဉ် ပျောက်ဆုံးခဲ့သည်။ ၎င်းကိုရှာဖွေမှုများပြုလုပ်နေစဉ် ၎င်း၏အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘလက်ရှဒ်အန်သမ်အဖွဲ့၏အဓိက အဆိုတော်တစ်ဦးဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# အာဖဂန်ကောင်စစ်ဝန်ရုံးများအနီး ပေါက်ကွဲမှုဖြစ်

**ဂျာလာလာဘတ် ဇန်နဝါရီ ၅**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂျာလာလာဘတ်မြို့ရှိ အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန်ကောင်စစ်ဝန်ရုံးများအနီးတွင် အင်္ဂါနေ့က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

"ဒီပေါက်ကွဲမှုကြောင့် အသေအပျောက်တော့မရှိပါဘူး" ဟု အတူလာကွန်ဂျာနီက ပြောသည်။ ယင်းတိုက်ခိုက်မှုသည် တနင်္ဂနွေနေ့က ဘောဇာအီရှာရစ် မြို့ မြောက်ပိုင်း အိန္ဒိယကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရပြီးနောက်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အားပစ်မှတ်ထား တိုက်ခိုက်သည်ကို မသိသေးသလို မည်သူမည်ဝါ၏လက်ချက်ဖြစ်သည်ကိုလည်း မသိရသေးဟု ဆိုသည်။

(ရိုက်တာ)

# ဆီးရီးယားနှင့် အီရတ်တို့တွင် အိုင်အက်စ်တို့ ခြေကုပ်နေရာများ ကျဉ်းမြောင်းလာ

**ဘဂ္ဂဒက် ဇန်နဝါရီ ၅**

နိုင်ငံတကာအိုင်အက်စ်စစ်သွေးကြွ တိုက်ဖျက်နှိမ်နင်းရေးအဖွဲ့များက အိုင်အက်စ်အကြမ်းဖက်သမားများကို မြို့တော်များမှ တိုက်ထုတ်နှိမ်နင်းလျက်ရှိသောကြောင့် ၂၀၁၅ ခုနှစ်တွင် အီရတ်နိုင်ငံ၌ အိုင်အက်စ်တို့ ခြေကုပ်ယူထားသော နယ်မြေမှာ ၄၀ ရာခိုင်နှုန်းအထိ ကျုံ့လာပြီး ဆီးရီးယားတွင် ၂၀ ရာခိုင်နှုန်းအထိ ကျုံ့လာကြောင်း အမေရိကန်ဦးဆောင်သော အိုင်အက်စ်နှိမ်နင်းရေးတပ်ဖွဲ့များက ဇန်နဝါရီ ၅ ရက်က ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့၏ ပြောကြားချက်ကို အိုင်အက်စ်အဖွဲ့မှ မည်သည့်မှတ်ချက်မှ မပြုခဲ့ပေ။ ဗြိတိန်၊ ပြင်သစ်နှင့် ဂျော်ဒန်နိုင်ငံတို့အပါအဝင် အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့က အိုင်အက်စ် ခြေကုပ်ယူထားသောနေရာများကို ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

"အီရတ်မှာ အိုင်အက်စ်တို့ခြေကုပ်ယူတဲ့နေရာပိုကျဉ်းလာပါတယ်။ ၄၀ ရာခိုင်နှုန်းလောက်ထိ ကျုံ့လာကြောင်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဆီးရီးယားမှာ အိုင်အက်စ်တို့ ခြေကုပ်ယူထားတဲ့နေရာမှာ ၂၀ ရာခိုင်နှုန်းလောက်ထိ ကျဉ်းမြောင်းလာပါတယ်" ဟု အမေရိကန်တပ်မတော်မှ ဗိုလ်မှူး စတိဗ်ဝါရန်က ဘဂ္ဂဒက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

တစ်ချိန်က ၎င်းတို့ခြေကုပ်ယူထားသော နေရာများ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့်အထိ လျော့နည်းလာပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်က အိုင်အက်စ်စစ်သွေးကြွများသည် မိုဆူလ်အပါအဝင် ဘဂ္ဂဒက်ထိ အီရတ်နိုင်ငံ၏ သုံးပုံပုံ တစ်ပုံလောက်ထိ သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။ အမေရိကန်မဟာမိတ်တပ်များ၏ ထောက်ပံ့ကူညီမှုဖြင့် အီရတ်နှင့် ကာဒစ်တပ်ဖွဲ့များက တန်ပြန်အကြမ်းဖက်စစ်ဆင်မှုများကို ဆင်နွှဲလျက်ရှိပြီး အီရန်ထောက်ခံ ရှီးယိုက်ပြည်သူ့စစ်ကလည်း အိုင်အက်စ်စစ်သွေးကြွများကို မြို့အနှံ့မှ မောင်းထုတ်လျက်ရှိကြောင်း သိရသည်။

(ရိုက်တာ)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို
ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ
( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)
၁၃၇၇ ခုနှစ် လ ရက်
( ၂၀၁၆ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏ သက်တမ်းသည် သုံးကြိမ်ထက်မပိုစေရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်တမ်းသစ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။"

## အချိန်အခါရာသီမဟုတ် မိုးသီးများ ရွာသွန်း

**လောက်ကိုင် ဇန်နဝါရီ ၅**

လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်၌ ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်မှ ၆ နာရီခွဲအထိ အချိန်အခါရာသီမဟုတ် ထူးထူးခြားခြား မိုးသီးများရွာသွန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ပြည်သူများခရီးသွားလာနေချိန် ညနေပိုင်းမှစ၍ လေများတိုက်ခတ်ပြီးနောက်တွင် မိုးများအကြီးအကျယ် ရွာသွန်းခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မိုးရွာသွန်းချခြင်းမဟုတ်ဘဲ မိုးသီးများ များပြားစွာရွာသွန်းချကာ ညနေ ၆ နာရီခွဲထိ တစ်နာရီနီးပါးကြာအောင် ရွာသွန်းခဲ့သည်။ မိုးသီးများရွာသွန်းမှုမှာ ချိုင့်ခွက်ရှိသော နေရာများနှင့် အဆောက်အအုံ ဝရန်တာမြောင်းများ နေရာတွင် မိုးသီးများအထူ နှစ်လက်မခန့်၊ မြေကြီးပေါ်သို့ လက်မဝက်ခန့်အထူရှိအောင် ရွာသွန်းခဲ့ပြီး လူနှင့်လမ်းတံတား အဆောက်အအုံများပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ဘဉီး(ပြန်/ဆက်)**



## ယုဇနပလာဇာဈေးရှိ ရွှေဆိုင်များလုံခြုံရေး ရဲတပ်ဖွဲ့နှင့် ရွှေဆိုင်ပိုင်ရှင်များတွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးရုံးခန်း၌ ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် ရွှေဆိုင်ပိုင်ရှင်များနှင့် နယ်မြေလုံခြုံရေး တာဝန်ရှိသူများတွေ့ဆုံ၍ ရွှေဆိုင်များ၏ လက်ရှိလုံခြုံရေးဆောင်ရွက်နေမှု အခြေအနေ၊ ရဲတပ်ဖွဲ့မှ ဆောင်ရွက်ထားရှိမှု၊ ထပ်မံဆောင်ရွက်ပေးရန် အကြံပြုချက်များနှင့်ပတ်သက်၍ ရဲမှူးသိန်းအောင်က ဈေးလုံခြုံရေးကော်မတီများ၊ ရွှေဆိုင်လုပ်ငန်းရှင်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ချ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်ကျန်းမာပျော်ရွှင်စေရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူပြည်သားများသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ရှေ့လာမည့်နှစ်များအတွင်း ဆက်လက်တိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါသည်ဟု ဖော်ပြထားပါသည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏(၆၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အားလည်းကောင်း၊ အဆွေတော်မှတစ်ဆင့် မြန်မာပြည်သူများအားလည်းကောင်း၊ တရုတ်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံတွင်နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားရှိနိုင်ခဲ့ခြင်း၊ ရွေးကောက်ပွဲအားအဆင်ပြေချောမွေ့စွာကျင်းပနိုင်ခဲ့ခြင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များ အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိခဲ့ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသင့်တင့်မျှတစွာ မြန်ဆန်မှုရှိခြင်း၊ ပြည်သူများ၏ လူနေမှုဘဝတောက်လျှောက် ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့ခြင်းကို တွေ့မြင်ရသဖြင့် မိမိတို့အနေဖြင့် ဝမ်းမြောက်မိပါသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြားတည်ရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများဆက်ဆံရေးသည် အစဉ်မပြတ်နှင့် နက်နက်ရှိုင်းရှိုင်းတိုးတက်မှုများရရှိခဲ့ပါသည်။ နှစ်နိုင်ငံလက်တွဲ ကြိုးပမ်းဆောင်ရွက်မှုအောက်တွင် တရုတ်-မြန်မာ ဆက်ဆံရေးသည် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်လာကာ နှစ်နိုင်ငံအကျိုးစီးပွားသာမက လူမျိုးနှစ်မျိုး၏ ကောင်းကျိုးချမ်းသာကို ပိုမိုဆောင်ကြဉ်းပေးနိုင်မည်ဟု အခိုင်အမာယုံကြည်မိပါသည်ဟု ဖော်ပြထားပါသည်။

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် လီခချန်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်အနေဖြင့်လည်းကောင်း အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရအား နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း အဆွေတော်ဦးဆောင်သည့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့ပြီး မြန်မာပြည်သူလူထု၏ အကျိုးစီးပွားအတွက် အထွေထွေရွေးကောက်ပွဲကို သတ်မှတ်ထားသည့်အတိုင်း ချောမွေ့စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များတွင် အောင်မြင်မှုအသစ်များရရှိခဲ့ပါသည်။ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာစေရေးနှင့် မြန်မာ-တရုတ်ဆက်ဆံရေးတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအတွက် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ လက်တွဲကြိုးပမ်းသွားလိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကြွယ်ဝချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြထားပါသည်။

### စင်ကာပူသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ တိုနီတန်ကင်ယမ်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ၏ ပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က အထွေထွေရွေးကောက်ပွဲများအား ငြိမ်းချမ်းအောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြင့် ထင်ရှားသောသမိုင်းမှတ်တိုင်တစ်ခုကို ထပ်မံကျော်ဖြတ်နိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း၌ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၅၀)ပြည့် အထိမ်းအမှတ်ကို ဆင်နွှဲကြမည်ဖြစ်ပါသည်။ အဆွေတော်၏လမ်းညွှန်စီမံမှုအောက်မှ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး အခြေခံအုတ်မြစ်တို့သည် ရှေ့လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာမည်ကို ကျွန်ုပ်အနေဖြင့် စောင့်ကြိုလျက်ရှိပါသည်ဟု ဖော်ပြထားပါသည်။

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ စင်ကာပူသမ္မတနိုင်ငံအစိုးရကိုယ်စား ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင်မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးတွင် အကူအညီများပေးအပ်သွားရန် ဆက်လက်ကတိပြုလျက် စင်ကာပူ-မြန်မာ နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အား ၂၀၁၈ ခုနှစ်အထိ နောက်ထပ်သုံးနှစ်တာကာလအထိ ထပ်မံတိုးမြှင့်ခဲ့ပါသည်။ စင်ကာပူ-မြန်မာ အသက်မွေးပညာသင်ကျောင်းတွင်လည်း သင်တန်းများစတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ပထမအသုတ်သင်တန်းသားများအား အောင်လက်မှတ်များ ချီးမြှင့်နိုင်မည်ဖြစ်ကြောင်း ကြားသိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။

၂၀၁၆ ခုနှစ်သည် ကျွန်ုပ်တို့နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခါသမယဖြစ်ပါသည်။ ကျွန်ုပ်တို့၏ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်လာစေမည့် အခွင့်အလမ်းသစ်များအား ရှာဖွေဖော်ထုတ်သွားရန် စောင့်ကြိုလျက်ရှိပါသည်ဟု ဖော်ပြထားပါသည်။

### ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျုံးသန်စန်းနှင့် ဝန်ကြီးချုပ် ငုယင်တန်ဇွန်းတို့က ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိတို့အနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့လည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ်တွင်လည်း ဗီယက်နမ်နိုင်ငံ အနေဖြင့် ချီးကျူးဂုဏ်ပြုအပ်ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း၌ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၄၀) ပြည့် (၁၉၇၅-၂၀၁၅) အထိမ်းအမှတ်ကို နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်ကြီးများ၏ ချစ်ကြည်ရေးခရီးစဉ်များ၊ အပြန်အလှန်ခရီးစဉ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတို့ကို အကျိုးရှိရှိအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းများ အပါအဝင် နှစ်(၄၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတို့ကိုလည်း အစဉ်အလာအတိုင်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ကောင်းမွန်သောဆက်ဆံရေးသည် ကျွန်ုပ်တို့နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့၏ ဘုံမျှော်မှန်းချက်များ၊ ကြိုးပမ်းအားထုတ်မှုများနှင့်အတူ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဆက်လက်တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် ခိုင်မာစွာယုံကြည်ပါသည်ဟု ဖော်ပြထားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးတိုးတက်မှုအတွက် ဖော်ဆောင်ပေးမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး အစမ်းတွင်းရှေ့ရည်ထွန်းအမှတ်(၁)၏ အောင်မြင်မှု

ဦးစိန်လှိုင်(ဘူမိ)၊ ဓာတ်ပုံ(စွမ်းအင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-6 ၏ ရေနက်ပိုင်း (Ultra Deepwater) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး အစမ်းတွင်းဖြစ်သော ရှေ့ရည်ထွန်းတွင်း အမှတ်-၁ ကို Saung-W Prospect ဟုခေါ်တွင်သောနေရာတွင် Transocean's Deepwater Millennium Drillship တွင်းတူးစက်ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် စတင်တူးဖော်ခဲ့ပါသည်။ အဆိုပါ အစမ်းတွင်းကို ပင်လယ်ရေအနက်ပေ ၆၆၇၀ (၂၀၃၀ မီတာ)ခန့်တွင် တွင်းအနက် ၁၇၄၀၈ ပေ (၅၃၀၆ မီတာ)အထိ တူးဖော်ခဲ့ပြီး သဘာဝဓာတ်ငွေ့ကော်လံ ၄၂၃ ပေခန့်ရှိသည့် သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောကြီးကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ နောက်ဆုံးတိုင်းတာရရှိထားသော အချက်အလက်များ (Pressure & Sampling Results) အရ အဆိုပါ ၄၂၃ ပေရှိသော သဘာဝဓာတ်ငွေ့ ကော်လံတွင် သဲကြောသုံးကြောပါဝင်ပြီး ယင်း၏ Net Pay မှာ အနည်းဆုံးပေ ၅၀ (၁၅ မီတာ) ခန့်ရှိပါသည်။ ယင်းရှာဖွေတွေ့ရှိမှုသည် မြန်မာ့ကမ်းလွန် ရေနက်ပိုင်းသမိုင်းတစ်လျှောက်တွင် ပထမဆုံးကြီးမားသည့်ရှာဖွေတွေ့ရှိမှု (Major Discovery) ဖြစ်ပါသည်။

လုပ်ကွက် A-6 ၏ Operator ဖြစ်သူ MPRL E&P Pte., Ltd. သည် မြန်မာအမျိုးသားများဦးစီး၍ မြန်မာဘူမိဗေဒပညာရှင်နှင့် ရေနံအင်ဂျင်နီယာများဖြင့် ရေနံရှာဖွေရေးနှင့်ထုတ်လုပ်ရေး (Exploration & Production) လုပ်ငန်းကို လွှန်ခဲ့သော ၁၇ နှစ် ၁၉၉၈ ခုနှစ် မှစ၍ မန်းရေနံမြေအထွက်တိုးရေးအတွက် PCC စာချုပ်ဖြင့် MOGE နှင့်တွဲဖက်ဆောင်ရွက်ခဲ့ပြီး မြန်မာ့ပင်လယ်ပြင် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-6 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို ၂၀၀၇ ခုနှစ်မှစ၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပါသည်။

MPRL E&P သည်လုပ်ကွက်အမှတ် A-6 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများဖြစ်သည့် 2D ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ 3D ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ ရေတိမ်ပိုင်းတွင်လည်းကောင်း အသီးသီးတိုင်းတာရယူခဲ့ပါသည်။ ထိုတိုင်းတာရရှိသောအချက်အလက်များအရ MPRL E&P သည် အဆိုပါ Saung Prospect ကို ၂၀၁၀ ပြည့်နှစ်မှ စတင်တွေ့ရှိ Mapping ပြုလုပ်နိုင်ခဲ့ပြီး၊ ရေနက်ပိုင်း၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်ဖွယ်နေရာ-၁ (Deepwater Lead-1) အဖြစ်သတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် ပင်လယ် ရေနက်ပိုင်းအတွင်း ရှာဖွေလေ့လာရေး အစမ်းတွင်း (Ultra Deepwater Well) တူးဖော်စမ်းသပ်နိုင်ရန်မှာ အဆင့်မြင့်နည်းပညာနှင့် အရင်းအနှီးများစွာလိုအပ်သဖြင့် MPRL E&P အနေဖြင့် ရေတိမ်ပိုင်း (Shallow Water) တွင် ပိုမိုအာရုံစိုက် လေ့လာရှာဖွေခဲ့ပါသည်။ ရခိုင်ကမ်းလွန်ဒေသ၏ ဘူမိဗေဒဆိုင်ရာအချက်အလက်များကို ပိုမိုသိရှိနားလည်စေရန်နှင့်မြန်မာနိုင်ငံ မှတ်သုံရာသီကာလ အတားအဆီးများကြောင့် စူးစမ်းလေ့လာမှုများကို အချိန်တိုးမြှင့် (Work Program Time Extension) ရယူ၍ လေ့လာခဲ့ရပါသည်။ လေ့လာတွေ့ရှိရသော ဘူမိဗေဒအချက်အလက်များအရ MPRL E&P အနေဖြင့် လုပ်ကွက် A-6 တွင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ၌ အစမ်းတွင်း Pyi Thar-1 နှင့် Pyi Thar -1 ST တို့ကို ရာနှုန်းပြည့် (၁၀၀ ရာခိုင်နှုန်း) စွန့်စားရင်းနှီး၍ တူးဖော်ခဲ့ပြီး ပြည်သာတွင်း (Pyi Thar-1 ST) မှာ ရခိုင်ကမ်းလွန်တောင်ပိုင်းတွင် Hydrocarbon Discovery တွေ့ရှိကြောင်း ကြေညာနိုင်ခဲ့သည့်အပြင် အဆိုပါ အစမ်းတွင်းများကို လုပ်ငန်းခွင်နှင့် သဘာဝပတ်ဝန်းကျင် အန္တရာယ်ထိခိုက်စေမှုမရှိစေဘဲ သတ်မှတ်ထားသောအချိန်ထက် ၁၇ ရက်စော၍ချောမောအောင်မြင်စွာ တူးဖော်နိုင်ခဲ့ကာ တွင်းတူးကုန်ကျစရိတ်ကိုလည်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄ ဒသမ ၇ သန်းမျှသာ သုံးစွဲခဲ့ပါသည်။

Pyi-Thar အစမ်းတွင်း၏အောင်မြင်မှုမှာ နိုင်ငံတော်အတွက် ကြီးမားသောအကျိုးကို ဖြစ်စေခဲ့ပါသည်။ ဤစူးစမ်းလေ့လာမှုများကို ဆောင်ရွက်နိုင်ရန် လုံလောက်သောအချိန်တိုးမြှင့် (Work Program Time Extension) ကို MPRL E&P မှ တောင်းဆိုခဲ့သည့်အတိုင်း စွမ်းအင်ဝန်ကြီးဌာနနှင့် MOGE တို့မှ လုပ်ငန်းသဘောကို နားလည် သဘောပေါက်စွာဖြင့် ခွင့်ပြုပေးခဲ့ခြင်းသည်လည်း Block A-6 အောင်မြင်မှု၏ အဓိကကျသော အကြောင်း တစ်ခုဖြစ်ပါသည်။

မူလကရခိုင်ကမ်းလွန်ဒေသတွင် ယခင်တွင်းတူးရလဒ်များနှင့် Daewoo ၏ ရွှေသဘာဝဓာတ်ငွေ့လုပ်ကွက်၏မြေ၊ ဘူမိအနေအထားတို့အရ အဓိကအနည်ပို့ချမှု သည် ရခိုင်ကမ်းလွန်အနောက်မြောက်ပိုင်း (Bengal Fan System) မှလာသည်ဟု ယူဆခဲ့ကြပြီး၊ ရခိုင်ကမ်းလွန်တောင်ပိုင်းလုပ်ကွက် A-5 နှင့် A-7 တို့တွင် ဆောင်ရွက်ခဲ့သည့် ရှာဖွေရေးအစမ်းတွင်းများ၏ရလဒ်များမှာ အားရကျေနပ်ဖွယ် မကောင်းခြင်းကြောင့် ရခိုင်ကမ်းလွန်တောင်ပိုင်းလုပ်ကွက်များကို နိုင်ငံတကာ ရေနံကုမ္ပဏီများ အနေဖြင့် စိတ်ဝင်စားမှုနည်းပါးခဲ့ကြပါသည်။ သို့ရာတွင် MPRL E&P၏ Pyi-Thar အစမ်းတွင်းများ၏အောင်မြင်မှုများကြောင့် ရခိုင်ကမ်းလွန်တောင်ဘက်ပိုင်းတွင်လည်း အရှေ့မြောက်ဘက်မှ အနောက်တောင်ဘက်သို့ အဓိကအနည်ပို့ချနိုင်မှု သီးခြား (Southern Rakhine Depositional System)ရှိကြောင်း သက်သေပြနိုင်ခဲ့ပါသည်။

အဆိုပါအကျိုးဆက်ကြောင့်လည်း ၂၀၁၃ ခုနှစ် Offshore Bidding Round တွင် British Gas, Woodside, Shell, Chevron ကဲ့သို့သော နိုင်ငံတကာ၏ ထိပ်တန်းရေနံကုမ္ပဏီကြီးများမှ Signature Bonus များမြောက်မြားစွာပေးကာ ရခိုင်ကမ်းလွန်ဒေသတွင် ရေနံရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အဆိုပြုလွှာများ အပြိုင်အဆိုင်တင်ပြ၍၊ စိတ်ပါဝင်စားစွာ ချဉ်းကပ်ဝင်ရောက်လာမှုနှင့်အတူ ယခင်က မမျှော်မှန်းခဲ့ဖူးသော ကုန်ကျစရိတ်လွန်စွာကြီးမားပြီး၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အဆင့်မြင့်အတတ်ပညာ လိုအပ်သော ကမ်းလွန်ပင်လယ် ရေနက်ပိုင်း (Deepwater) ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် မြင်တွေ့နေရပြီဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ရှာဖွေရေးလုပ်ငန်းများ ရပ်ဆိုင်းထားရသည့်အချိန်တွင် မြန်မာနိုင်ငံတွင်သာ တိုင်းတာမှုလုပ်ငန်းအများဆုံးဖြစ် နေကြောင်း တွေ့ရှိရပါသည်။ ရှေ့ရည်ထွန်းတွင်းစတင် တူးဖော်နေချိန်တွင် Rakhine Offshore Area ၌ 3D ဆိုက်စမစ် (Acquisition)လုပ်ငန်းအား Survey Vessel လေးစင်းဖြင့် နိုင်ငံတကာကုမ္ပဏီများမှ တစ်ပြိုင်နက်တည်း လုပ်ကိုင်လျက်ရှိပါသည်။ ဤကဲ့သို့ ရှာဖွေရေးလုပ်ငန်းများ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နေသည်များမှာ နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေသည့် အခြေအနေများအဖြစ် လက်တွေ့ရှုမြင်သုံးသပ်နိုင်ပါသည်။



စွမ်းအင်ကဏ္ဍ၊ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အထူးသဖြင့်“စောင်း” (Saung)ကဲ့သို့သော ရေနက်ပိုင်း (Ultra Deep Water) တွင် စွန့်စားရှာဖွေတူးဖော်ရမည့် တွင်းမျိုးကို တူးဖော်ရာ၌ Operator တစ်ဦးတည်း ရာခိုင်နှုန်းပြည့် စွန့်စားရင်းနှီးမြှုပ်နှံရှာဖွေတူးဖော်ခြင်းထက် အတွေ့အကြုံရှိ ရေနံကုမ္ပဏီများအချင်းချင်း ပူးပေါင်းကာ Risk Dilution ပြုလုပ်လေ့ရှိကြပါသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် အကျိုးအမြတ်ခွဲဝေ ခံစားမှုနှင့် ငွေကြေးထည့်ဝင် ဆောင်ရွက်မှု (Participating Interest)ကို အသစ်ပါဝင်လာမည့် Partner အသစ်သို့ ခွဲဝေပေးခြင်းဖြင့် စွန့်စားရင်းနှီးမြှုပ်နှံပါဝင်မှုကို သဘောတူညီမှုအရ မျှဝေစွန့်စားကြရပြီး အကျိုးအမြတ်ဖြစ်ထွန်းလာလျှင်လည်း ပါဝင်မှုအချိုးအစားအတိုင်း နိုင်ငံတော်နှင့်အတူ မျှဝေခံစားကြရမည်ဖြစ်ပါသည်။

MPRL E&P အနေဖြင့် မိမိ၏စွန့်စားရင်းနှီးမြှုပ်နှံမှုနှင့်အကျိုးအမြတ်ခံစားမှု Risk and Rewards ကိုအတွေ့အကြုံရှိ Operator များနှင့် မျှဝေနိုင်ရန်အတွက် Farm-out Process ကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပါသည်။ သို့ရာတွင် ပြည်သာတွင်းများတူးဖော်ပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ်တွင်မှ Woodside ကုမ္ပဏီသည် MPRL E&P ယခင်ကတွေ့ရှိထားသော လုပ်ကွက် A-6 ရေနက်ပိုင်းရှိ Deepwater Lead-1 ၏အလားအလာကိုသိရှိနိုင်ရန်အတွက် 3D ဆိုက်စမစ် တိုင်းတာခြင်းဖြင့် စတင်ပါဝင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ရတနာဓာတ်ငွေ့မြေ၏ Operator ဖြစ်သော ပြင်သစ်နိုင်ငံအခြေစိုက် Total E&P မှလည်း ရှေ့ရည်ထွန်းတွင်းအမှတ်-၁ ၏ကုန်ကျစရိတ် တစ်စိတ်တစ်ပိုင်းအားပါဝင်လာခြင်းဖြင့် ယခုရှေ့ရည်ထွန်းတွင်းအမှတ်-၁ ကိုသုံးပွင့်ဆိုင်ပူးပေါင်းတူးဖော်ခဲ့ခြင်းဖြစ်သည်။

ရှေ့ရည်ထွန်းတွင်း၏အောင်မြင်မှုသည် လုပ်ကွက်အမှတ် A-6 ၏ Partner များဖြစ်သော MPRL E&P၊ Woodside နှင့် Total E&P တို့၏အောင်မြင်မှုသာမကဘဲ မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ အောင်မြင်မှုပင်ဖြစ်ပါသည်။ ထို့အပြင် ရှေ့ရည်ထွန်းတွင်း-၁ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၏ Ultra Deepwater တွင် ပထမဦးဆုံးတူးဖော်စမ်းသပ်နိုင်ခဲ့သည့် အစမ်းတွင်းအဖြစ် သမိုင်းဝင်သောတွင်းဖြစ်သကဲ့သို့ ရေနက်ပိုင်းရှိသဲကြောများမှ သဘာဝဓာတ်ငွေ့စတင်စမ်းသပ်တွေ့ရှိသောကြောင့် နောင်တွင် သမိုင်းတွင်ကျန်ရစ်မည့် အစမ်းတွင်းလည်းဖြစ်ပါသည်။ ရှေ့ရည်ထွန်းမှရရှိလာမည့် သဘာဝဓာတ်ငွေ့များသည် မြန်မာနိုင်ငံ၏အနာဂတ်စီးပွားရေး တိုးတက်မှုအတွက် အဓိကအင်အားတစ်ခုဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်ပါတော့သည်။ ။

**ရှေ့ရည်ထွန်းတွင်း စတင်တူးဖော်နေချိန်တွင် Rakhine Offshore Area ၌ 3D ဆိုက်စမစ် (Acquisition) လုပ်ငန်းအား Survey Vessel လေးစင်းဖြင့် နိုင်ငံတကာကုမ္ပဏီများမှ တစ်ပြိုင်နက်တည်း လုပ်ကိုင်လျက်ရှိ၊ ရှာဖွေရေးလုပ်ငန်းများ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နေသည်များမှာ နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေသည့်အခြေအနေများအဖြစ် လက်တွေ့ရှုမြင်သုံးသပ်နိုင်**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏အခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ ပြည့်စုံစွာတင်ပြထားရန် လိုအပ်

နေပြည်တော် ဇန်နဝါရီ ၅

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အစီအစဉ် ၁၀ ခုဖြင့် ကျင်းပရာ** (ယာပုံ) ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ အစီရင်ခံစာများ ဖတ်ကြားခြင်း၊** ဥပဒေကြမ်း**နှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**



**အစည်းအဝေးတွင် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ **ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာ**ကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ **အခြေခံရေးဆွဲသောနည်းလမ်း (Analytical Method)** ဆန်းစစ်ချက်နည်းဖြင့် ဆန်းစစ်ပါက လိုငွေသည် ငွေကျပ် ၅၃၀၂ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီ(GDP) အချိုးသည် ၆ ဒသမ ၃၀ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်၏ လက်ရှိအခြေအနေ အရပ်ရပ်ကို သုံးသပ်ပါက ဘတ်ဂျက်လိုငွေကို ပြည်ထောင်စုလွှတ်တော်အနေဖြင့် လျှော့ချခွင့်ပြုသင့်ပါကြောင်း။

နိုင်ငံ၏ စီးပွားရေးကို အရှိန်အဟုန်ဖြင့် တိုးတက်စေရန် မျှော်မှန်း၍ နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရာ၌ လိုငွေဘတ်ဂျက်စနစ်ဖြင့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရာတွင် ဘတ်ဂျက်လိုငွေအား မည်ကဲ့သို့ ဖြည့်ဆည်းမည်ကို လျာထားဖော်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ကိုရယူရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ ပြည့်စုံစွာတင်ပြထားရန် လိုအပ်သည့်အပြင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို နိုင်ငံတော်ဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲမှုမပြုရန်နှင့် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရေးအတွက် စီမံချက်ရေးဆွဲတင်ပြဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၉ ဖွဲ့မှ လျှော့ချခွင့်ပြုရန် အဆိုပြုသည့် ငွေကျပ် ၃၇၅၀၉ ဒသမ ၉၇၅ သန်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက ပြည်ထောင်စု၏ လိုငွေသည် မူလလျာထားသည့် ငွေကျပ် ၃၉၂၂၂၇၄ ဒသမ ၃၄၃ သန်းမှ ငွေကျပ် ၃၈၈၄၇၆၄ ဒသမ ၃၆၈ သန်းသို့ ပြောင်းလဲသွားမည်ဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည် မူလလျာထားသည့် ၄ ဒသမ ၆၆ ရာခိုင်နှုန်းမှ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့ ပြောင်းလဲသွားမည် ဖြစ်ပါကြောင်း စသဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ဥပဒေဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာ**ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ထောက်ခံတင်ပြချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် စိစစ်ရေးပူးပေါင်းအဖွဲ့များမှ လျှော့ချခွင့်ပြုရန် အဆိုပြုသည့် ငွေကျပ် ၃၇၅၀၉ ဒသမ ၉၇၅ သန်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက ပြည်ထောင်စု၏ လိုငွေသည် မူလလျာထားသည့် ငွေကျပ် ၃၉၂၂၂၇၄ ဒသမ ၃၄၃ သန်းမှ ငွေကျပ် ၃၈၈၄၇၆၄ ဒသမ ၃၆၈ သန်းသို့ ပြောင်းလဲသွားမည်ဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည် မူလလျာထားသည့် ၄ ဒသမ ၆၆ ရာခိုင်နှုန်းမှ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့ ပြောင်းလဲသွားမည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ချက်များကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ဖတ်ကြားတင်ပြသည်။

**၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မူနှင့် အခြေခံသဘောများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော အချက် ၁၆ ချက်ရှိသည့် **ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုရာ၌ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် (၁၂)ချက်နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် (၄)ချက်တို့ကို အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအတိုင်း အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ယခုအချိန်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာခံစားခွင့်အတွက် ပြင်ဆင်ပေးရန်အစီအစဉ်မရှိသေး

**နေပြည်တော် ဇန်နဝါရီ ၅**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းသုံးခုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ မေးမြန်းစဉ်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **ဖလမ်းမြို့နယ် ဗာရ်တံတားအထက်မှ ရေအားလျှပ်စစ် တည်ဆောက်ပြီး ထွက်ရှိလာမည့် ဓာတ်အား မဂ္ဂါဝပ် ၃၀ ကို ကျေးလက်ဒေသများသို့ ဖြန့်ဝေပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက အဆိုပြုနေရာ၏ မြေမျက်နှာသွင်ပြင်အနေအထားသည် မြစ်ကမ်းပါးများ မတ်စောက်ခြင်းကြောင့် ဘေးနံရံ တည်ငြိမ်မှု ထိန်းသိမ်းရန် ခက်ခဲပါကြောင်း၊ မြစ်ကမ်းပါးနှင့် မြစ်ကြမ်းပြင်တို့၌ တွေ့ရသည့် ကျောက်သားအနေအထားမှာလည်း ပျက်စီးကြေမွလွယ်သည့် ရွှံ့ကျောက်ထပ်လွှာများဖြစ်သည့်အတွက် တမံနှင့်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ခက်ခဲပါကြောင်း၊ နည်းပညာအရလည်းကောင်း၊ ကုန်ကျစရိတ်နှင့် အကျိုးရှိမှု မမျှတခြင်းကြောင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် သင့်လျော်မှုမရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **မတူပီမြို့နယ် ရေဇွာမြို့တွင် အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မတူပီမြို့နယ် ရေဇွာမြို့တွင် မိုးလုံလေလုံအားကစားရုံတည်ဆောက်ပေးနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့ထံ စီစဉ်ဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြန်ကြားချက်အရ ချင်းပြည်နယ် မတူပီမြို့နယ် ရေဇွာမြို့တွင် ပေ ၆၀၀၊ ပေ ၃၅၀ အတိုင်းအတာရှိသည့် ပွဲကြည့်စင်ပါဘောလုံးကွင်း အသစ်တည်ဆောက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၁၅၀ လျာထားပြီးဖြစ်ပါကြောင်း၊ သို့ပါ၍မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် မရှိပါကြောင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ၏ **အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာ တစ်ပြေးညီခံစားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံတော်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပင်စင်လစာနှင့် ဆုကြေးအတွက် ကျပ် ၃၅၂ ဘီလီယံ သုံးစွဲခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်စဉ်တွင် ပင်စင်လစာနှင့်ဆုကြေးကို တိုးမြှင့်ပေးခဲ့ခြင်းကြောင့် ကျပ် ၆၅၁ ဘီလီယံတိုးမြှင့် သုံးစွဲခဲ့ရသဖြင့် ယခင်နှစ်ထက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၉၉ ဘီလီယံ ပိုမိုကျခံသုံးစွဲရမည်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်နောက်ပိုင်းပင်စင်ခံစားသည့် ဝန်ထမ်းများအား နောက်ဆုံးထုတ် လစာ × လုပ်သက် × ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ ပင်စင်အကျိုးခံစားခွင့်ပြုပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မတိုင်မီ အငြိမ်းစားများအား လက်ရှိပင်စင်စားလစာအပြင် ထပ်မံတိုးမြှင့်သတ်မှတ်သည့် လစာကျပ် ၄၅၀၀၀ အပေါ်မူတည်ပြီး တွက်ချက်၍ ထပ်ဆောင်းခွင့်ပြုရမည့် တိုးမြှင့်ပင်စင်လစာများကို ခွင့်ပြုပေးခဲ့ပါကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ၊ အငြိမ်းစားဝန်ထမ်းအင်အား အရေအတွက် လစဉ်ကျခံသုံးစွဲလျက်ရှိသည့် လစာစရိတ်အခြေအနေတို့အား နှိုင်းယှဉ်သုံးသပ်ပြီးမှ ဆောင်ရွက်နေရပါသဖြင့် ယခုအချိန်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာခံစားခွင့်အတွက် ပြင်ဆင်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့် အခကြေးငွေပေးရေး ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးပြီး ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုသည်။

ထို့နောက် **အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၅** နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။

**(မိုး/ဇလ)**

# လောက်ကိုင်မြို့၌ MNDAA သောင်းကျန်းသူများကို ရှုတ်ချပွဲအခမ်းအနားပြုလုပ်



**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက လောက်ကိုင်မြို့မှ ရပ်မိရပ်ဖများနှင့် ကိုးကန့်လူငယ်အသင်းတို့ ဦးဆောင်၍ MNDAA သောင်းကျန်းသူများကို ရှုတ်ချပွဲအခမ်းအနားပြုလုပ်ရာ လောက်ကိုင်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားပြည်သူလူထု ၈၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ရှုတ်ချပွဲသို့တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများသည် လောက်ကိုင်မြို့ ရပ်ကွက်(၃) ပြည်ထောင်စုလမ်းမကြီးရှိ အေးငြိမ်းချမ်းသာ ပြည်သူ့ဥယျာဉ်၌ စတင်စုဝေးကြပြီး လက်ကိုင်ဆောင်ပုဒ်များ၊ ကြွေးကြော်သံများဖြင့် ဘုံခုနစ်ဆင့်အဝိုင်းမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း ချီတက်ကာ လူထုဇာတ်ရုံကွင်းပြင်၌ ပြန်လည်စုဝေးပြီး အခမ်းအနားကို ဆက်လက်ကျင်းပကြသည်။

အခမ်းအနားတွင် တိုင်းရင်းသားတစ်ဦးက MNDAA သောင်းကျန်းသူများအနေဖြင့် မြို့ရွာများကို ဝင်ရောက်နှောင့်ယှက်ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးကာ လူမှုစီးပွားတည်ငြိမ်မှုမရှိအောင် ဆောင်ရွက်လျက်ရှိသဖြင့် ကိုးကန့်ဒေသနှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကြမ်းဖက်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသော MNDAA သောင်းကျန်းသူအဖွဲ့အား ကိုးကန့်ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်း၍ ဆန့်ကျင်တိုက်ဖျက်ကြမည်ဖြစ်ကြောင်း ပြောကြားကာ ဒေသခံပြည်သူနှစ်ဦးက ထောက်ခံဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကာ အခမ်းအနားကို ရုပ်သိမ်း၍ နေရပ်အသီးသီးသို့ စနစ်တကျပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**မင်းလွင်**

❐ *ရှေ့ဖုံးမှ*

အစိုးရ အစုအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးဖြစ်သော်လည်း အစိုးရအဖွဲ့မှ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်ပြီး ဆောင်ရွက်စရာရှိသည့် ကိစ္စများအား ကြိုတင်ဆောင်ရွက်ထားသည့် အခြေအနေများကို** ရှင်းပြရန်အတွက် တက်ရောက်ခြင်းဖြစ်ကြောင်း၊ ယခုအစည်းအဝေးပြီးမှ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်ပြီး ဆောင်ရွက်ရန်ကိစ္စများကို** ညှိနှိုင်းဆောင်ရွက်မည်ဆိုပါက အချို့ကိစ္စရပ်များတွင် နောက်ကျသွားနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပရေး ဗဟိုကော်မတီကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ကိုးဦး၊ ဒုတိယဝန်ကြီး နှစ်ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် လုပ်ငန်းကော်မတီကိုးခု ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်းနှင့် ကော်မတီတစ်ခုချင်းစီအလိုက်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစိုးရအဖွဲ့က ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

"အစိုးရအနေနဲ့ ကောင်းမွန်တဲ့ဆန္ဒနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို စတင်ပေးခဲ့ဖို့နဲ့ ဆုံးဖြတ်ချက်တွေကို နောက်အစိုးရသက်တမ်းမှာ ဆောင်ရွက်နိုင်ပါတယ်ဆိုတာကို ရွေးကောက်ပွဲမတိုင်မီ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ အလွတ်သဘော မူဘောင်ရေးဆွဲရေးအစည်းအဝေးမှာ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရက ငြိမ်းချမ်းရေးကို အဖြစ်လုပ်တာမဟုတ်ပါဘူး။ နိုင်ငံရေးဆွေးနွေးပွဲကို အဖြစ်သဘော လုပ်တာမဟုတ်ဘူးဆိုတာကို ပြောကြားလိုပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကောင်းမွန်တဲ့ အခြေခံအုတ်မြစ်တွေကို ချမှတ်ပေးမယ်ဆိုတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့မှာ တာဝန်ရော စေတနာပါ အပြည့်အဝရှိကြောင်း ပြောကြားလိုပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၂၂ ရက်အထိ အနည်းဆုံး ၁၀ ရက်ကြာ ကျင်းပလိုသော်လည်း မေတ္တာရပ်ခံမှုများကြောင့် အခု ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်ကြာ မဖြစ်မနေလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်နှုတ်ခွန်းဆက်တွင် ထည့်သွင်းပြောကြားသည်။

တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့ကိုယ်စား ပဒိုစောကွယ်ထူးဝင်းက "ပထမဆုံးအကြိမ် ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲညီလာခံမှာ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုအတွက် ပထမ ဦးဆုံးဆောင်ရွက်မယ့် အစည်းအဝေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး ရှေ့ဆက်သွားနိုင်ဖို့အတွက် ဒီအစည်းအဝေးက တကယ်အရေးကြီးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ အခု အတွင်းရေးမှူး အစည်းအဝေးမှာ ချမှတ်သွားမယ့် လုပ်ငန်းအစီအစဉ်တွေဟာ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ အသက်ကိုဆက်ပြီး သွင်းပေးမယ့်သဘော ဖြစ်ပါတယ်" ဟု ပြောကြားသည်။

နိုင်ငံရေးပါတီ အစုအဖွဲ့ကိုယ်စား ဦးသုဝေက "နိုင်ငံတော်အစိုးရက ကြိုတင်ဆောင်ရွက်ပြီး စီမံထားတဲ့ကိစ္စတွေဟာ အင်မတန်အရေးကြီးတဲ့ကိစ္စတွေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အင်မတန်မှ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ငြိမ်းချမ်းရေးကို ဆောင်ရွက်ရာမှာ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းရေးအတွက်၊ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးရေးအတွက် ရည်မှန်းပြီး အားလုံးဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ စေတနာအပြည့်၊ ရည်မှန်းချက်အပြည့်နဲ့ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒီလုပ်ငန်းစဉ်ကြီးထဲမှာ အားလုံး ထဲထဲဝင်ဝင် ကိုယ့်နိုင်ငံနဲ့ ကိုယ့်ပြည်သူတွေအတွက် ကျွန်တော်တို့ နိုင်ငံရေးပါတီအစုအဖွဲ့က အတူတကွ ပူးပေါင်းဆောင်ရွက်ပါမယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်ပါ့မယ်လို့ ပြောကြားလိုပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်တွင် ထည့်သွင်းပြောကြားသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်ပတ်သက်၍ ပြင်ဆင်ထားမှုများအား UPDJC အတွင်းရေးမှူးအဖွဲ့၏ အစိုးရအစုအဖွဲ့ကိုယ်စားလှယ်က ရှင်းလင်းတင်ပြခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံဖိတ်စာများ၊ ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားမည့်သူစာရင်းနှင့် ညီလာခံတက်ရောက်မည့်သူ စာရင်းများကို အတည်ပြုနိုင်ရန် ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းအပြင် UPDJC စုံညီအစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူနိုင်ရေးအတွက် အတွင်းရေးမှူးအဖွဲ့က ရေးဆွဲရမည့်လုပ်ငန်းများ၊ ကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ၊ အစည်းအဝေးကျင်းပမည့် ပုံစံနှင့် လုပ်ငန်းများ၊ လုပ်ဆောင်ရမည့် နည်းလမ်းများ၊ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများအတွက် အခြေခံလမ်းညွှန်မှုများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၊ အတွင်းရေးမှူးအဖွဲ့၊ ရုံးအဖွဲ့နှင့် လေ့လာသူများ စည်းမျဉ်းစည်းကမ်းများကိုလည်း ဆွေးနွေးကြမည် ဖြစ်သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ၌ နေ့စဉ်ဆွေးနွေးမည့် ကိစ္စရပ်များကို ညှိနှိုင်းမည်ဖြစ်ပြီး ညီလာခံ၌ ဆွေးနွေးကြမည့် ကဏ္ဍအလိုက် အကျိုးဆောင်ကြမည့်သူများကို သတ်မှတ်ရွေးချယ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကိုးခုဖြစ်သည့် ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဖွင့်ပွဲနှင့် အစည်းအဝေးအခမ်းအနားကျင်းပရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ ကျန်းမာရေးနှင့် ဘဏ္ဍာရေးကော်မတီများမှ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲတွင် အတည်ပြုချက် ရယူသွားမည်ဖြစ်သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကျင်းပရေးအတွက် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၆ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

* *ရှေ့ဖုံးမှ*

အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများကို အခြေပြု၍ လာမည့်နှစ်သစ်အတွက် အကောင်းဆုံးစီမံချက်များ ကြိုတင်ချမှတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ ပွဲတော်အတွင်း သီးနှံများတိုးတက်ဖြစ်ထွန်းပြီး ရာသီဥတုကောင်းမွန်ရန်နှင့် အိမ်မွေးတိရစ္ဆာန်များ ရောဂါဘယကင်းဝေးနိုင်ရန် ဆုမွန်ကောင်းများ တောင်းကြသည့် ပွဲတော်တစ်ခုလည်း ဖြစ်သည့်အတွက် နာဂလူမျိုးများ တက်ရောက်ကြသကဲ့သို့ နောက်ပိုင်းတွင် တိုင်းရင်းသားအသီးသီးက ဧည့်သည်အဖြစ် လာရောက်လည်ပတ်ကြခြင်းဖြင့် ပိုမိုစည်ကားလာခဲ့ကြောင်း နာဂတိုင်းရင်းသား ဦးထွယ်က ပြောကြားသည်။

ယခုနှစ်အတွက် နာဂနှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပမည်ဖြစ်ပြီး ဆင်သေ-လဟယ်ကားလမ်းမှ နှစ်သစ်ကူးပွဲသို့ လာရောက်ကြမည့် မည်သူမဆိုအား ဒေသခံမော်တော်ယာဉ်ပိုင်ရှင်များက စုပေါင်းကာ အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း နှစ်သစ်ကူးပွဲတော်ကျင်းပရေး ကော်မတီက သတင်းထုတ်ပြန်ထားသည်။

လဟယ်မြို့သည် ခန္တီးမြို့နှင့် မိုင် ၅၀ ကျော်ဝေးပြီး အဆိုပါလမ်းခရီးသည် ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ ဆင်သေကျေးရွာမှ လမ်းခွဲကာ သွားရသည့် မော်တော်ကားလမ်းဖြစ်သည်။ လမ်းခရီးအနည်းငယ်ကြမ်းတမ်းပြီး မော်တော်ကားသွားလာရာတွင် ဒေသခံများ မောင်းနှင်ပါက ပိုမိုအဆင်ပြေနိုင်သည့် လမ်းခရီးတစ်ခုဖြစ်သဖြင့် ဒေသခံများက ပွဲတော်ရက်တစ်လျှောက် အခမဲ့ပို့ဆောင်ပေးခြင်းဖြင့် ပိုမိုလာရောက်လည်ပတ်ခွင့်ရရှိရန် စီစဉ်ပေးခြင်းဖြစ်သည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂတိုင်းရင်းသားအများစု နေထိုင်သည့် ရနိုင်တောင်တန်း၊ မှတ်တောင်တန်း၊ ပတ်ကွိုင်တောင်တန်း၊ ဟူးကောင်းတောင်တန်း၊ ခန္တီးခရိုင်နယ်စပ်တစ်လျှောက် ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ နာဂလူမျိုးများအားလုံး တစ်ပြိုင်နက် ဇန်နဝါရီ ၁၅ရက်တွင် ကျင်းပလေ့ရှိကြသည်။

ဒေသခံများ ပြန်လည်ဆုံစည်းသည့်အထိမ်းအမှတ်အဖြစ် ကြက်၊ ဝက်၊ ငှက်၊ ကျွဲ၊ နွားနှင့် နွားနောက်စသည်တို့ကို တစ်ဦးနှင့်တစ်ဦး လက်ဆောင်အဖြစ် ပေးကြပြီး ကိုယ်တိုင်ရက်လုပ်ထားသည့် နာဂရိုးရာဝတ်စုံများကိုလည်း လက်ဆောင်ပေးခြင်း၊ ဆင်မြန်းခြင်းတို့ဖြင့် နာဂလူမျိုးအချင်းချင်း နွေးထွေးမှုကို ဖြစ်စေသည်ဟု ယုံကြည်ကြသည်။ ထို့ပြင် နာဂတိုင်းရင်းသားများ၏ ရိုးရာအဆောင်များဖြစ်သည့် ခြုံစောင်၊ ခြင်း၊ ကြိမ်ကွင်းများနှင့် ငွေကွင်းများကိုလည်း လေးနက်စွာ သုံးစွဲဝတ်ဆင်ကြခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ကို ထိန်းသိမ်းကြသည်။

"လမ်းပန်းဆက်သွယ်ရေးကို စီစဉ်ပေးထားတာမို့ ပိုပြီးစည်ကားမယ့် ပွဲတော်တစ်ခုဖြစ်လာမှာပါ။ ဒီလိုနေ့ရက်မှာ ပွဲတော်ကို လူတိုင်းတက်ချင်ကြပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသားတွေဟာ မျိုးနွယ်စုပေါင်း ၅၇ မျိုးရှိပြီး အချင်းချင်း ချစ်ကြည်နွေးထွေးမှုတွေကို နှစ်သစ်ကူးပွဲတော်နဲ့ ကောက်သစ်စားပွဲတော်တွေမှာ ပြသကြပါတယ်။ အခြားတိုင်းရင်းသားလူမျိုးတွေ အားလုံးကိုလည်း အလည်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု နာဂပါရာမျိုးနွယ်မှ ကိုငင်းငင်းက ပြောကြားသည်။

အဆိုပါဒေသသို့ ခန္တီးမြို့နယ် ချင်းတွင်းမြစ် တစ်ဖက်ကမ်းရှိ ဆင်သေကျေးရွာမှ ဆိုင်ကယ်ဖြင့် သွားရောက်ပါက ငွေကျပ် သုံးသောင်းခန့် ကျသင့်ကာ မော်တော်ကားဖြင့် သွားပါက ငွေကျပ် ၁၅၀၀ ပေးရပြီး အများစုမှာ မော်တော်ဆိုင်ကယ်ဖြင့် သွားလာကြကြောင်း၊ လမ်းခရီးမှာ အနည်းငယ် ကြမ်းတမ်းကြောင်း သိရပြီး အခမဲ့ပို့ဆောင်ပေးခြင်းဖြင့် ပွဲတော် ပိုမိုစည်ကားတော့မည်ဟု ဒေသခံများက မျှော်လင့်နေကြကြောင်း သိရသည်။





ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ ရွှေလီအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ဓာတ်ပုံ-လျှပ်စစ်)

*✻ ကျောဖုံးမှ*

ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်း ၁၀၅၀ မဂ္ဂါဝပ်တို့ကို နိုင်ငံတော် လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော် လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးနိုင်မည့် တည်ဆောက်ပြီး တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် တပ်ဆင်စက်အင်အား အကြီးမားဆုံးဖြစ်သည့် ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၏ ဒီဇိုင်းပုံစံရေးဆွဲခြင်းကို ဆွစ်ဇာလန်နိုင်ငံ AF-Colenco အတိုင်ပင်ခံအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအကောင်အထည်ဖော်တည်ဆောက်ခြင်းကို ပြင်သစ်နိုင်ငံ Electricite De France SA (EDF)နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းကို ၂၀၁၀ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်၍ ၂၀၂၀ ပြည့်နှစ်အတွင်း ပြီးစီးရန် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ယင်းတွင် အလျား ပေ ၃၃၃၀၊ အမြင့် ၃၉၄ ပေရှိ RCC ကွန်ကရစ်တမံ (Roller Compacted Concrete Dam) တည်ဆောက်မည်ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက်သည့် တတိယမြောက် RCC ကွန်ကရစ်တမံအဖြစ် ပေါ်ထွက်လာမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ပထမဆုံးသော RCC ကွန်ကရစ်တမံဖြစ်သည့် ရဲရွာရေလှောင်တမံကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် လည်းကောင်း၊ ဒုတိယမြောက် RCC ကွန်ကရစ်တမံဖြစ်သည့် အထက်ပေါင်းလောင်းရေလှောင်တမံကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း အကောင်အထည်ဖော် တည်ဆောက်ပြီးဖြစ်ကြောင်းလည်း နှိုင်းယှဉ်သိရှိရသည်။

ယခုအခါ ရေလွှဲရေထုတ်ပြွန် ကွန်ကရစ် သွန်းလောင်းနေမှုနှင့် ဘီလပ်မြေ ဖိသွင်းခြင်းလုပ်ငန်းများ၊ ပင်မတမံယာဘက်ကမ်းနှင့် ဓာတ်အားပေးစက်ရုံမြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်းများ တည်ဆောက်ရေးလုပ်ငန်းခွင်၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းထားမှုနှင့် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းရင်းသားကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂ ရက်က သွားရောက်ပြီး တည်ဆောက်ရေးလုပ်ငန်းများအနက် ဆောင်ရွက်ဆဲဖြစ်သည့် ရေလွှဲရေထုတ်ပြွန်လုပ်ငန်း၊ ပင်မတမံမြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံလုပ်ငန်း၊တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၌ အသုံးပြုမည့် ခွဲကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်သော ကုန်းကျောတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်းနှင့် စက်ရုံရေထုတ်မြောင်း လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းခွင်၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီဓာတ်အားလိုင်း မိုင် ၂၀ သွယ်တန်းခြင်းနှင့် ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုအခါ အလျားပေ ၆၂၀ ၊ အကျယ် ၃၃ ပေ၊ တန် ၈၀ ခံနိုင်ဝန်ရှိသည့် ရွှေလီမြစ်ကူးသံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများ မိုးမိတ်မြို့နှင့် မဘိမ်းမြို့တို့သို့ မြစ်ကူးတံတားကြီးပေါ်မှ အချိန်မရွေး ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ရွှေလီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်း သုံးခုအနက် ရွှေလီ(၁)မှာ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀၀ ထွက်ရှိပြီး ရွှေလီ(၂)မှာ မဂ္ဂါဝပ် ၅၂၀ နှင့် ယခုတည်ဆောက်လျက်ရှိသည့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံ၌ ၂၆၂ ဒသမ ၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၀၅၀ တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၃၄၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ရာ စီမံကိန်းမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ပြည်တွင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ပြီးစီးသွားပါက အထက်ပါ စီမံကိန်းသုံးခုမှ စုစုပေါင်း မဂ္ဂါဝပ် ၂၁၇၀ ကျော် ရရှိလာမည်ဖြစ်၍နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း-----။

**(သတင်းစဉ်)**

# (၄၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးသုတေသနညီလာခံဖွင့်၊ သုတေသနစာတမ်း ၉၉ စောင် ဖတ်ကြားမည်

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိနိုင်ရေး ကြိုးပမ်းရာတွင် Evidence–based decision များ လိုအပ်လာပါကြောင်း၊ ခိုင်မာသည့် အထောက်အထားများအတွက် သုတေသီများ၏ Data Quality Assurance နှင့် ရလဒ်များအား အမှန်တကယ် အသုံးချနိုင်မှုတို့သည် အရေးကြီးလာသည်ကို တွေ့ရှိရပါကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသော (၄၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ပြောကြားသည်။ **(ယာပုံ)**

ပြန်လည် ဦးမော့လာသော ကူးစက်တတ်သော ရောဂါများ သာမက မကူးစက်တတ်သော နာတာရှည်ရောဂါများ ပြန့်ပွားမှုမရှိစေရန်အတွက် ကာကွယ်ဆေးအပါအဝင် အခြားကာကွယ်ထိန်းချုပ်နည်းစနစ်များ၊ ရောဂါရှာဖွေသတ်မှတ်ဖော်ထုတ်ခြင်းများ၊ ရောဂါကုထုံးနည်းပညာ အသစ်များကို သုတေသီများအနေဖြင့် မိမိနိုင်ငံနှင့် လျော်ညီမှုရှိအောင် စမ်းသပ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆေးသုတေသန ဦးစီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်းကာ WHO ၊ UNFPA နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် Service Availability & Readiness Assessment၊ Reproductive Health Commodity Survey၊ Hapatitis B and C Prevalence Survey စသည်တို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) အထောက်အပံ့ဖြင့် ဖွင့်လှစ်နိုင်ခဲ့သည့် အဆင့်မြင့် Molecule သုတေသနဌာနတွင် တီဘီ၊ ငှက်ဖျား၊ အသည်းရောင်အသားဝါရောဂါများ အပါအဝင် ကူးစက်တတ်သော ရောဂါများကို Multiple Genomic Tool များကို အသုံးပြုကာ Next Generation Sequencing စသည့် ခေတ်အမီဆုံးနည်းပညာများဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟုလည်း သိရှိရပါကြောင်း။




နိုင်ငံတော်အတွက် အကျိုးရှိမည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် အခြေခံကျန်းမာရေးသုတေသန၊ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသန၊ ကျန်းမာရေးစနစ် သုတေသနကဏ္ဍကြီးသုံးရပ်လုံးကို ဟန်ချက်ညီညီ တိုးတက်အောင် သုတေသနအစီအစဉ် National Health Research Agenda တစ်ခုတည်းအောက်တွင် ညှိနှိုင်းပြင်ဆင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ သုတေသနလုပ်ငန်း၏ရလဒ်များကို အမှန်တကယ် ပြန်လည်အသုံးချနိုင်သည့် သုတေသနမျိုး ဖြစ်သည်အထိ ရည်မှန်းကာ သုတေသီများက ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော သုတေသနပိုစတာများကို ကြည့်ရှုအားပေးကြရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်နှင့် စာတမ်းရှင်များက ရှင်းလင်းပြသကြသည်။

ထို့နောက် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(၄၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံပထမနေ့ နံနက်ပိုင်း အစီအစဉ်များကို နံနက် ၁၀ နာရီတွင် ကျင်းပရာ သဘာပတိအဖြစ် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က ဆောင်ရွက်ပြီး စာတမ်းရှင်များက သုတေသနစာတမ်းများကို ဖတ်ကြားဆွေးနွေးကြရာ တက်ရောက်လာသူများ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ညီလာခံပထမနေ့တွင် စာတမ်းရှင်များက သုတေသနစာတမ်း ၁၉ စောင်ကို ဖတ်ကြားဆွေးနွေးကြမည် ဖြစ်သည်။

(၄၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ငါးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံတွင် သုတေသနစာတမ်းပေါင်း ၉၉ စောင်၊ သုတေသနပိုစတာ ၄၉ စောင်တို့ကို ဖတ်ကြားပြသကြမည့်အပြင် ဆေးပညာဆိုင်ရာ Symposia ၁၀ ခု၊ Scientific Talk လေးခုတို့ကိုလည်း ထည့်သွင်းဆွေးနွေးကြမည်ဖြစ်သဖြင့် သုတေသနတွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးဝန်ဆောင်မှုပေးနေသူများ၊ ဘွဲ့ကြို ဘွဲ့လွန်ဆေးပညာရပ်ဆိုင်ရာ သင်တန်းတက်ရောက်နေသူများ၊ သင်ကြားရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသူများ ပြည်တွင်း၊ ပြည်ပသုတေသီပညာရှင်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်နိုင်မည့် ညီလာခံဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၂)

ဦးဟန်ညွန့် (ဥပဒေ)



**အမျိုးသားလွှတ်တော်နှင့်ဥပဒေကြမ်း**

**"အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မူလဥပဒေ၏ အပိုဒ်(၂) တွင်ပါရှိသည့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးသည့် အခြေအနေများ ဖွံ့ဖြိုးတိုးတက်အောင်ဆိုသည့်စကားရပ်ကို စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့် အခြေအနေများဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း၊ ယခုဥပဒေကြမ်းတွင် ပြင်ဆင်ဖော်ပြထားသည့် ပံ့ပိုးဆိုသော စကားလုံးကို သင့်လျော်ရာ စကားလုံးနှင့် ပြောင်းလဲသုံးစွဲသင့်ပါကြောင်း ဆွေးနွေးခဲ့သည်။ လွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန်ဆုံးဖြတ်သည်။

ပြည်ထဲရေးဝန်ကြီးဌာနကတင်သွင်းသည့် **"လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုကော်မတီဥက္ကဋ္ဌက ဖတ်ကြားတင်သွင်းသည်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း**

**"ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်း"** ကို ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) တွင်ဆွေးနွေးသည်။ ဥပဒေကြမ်း၏ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက်ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းများကို ရှင်းလင်းတင်ပြသည်။

**ပင်စင်အက်ဥပဒေကြမ်း**

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသောပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

**ရာဇသတ်ကြီးဥပဒေကြမ်း**

ငွေစုဘဏ်လုပ်ငန်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း စသည်များအား အတည်ပြုရေးဆောင်ရွက်ခဲ့ကြသည်။

**ပြည်ထောင်စုလွှတ်တော်နှင့်ဥပဒေကြမ်း**

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် **"သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း"**တို့ကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

**စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်း**

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် "စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားခြင်း၊ ဆွေးနွေးခြင်းများပြုခဲ့သည်။

**ဥပဒေပြုရေးနှင့်လွှတ်တော်၏ကဏ္ဍ**

ဥပဒေပြုရေးတွင် လွှတ်တော်၏ကဏ္ဍမှာ များစွာအရေးကြီးသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင်လည်း လွှတ်တော်၏ကဏ္ဍမှာ အရေးပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရသည်။ ဥပဒေပြုရသည်။

**တရားဥပဒေ၏ အဓိပ္ပာယ်**

"တရား" ဟူသော ဝေါဟာရနှင့် "ဥပဒေ"ဟူသော ဝေါဟာရနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ "တရား" ဟူသော အဓိပ္ပာယ်မှာ မှန်ကန်ခြင်း၊ မျှတခြင်း ဖြစ်ပါသည်။ "ဥပဒေ"မှာ ပါဠိစကားဥပဒေသမှ ဆင်းသက်လာသည်။ ညွှန်ကြားသူ၊ ညွှန်ကြားခြင်း၊ ညွှန်ကြားချက်၊ အမိန့်စည်းမျဉ်းများဖြစ်ပါသည်။ တရားဥပဒေဟူသည် လူသားအားလုံး ကျင့်သုံးလိုက်နာရမည့် လူ့စည်းကမ်း၊ လူ့စည်းမျဉ်းများဖြစ်ပါသည်။ လူသားတို့၏ အကျိုး၊ ခံစားခွင့်၊ ရပိုင်ခွင့်၊ တာဝန်များကို ညီညီညွတ်ညွတ်၊ မျှမျှတတ ထုတ်ပြန်ထားသော အမိန့်များဖြစ်ပေသည်။

**ဥပဒေအတွေး**

ဥပဒေအတွေးသည် အရေးကြီးပါသည်။ တရားသော ဥပဒေ (တရားဥပဒေ)နှင့် ညီညွတ်သော၊ မှန်ကန်သော၊ မျှတသော အတွေး(အတွေးအခေါ်)သည် ဥပဒေအတွေးဖြစ်ပါသည်။ သာမန်အတွေးမဟုတ်။ သမားရိုးကျထက်ပိုသော၊ စည်းကမ်းရှိသော၊ ကျင့်ဝတ်ရှိသော၊ လေးစားဂုဏ်ယူထိုက်သော အတွေး (ဥပဒေအတွေး) ဖြစ်ပါပေသည်။

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးသည် နိုင်ငံအတွက် အရေးကြီးလှပါသည်။ ပြည်သူအပေါင်းသည် ဥပဒေကို လေးစားလိုက်နာမှသာ

> **တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးသည် နိုင်ငံအတွက် အရေးကြီးလှပါသည်။ ပြည်သူအပေါင်းသည် ဥပဒေကို လေးစားလိုက်နာမှသာ နိုင်ငံတစ်ဝန်း အေးချမ်းသာယာပါမည်. . .**

နိုင်ငံတစ်ဝန်း အေးချမ်းသာယာပါမည်။ တရားဥပဒေ၏ အာနိသင်၊ တရားဥပဒေ၏ စွမ်းအင်ထက်မြက်သကဲ့သို့ ပြည်သူအပေါင်း၏တာဝန်သိစိတ်၊ ဥပဒေလေးစားလိုက်နာလိုသောစိတ်များ ကိန်းဝပ်ကြပေမည်။

**ဥပဒေအနှစ်သာရ**

ဥပဒေတစ်ရပ်အား အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ တိုင်းတာကြည့်နိုင်ပါသည်-

(က) ရှင်းလင်းခြင်း (clarity) ရှိ၊ မရှိ
(ခ) တိကျခြင်း (precision) ရှိ၊ မရှိ
(ဂ) သေချာခြင်း (certainty) ရှိ၊ မရှိ
(ဃ) တိုတိုနှင့် လိုရင်းရောက်ခြင်း (conciseness) ရှိ၊ မရှိ
(င) ထိရောက်မှု (Effectiveness) ရှိ၊ မရှိ

ဥပဒေအနှစ်သာရကို ဖော်ထုတ်ရာတွင်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်ဖို့
(ခ) ပြည်တွင်းဥပဒေများနှင့် ညီညွတ်ဖို့
(ဂ) မြန်မာနိုင်ငံက လက်ခံအတည်ပြုရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် မဆန့်ကျင်ဖို့
(ဃ) ဥပဒေရေးထုံးရေးနည်း မှန်ကန်ဖို့လည်းလိုအပ်ပေသေးသည်။

**ဥပဒေကြမ်းရေးဆွဲခြင်း**

ဥပဒေကြမ်းရေးဆွဲရာတွင် လိုက်နာသင့်သော အခြေခံမူ သဘောတရားများမှာ-

(က) မြန်မာသဒ္ဒါအသုံးအနှုန်း မှန်ကန်ခြင်း
(ခ) အများပြည်သူအလွယ်တကူနားလည်ခြင်း
(ဂ) ရှင်းလင်းပြတ်သားခြင်း
(ဃ) တိကျခြင်း
(င) စကားလုံးနည်းခြင်း
(စ) မလွဲမရှောင်သာမှသာ ဝါကျရှည်သုံးစွဲခြင်း
(ဆ) စာဖတ်သူသဘောပေါက်စေခြင်း
(ဇ) တိုတိုနှင့်လိုရင်းရေးသားခြင်း
(ဈ) အတတ်ပညာ ဝေါဟာရများ သုံးစွဲဖော်ပြရလျှင် အများသိအောင်အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်းတို့ဖြစ်ပါသည်။

**ပြောင်းလဲတတ်သော သဘောသဘာဝ**

လူ့ဘောင်သမိုင်းသည် အမြဲပြောင်းလဲနေသည်။ တိုးတက်နေသည်။ ထို့အတူ တရားဥပဒေသည်လည်း ပြောင်းလဲတတ်သော သဘောသဘာဝ ရှိပေသည်။ ခေတ်နှင့်အမီ တရားဥပဒေသည်လည်း ခေတ်မီရပေမည်။ တိုးတက်ရပေမည်။

ခေတ်စနစ်နှင့်အံဝင်ခွင်ကျသော တရားဥပဒေများဖြစ်အောင် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများဆောင်ရွက်ရပေသည်။ အခြေခံအချက်မှာ ပြည်သူ့အကျိုးဖော်ဆောင်နိုင်မှု ရှိ မရှိ အဓိကဖြစ်ပေသည်။

**တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု**

နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများအဆုံးသတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုသည် အရေးပါလှသည်။ ဆက်လက်ထိန်းသိမ်းကာ နိုင်ငံဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။

**ဥပဒေရေးဆွဲခြင်း**

ဥပဒေကြမ်းရေးဆွဲခြင်းသည် စာရေးသားခြင်းတစ်ရပ်ဖြစ်သည်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာရေးသားပုံမျိုးကား မဟုတ်ချေ။ အခြေခံချင်းလည်းမတူချေ။ ရေးထုံးရှိသည်။ ဥပဒေရေး နည်းရှိသည်။ အမိန့်ဆန်သောဝါကျတည်ဆောက်ရခြင်းဟု ခေါ်ဆိုနိုင်ပေသည်။ ဥပဒေအတွေးနှင့်ရေးရသည်။ ဥပဒေအမြင်နှင့်ပေါင်းစပ်ရသည်။ ဥပဒေသဘောတရားနှင့် သုံးသပ်ရသည်။ သို့မှသာ ဥပဒေကြမ်းတစ်ရပ်ဖြစ်လာပေမည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

ပြည်ထောင်စုလွှတ်တော်သည်ဥပဒေပြုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့က ရွေးချယ်တင်မြှောက်ခံရသူများဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့က ရွေးချယ်လိုက်သူများပီပီ ပြည်သူ့အကျိုး ဦးထိပ်ပန်ဆင်လျက် ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဆွေးနွေးခြင်း စသည့် ဥပဒေရေးရာတာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ရပေသည်။

**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်**

နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို ထုတ်ပြန်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြု၊ မပြု ဆုံးဖြတ်ရပေသည်။

**ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသော ဥပဒေကြမ်းများကို လက်ခံရရှိသည့် နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရသည်။ (အခြေခံဥပဒေ ပုဒ်မ -၁၀၅-က)

**တင်ပြချက်**

(၁) တရားဥပဒေစိုးမိုးရေး၏ အနှစ်သာရသည် တရားဥပဒေကို လက်ခံလိုက်နာခြင်း ဖြစ်သည်။
(၂) တရားဥပဒေကို မသိ၍ ကျူးလွန်မိပါသည်ဟု ထုချေမှုကို ခွင့်လွှတ်၍မရပေ။
(၃) သို့ဖြစ်၍ တရားဥပဒေကို သိရှိရမည်။ နားလည်ရမည်။ လေ့လာရမည်။ သင်ယူရမည်ဖြစ်ပေသည်။
(၄) တရားဥပဒေအတွေး၊ တရားဥပဒေအရေးများကို တွေးခေါ်၊ ကျင့်ကြံ၊ ပွားများလျက် နိုင်ငံကြီးသားများ ပီသနိုင်ကြပါစေကြောင်း တင်ပြအပ်ပါသည်။

## ဒေါ့ဖုန်းယန်၌ အားကစားပြိုင်ပွဲများ ကျင်းပ

**ဒေါ့ဖုန်းယန် ဇန်နဝါရီ ၅**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ မြို့လယ်အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်က အားကစားပြိုင်ပွဲများ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် အထက်တန်းအဆင့်ကျောင်းသားကျောင်းသူများက စာစီစာကုံးပြိုင်ပွဲဖြင့်လည်းကောင်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက အားကစားပြိုင်ပွဲများဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြရာ ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ စဉ့်ကူး၌ ကျင်းပ

**စဉ့်ကူး ဇန်နဝါရီ ၅**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားအဖြစ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက စဉ့်ကူးမြို့နယ် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း တက်ရောက်အမှာစကား ပြောကြားသည်။



ယင်းနောက် အားကစား ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အမျိုးသမီးအပ်ချည်ထိုးနှင့် အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်နှင့် ခြေပူးပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း ဆန်ကောရွက်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးလွန်ဆွဲ ပြိုင်ပွဲများ ပါဝင် ယှဉ်ပြိုင်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အားကစားမှူး ဒေါ်သွယ်သွယ်ရှိန်နှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

သတင်း–ခင်လေးမြင့်အောင်၊ ဓာတ်ပုံ–မေဦးမိုး



# အိုင်စီတီမြို့တော်အတွက် မြေနေရာဝယ်ယူမှုအပြီးသတ်နိုင်သဖြင့် တည်ဆောက်ရေးများစတင်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများအခြေချလုပ်ကိုင်နိုင်စေရေးအတွက် တည်ဆောက်မည့် အိုင်စီတီမြို့တော်အတွက် သန်လျင်မြို့နယ်တွင် မြေနေရာများရရှိထားပြီးဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်လုပ်ကိုင်သွားရန်ရှိကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ သတင်းထုတ်ပြန်သည်။

လက်ရှိတွင် တက္ကသိုလ်များ လှိုင်နယ်မြေ၌အိုင်စီတီကုမ္ပဏီများစုပေါင်းကာ ရုံးခန်းများ ဖွင့်လှစ်ထားခြင်းဖြစ်သော်လည်း မြေနေရာရရှိမှုနှင့် တည်ဆောက်ရေးဆိုင်ရာ အခက်အခဲများကြောင့် ကျယ်ဝန်းသည့် အိုင်စီတီရပ်ဝန်းတစ်ခုကို တည်ထောင်ရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ စီစဉ်ခြင်းဖြစ်သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတစ်ဖက်ကမ်းရှိ သန်လျင်မြို့နယ်တွင် မြေနေရာပေါင်း ၃၆၄ နေရာကို ဝယ်ယူထားပြီး နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြေနေရာတွေလည်း ဝယ်ယူထားပြီးဖြစ်သလို တည်ဆောက်ရေးလုပ်ငန်းတွေ စတင်နိုင်ဖို့ သက်ဆိုင်ရာကို တင်ထားပြီးပါပြီ။ သက်ဆိုင်ရာက ခွင့်ပြုမိန့်ချပေးတာနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို စတင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အိုင်စီတီမြို့တော်အဖြစ် ဖော်ဆောင်မှာဖြစ်သလို နည်းပညာဆိုင်ရာ ကိစ္စရပ်တွေအားလုံးကို တစ်နေရာတည်းမှာ စုစည်းလုပ်ကိုင်နိုင်သလို အချင်းချင်းဆက်သွယ်ရေးလည်း ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ မြို့အနေနဲ့ဆောင်ရွက်တာမို့ သက်ဆိုင်တဲ့ အင်္ဂါရပ်တွေဖြစ်တဲ့ အပန်းဖြေဖို့ နေရာတွေနဲ့ အားကစားစင်တာတွေ၊ ရှော့ပင်းမောလ်တွေနဲ့ အချက်အလက်စင်တာတွေ၊ သုတေသနစင်တာတွေကို ထည့်သွင်းတည်ဆောက်သွားမယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ကတည်းက အိုင်စီတီမြို့တော်တည်ဆောက်နိုင်ရေးအတွက် အစီအမံများဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြေနေရာများအား စနစ်တကျ ဝယ်ယူခဲ့ခြင်း ဖြစ်ကာ မြေပိုင်ရှင်များထံက တစ်ဧကလျှင် ငွေကျပ်သိန်း ၁၀၀ ဝန်းကျင်ပေးအပ်ပြီး စုဆောင်းဝယ်ယူထားခြင်းဖြစ်ကြောင်း ဦးခွန်ဦးက ဖြေကြားသည်။

အိုင်စီတီလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးအတွက်အပြင် လူငယ်များ စနစ်တကျနှင့် သတင်းအချက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ပိုမိုသင်ယူခွင့်ရနိုင်ကြရန် မျှော်လင့်ထားပြီး အသက်မွေးဝမ်းကျောင်းမှုများလည်း ပိုမိုမြင့်တက်လာပြီး ပြည်တွင်းနည်းပညာလိုအပ်မှုအဆင့်အတန်းကိုလည်း မြင့်မားလာစေမည်ဖြစ်ကြောင်းသိရသည်။

စီမံကိန်းကာလကို နှစ်နှစ်သတ်မှတ်ထားပြီး လာမည့် ၂၀၁၈ ခုနှစ်တွင် သန်လျင်မြို့နယ်ရှိ အိုင်စီတီမြို့တော်ကြီး စတင်သက်ဝင်လာနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းချုပ်မှ သိရှိရသည်။

**(မြန်မာ့အလင်း)**

# အိန္ဒိယ–မြန်မာနယ်စပ်မြို့များတွင် နောက်ဆက်တွဲငလျင်များထပ်မံလှုပ်ခတ်နိုင် ဒေသခံများ သတိထားကြရန်လိုအပ်

**ရန်ကုန် ဇန်နဝါရီ ၅**

ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီခွဲ အချိန်ခန့်က မြန်မာနိုင်ငံနှင့်ကပ်လျက် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မဏိပူရပြည်နယ်တွင် အင်အား ၆ ဒသမ ၈ ရစ်ချ်စတာစကေးရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ယင်းဖြစ်စဉ်ကြောင့် နောက်ဆက်တွဲငလျင်များ ကြုံလာနိုင်သည့်အတွက် နယ်စပ်မြို့များ သတိထားသင့်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးသူရထွန်းက ပြောကြားသည်။

မြေထုများ၏ ရွေ့လျားပွတ်တိုက်မှုကြောင့် အင်အားပြင်းငလျင်များ ဖြစ်ပွားတတ်ပြီး ယင်းသို့ မြေထုပုံမှန်အတိုင်း လှုပ်ရှားမှုကြောင့် ငလျင်ဖြစ်ပွားရတတ် သကဲ့သို့ ပြတ်ရွေ့များနှင့် နီးစပ်သည့်နေရာများတွင် ငလျင်လှုပ်ပါက နောက်ဆက်တွဲငလျင်လှုပ်နိုင်ခြေများပြားကြောင်း သိရသည်။

ထို့အပြင် ယခုအိန္ဒိယငလျင်သည် အိန္ဒိယ Eurasian ကျောက်သားထုမှာ မြောက်ဘက်သို့ ရွေ့လျားရာမှတစ်ဆင့် ယခုကဲ့သို့ ငလျင်ဖြစ်ပေါ်ရခြင်း ဖြစ်နိုင်ကြောင်းသိရပြီး အဆိုပါကျောက်လွှာထုများသည် တစ်နှစ်လျှင် ငါးစင်တီမီတာအထိ ရွေ့လျားနေခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ ကလေးမြို့အနီးရှိ ကဘော်ပြတ်ရွေ့နှင့် မဏိပူရ ပြတ်ရွေ့များအကြား နယ်စပ်မြို့များတွင် နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နိုင်ခြေပိုမိုများပြားသည့်အတွက် သတိထားကြရန် လိုအပ်ခြင်းဖြစ်ကြောင်း ဦးစိုးသူရထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံသည် စစ်ကိုင်းပြတ်ရွေ့ကြောကြီးကြောင့် ငလျင်ဖြစ်ပွားနိုင်ခြေများပြားသဖြင့် သတိရှိကြရန်နှင့် ငလျင်လှုပ်ပါက စနစ်တကျ နေထိုင်တတ်ကြရန် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း သိရသည်။

အကယ်၍ အရေးပေါ်အခြေအနေများတွင် အန္တရာယ်ဖြစ်စေမည့် ပြိုပျက်နိုင်သော အဆောက်အအုံများနှင့် လွတ်ကင်းအောင်နေထိုင်ရန် လိုအပ်ပြီး ပြင်ဆင်ထားသင့်ကြောင်း ဦးစိုးသူရထွန်းထံက သိရသည်။

**သွန်းဝသန်**

# ကလေးများအတွက် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချမှု မြန်မာစာဖြင့် မဖော်ပြပါက တိုင်ကြားနိုင်တော့မည်

သတင်း–သွန်းဝသန် ဓာတ်ပုံ–မေဦးမိုး

**ရန်ကုန် ဇန်နဝါရီ ၅**

ကလေးများအတွက် အစားအသောက်များရောင်းချရာတွင် မည်သည့်နိုင်ငံထုတ်ကုန်ဖြစ်စေ မြန်မာဘာသာဖြင့် စနစ်တကျ ရေးသားမဖော်ပြသည်ကို တွေ့ရှိရပါက ရောင်းချသူနှင့် ထုတ်လုပ်ဖြန့်ဖြူးသူများကို အရေးယူနိုင်ပြီး မည်သူမဆို စနစ်မကျသည့် ကလေးအစားအသောက်များကို မြင်တွေ့ရပါက အရေးယူခြင်းများကို မကြာမီ စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ကလေးငယ်၏ ဖြည့်စွက်စာများကို အသက် ခြောက်လတွင် စတင်ကျွေးမွေးလေ့ရှိကြပြီး အများအားဖြင့် ပြည်တွင်းဖြစ်ထက် နိုင်ငံခြားမှ တင်သွင်းသည့် နို့မှုန့်နှင့် ဖြည့်စွက်စာများကို အများဆုံးဝယ်ယူအသုံးပြုနေကြသည်။ ယခုနောက်ပိုင်းတွင် အချို့သော နာမည်ရကုန်အမှတ်တံဆိပ်များတွင် မြန်မာစာဖြင့် ရေးသားထားသည့် ပါဝင်သည့်ကုန်ကြမ်းများ၊ ရရှိနိုင်သည့် အဟာရအချိုးအစားနှင့် အသုံးပြုပုံများ၊ သတိပေးချက်များနှင့် ဆက်သွယ်ရန် ပြည်တွင်းဖြန့်ဖြူးခွင့်ရရှိသည့် လိပ်စာများကို ဖော်ပြလာကြသည်ကို တွေ့မြင်ရသော်လည်း ကုန်အမှတ်တံဆိပ်အားလုံးတွင် မြန်မာစာဖြင့် ရေးသားမှုမှာ အားနည်းနေသေးကြောင်း သိရသည်။

"ဈေးကွက်ထဲမှာဖြန့်ဖြူးနေတဲ့ ကုန်အမှတ်တံဆိပ်တွေအားလုံးကို မှာကြားထားပါတယ်။ မြန်မာစာနဲ့ ရေးသားထားခြင်းမရှိရင် လုံးဝခွင့်မပြုတော့ပါဘူး။ အခုနှစ်ထဲမှာပဲ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းပြီး ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းသွားဖို့ရှိပြီး အဖွဲ့က အရေးယူတာတွေနဲ့ တိုင်ကြားမှုကို စိစစ်တာတွေ စတင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဈေးကွက်တင်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူသွားဖို့ရှိပါတယ်။ လက်ရှိမှာတော့ ပညာပေးအစီအစဉ်တွေ လုပ်ဖို့ရှိတယ်" ဟု စားသောက်ကုန်ကွပ်ကဲမှု တာဝန်ရှိသူတစ်ဦးက ဖြေကြားသည်။

အွန်လိုင်းဈေးကွက်နှင့် တစ်နိုင်တစ်ပိုင်ရောင်းချမှုများ အားကောင်းလာခြင်းကြောင့် နိုင်ငံခြားမှ ကလေးအာဟာရ အစားအစာများသည် အရည်အသွေး စမ်းသပ်ချက်မရှိဘဲ ပြည်တွင်းကလေးအစားအစာဈေးကွက်သို့ ဝင်ရောက်မှုများပြားလာသည့်အပြင် နယ်စပ်မှ တရားမဝင်တင်သွင်း သည့်အစားအစာများမှာလည်း အရည်အသွေး အာမခံချက်မရှိကြောင်းသိရသည်။

"ကလေးအာဟာရနဲ့ ဖြည့်စွက်စာတွေက အိမ်နီးချင်းနိုင်ငံမှာ ဈေးပိုသက်သာပြီး ဒီမှာရောင်းကြတဲ့အခါ ဈေးတွေ အဆမတန်များနေတာကို တွေ့ရပါတယ်။ ဒါပေမယ့် တရားဝင်ကုန်စည်တွေက အရည်အသွေး ပိုစိတ်ချရပါတယ်။ ကလေးငယ်တွေအတွက် အစားအစာက အလွန်အရေးကြီးတာကြောင့် စနစ်တကျ ရွေးချယ်ဖို့လိုပါတယ်။ ကလေးကုန်စည်တွေအပြင် ကျောင်းနေအရွယ်ကလေးတွေ စားသုံးတဲ့ အသင့်စားမုန့်တွေနဲ့ သွားရေစာတွေကိုလည်း စနစ်တကျနဲ့ စိစစ်ရောင်းချဖို့အတွက်လည်း နောက်ပိုင်းမှာ လုပ်ဆောင်သင့်တယ်"ဟု ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာလွင်လွင်မော်က ပြောကြားသည်။

**(မြန်မာ့အလင်း)**



# မူဆယ်မြို့၌ လွတ်လပ်ရေးအောင်ပွဲကျင်းပ

**မူဆယ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ၂၀၁၆ ခုနှစ်တွင် ကျရောက်လာသည့်(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီမိနစ် ၂၀ က မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။ ထို့နောက် နံနက် ၇ နာရီတွင် မူဆယ်မြို့ရှိ ပြည်ထောင်စုအားကစားကွင်းတွင်(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကိုဆက်လက်ကျင်းပခဲ့သည်။

အခမ်းအနားသို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်အဖွဲ့များ၊ ယဉ်ကျေးမှု အဖွဲ့များ၊ မြို့နယ်အထောက်အကူပြု ကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများစုစုပေါင်း ၁၂၀၀ ခန့်တက်ရောက်ခဲ့ပြီး မူဆယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး မြစိန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြုတပ်ဖွဲ့နှင့် ပြည်သူများက နိုင်ငံတော်အလံအားအလေးပြုခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

# လွတ်လပ်ရေးနေ့တွင် ကလေးပြိုင်ပွဲကျင်းပ

**ကျောက်တံခါး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အသက်အပိုင်းအခြားအလိုက် ဆုရရှိသော ကလေးငယ်များအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများကိုလည်းကောင်း၊ သုံးမြွှာပူးကလေးနှင့် နှစ်မြွှာပူးကလေးငယ်များအား ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဟားခါးမြို့ ဈေးသစ်ရပ်ကွက်၌ ထမင်းပေါင်းအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်

**ဟားခါး ဇန်နဝါရီ ၅**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် မြို့ပတ်လမ်း(၁)၌ ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီခွဲတွင် မီးလောင်မှု ဖြစ်ပွားခဲ့ရာ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ ယင်းဈေးသစ်ရပ်ကွက်ရှိ အိမ်ရှင် ဦးခွာကီးယန်နေအိမ်၌ ငှားရမ်းနေထိုင်ကြသော တယ်လီနော ဆက်သွယ်ရေးကုမ္ပဏီ အဖွဲ့က လျှပ်စစ်ထမင်းပေါင်းအိုး တည်ရာမှ အပူလွန်ကဲကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာ နေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ ချက်ချင်းရောက်ရှိလာပြီး မီးသတ်ယာဉ်နှစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လှည်းတန်းခုံးကျော်တံတားအတက် ယာဉ်တိမ်းမှောက် တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ


**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ယနေ့နံနက် ၀၀ နာရီ ၁၅ မိနစ်က ကိုယ်ပိုင်ယာဉ်တစ်စီး တိမ်းမှောက်၍ တစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာ ရရှိခဲ့မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါမြို့နယ် ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း နေလင်းအောင်(၃၂ နှစ်) မောင်းနှင်လာသော ကိုယ်ပိုင်ယာဉ် 3K/----- Toyota wish (အဖြူရောင်) ယာဉ်သည် နာနတ်တောလမ်းထိပ် (လှည်းတန်းခုံးကျော်တံတားအတက်) အရောက်တွင် အရှိန်ကိုမထိန်းနိုင်ဘဲ လမ်းလယ်ရှိကွန်ကရစ်တုံးများကို တိုက်မိပြီးယာဉ်မှာ ပက်လက်အနေအထားဖြင့် တိမ်းမှောက်သွားသည်။

"မှောက်သွားတဲ့ ကားထဲကနေ မီးခိုးတွေထွက်နေလို့ လမ်းခင်းနေတဲ့ အလုပ်သမားတွေက ရေပိုက်နဲ့ ဝိုင်းငြိမ်းနေတယ်၊ စည်ပင်ရေသယ် ယာဉ်က အဆင်သင့်ရှိနေလို့ အချိန်မီ ငြိမ်းသတ်နိုင်ခဲ့တယ်၊ ဒဏ်ရာရရှိတဲ့သူတွေကိုတော့ လူနာတင်ယာဉ်နဲ့ ဆေးရုံပို့လိုက်တာကို တွေ့ရတယ်" ဟု အဆိုပါ ဖြစ်ပွားမှုအနီးရှိ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်းမှာ အခင်းဖြစ်သည့်



နေရာ၌ သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည့်အပြင် လမ်းလယ်ကွန်ကရစ်တုံးများနှင့် ယာဉ် ပျက်စီးခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မှုစစ်ရဲအုပ် ဇော်ဝေလင်းက စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ယာဉ်မောင်းအား ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အတွင်း ယာဉ်မတော်တဆမှု အကြိမ် ၃၀ ဖြစ်ပွားခဲ့ပြီး ၁၀ ဦး သေဆုံးခဲ့ကာ ၅၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်း၌ ယာဉ်မတော်တဆမှု အကြိမ်ပေါင်း ၁၉၇၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၇၁ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၆၀၄ ဦးအထိရှိခဲ့ကြောင်း တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်း - ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ - တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ခရီးသည်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ကုက္ကိုပင်ဝင်တိုက်

**တပ်ကုန်း ဇန်နဝါရီ ၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မိုင်တိုင်အမှတ် (၂၇၇/၆) နှင့် (၂၇၇/၇) ကြား စက်သုံးဆီအရောင်းဆိုင်ရှေ့၌ ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီက တပ်ကုန်းမှ ရမည်းသင်းဘက်သို့ ယာဉ်မောင်း ရာဇာမိုး(၃၂ နှစ်) တောင်ငူမြို့ မောင်းနှင်လာသော ခရီးသည်တင်မှန်လုံ(ဓူဝံ) နေပြည်တော်-မူဆယ်သည် ရှေ့မှဆိုင်ကယ်အား ရှောင်တိမ်းရာမှ လမ်းဝဲဘက်ဘေးရှိ ကုက္ကိုပင်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ ယာဉ်ပေါ်၌ပါလာသည့် ခရီးသည် ၁၃ ဦး ဒဏ်ရာများရရှိသွားသဖြင့် တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရ သည်။

**(၀၂၁)**




# မကွေးမြို့၌ အော်ရီဒူးဆက်သွယ်ရေး ကုမ္ပဏီရုံး မီးလောင်

**မကွေး ဇန်နဝါရီ ၅**

မကွေးမြို့ ရန်မျိုးလုံရပ်ကွက် အမှတ်(၁၁၁) သုခိတာလမ်းရှိ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ် အော်ရီဒူး ဆက်သွယ်ရေးကုမ္ပဏီရုံး၌ ဇန်နဝါရီ ၃ ရက် ည ၁၀ နာရီ ၂၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်ရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ ခေတ်မီမီးငြိမ်းသတ် ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီး စုစုပေါင်း ၁၀ စီးဖြင့် သွားရောက်ငြိမ်းသတ်ရာ ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိ သေဆုံးခြင်းမရှိကြောင်းနှင့် အဆိုပါမီးလောင်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိပြီး အော်ရီဒူးမှ မန်နေဂျာအား မကွေးမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **ညီညီမောင်(မကွေး)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံကျော် ဓမ္မကထိက အရှင်ပညာနန္ဒ သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ-သဒ္ဓမ္မဇောတိကဓဇ-မဟာဂန္ထဝါစကပဏ္ဍိတ သီတဂူကြယ်တစ်ပွင့် ဆရာတော်အား လွတ်လပ်ရေးနေ့တွင် သာသနာပြုပရဟိတ စွမ်းရည်မြင့်မားတော်မူသဖြင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ဆက်ကပ်လှူဒါန်းသည့် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆက်ကပ်လှူဒါန်းသည့် **ဇေယျာလူမှုထူးချွန်** ပထမဆင့်ကိုလည်းကောင်း ထိုက်ထိုက်တန်တန် ဆက်ကပ်ပူဇော်ခံယူမှုရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆရာတော် အိန္ဒိယနိုင်ငံသို့ကြွရောက်၍ ကျောက်ကပ်အစားထိုးလဲလှယ်ခွဲစိတ်ကုသမှုအောင်မြင်ပြီးဖြစ်၍ (၆)လမျှ အနားယူပြီးလျှင် တရားဓမ္မများ ပြန်လည်ဟောကြား ပရဟိတလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်ရာ ပို၍ပို၍ ဂုဏ်ယူဝမ်းသာရပါသည်ဘုရား။

**သီတဂူကြယ်တစ်ပွင့် ပရဟိတ**
**ရွှေကုသိုလ်မောင်မယ်များအဖွဲ့**
**မန္တလေး**
**ဖုန်း-၀၉-၆၈၁၂၈၉၆၊ ၀၉-၂၀၁၁၁၅၃**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးခင်ဝင်း ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံထူးချွန်တတိယဆင့် (၂၀၀၁)(ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မွန်/ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ရုံးခွဲ) (21 Paradise Hotel Setse Beach & 21 Paradise Natural Hot Spring သံဖြူဇရပ်မြို့နယ် မွန်ပြည်နယ်)အား ၂၀၁၆ခုနှစ် ဇန်နဝါရီ ၄ရက်တွင် **သုဓမ္မမဏိဇောတဓရ**ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ဦးအောင်မြင့်ရွှေနှင့် ဝန်ထမ်းများ**
**21 Paradise Hotel (စက်စဲကမ်းခြေ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ် ၄/၂၀၁၅-၂၀၁၆)

လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၀)ရေကြည်မြို့၏ (စတုတ္ထအကြိမ်) ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ လမ်းအပိုင်းအလိုက်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

ပစ္စည်းအမျိုးအစားများမှာ ကျောက်ရွယ်စုံ၊ သဲ၊ မြေရောကျောက်စရစ်များဖြစ်ပါ သည်။

(က) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၆ရက် နံနက် ၉း၀၀နာရီ
(ခ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၆ရက် နံနက် ၉း၃၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၂၀) ရေကြည်မြို့တွင် ၅-၁-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သုံးမြှောင်လမ်း၊ အမှတ် ၂၁တွင် ဆောက်လုပ်လျက်ရှိသော ရှစ်ထပ်ခွဲတိုက်သစ်(ဓာတ်လှေကားပါ)၊ ငါးလွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ရီရီအေး(TME-036742)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထာနွယ်ခင်**(LL.B,D.I.R,D.I.L)
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)**
**(ရှေ့နေနားနေခန်း၊ဒဂုံတောင်တရားရုံးအတွင်း)**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊၀၉-၇၃၀၂၇၂၀၄)**

**ဦးကျော်မိုးလွင်**(LL.B, D.I.L)
**ဒေါ်ခိုင်ဇင်ဝင်း**(LL.B, D.B.L)
**ဒေါ်ထွေးဇာခြည်**(LL.B, D.B.L)
**(အထက်တန်းရှေ့နေများ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၇/ဖမန(နိုင်)၁၂၃၅၈၅ ကိုင်ဆောင်ထားသူ မောင်မိုးကျော်ဝင်းနှင့် မောင်မိုးဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

U SEINLIN @ SEIN OO CDC-62289 Rank-OLR ၏ DSD လက်မှတ် (03822714) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၄၂၀၃၀**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်မ မဆွေဇင်ဦး ၁၀/ခဆန(နိုင်)၀၉၇၆၃၇နှင့် မောင်ထိပ်တင်မိုး ၇/လပတ(နိုင်)၁၂၅၂၆၁တို့သည် ၁-၁-၂၀၁၆ရက် အသိသက်သေလူကြီးများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပျက်စဲပြီးစီးပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မဆွေဇင်ဦး**
**၁၀/ခဆန(နိုင်)၀၉၇၆၃၇**

# အိန္ဒိယနိုင်ငံမှ လေယာဉ်တစ်စင်း အောက်ဆီဂျင်စနစ်ချွတ်ယွင်း၍ ရန်ကုန်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရ

**ရန်ကုန် ဇန်နဝါရီ ၅**

အိန္ဒိယနိုင်ငံအခြေစိုက် Jet Airways လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ပျံသန်းနေစဉ် အောက်ဆီဂျင်စနစ်ချွတ်ယွင်းခဲ့သဖြင့် ယနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အဆိုပါလေဆိပ်မှ စုံစမ်းသိရှိရသည်။ **(အောက်ပုံ)**




အဆိုပါလေကြောင်းလိုင်းမှ လေယာဉ်အမှတ် VT-JBZ လေယာဉ်သည် ခရီးစဉ်အမှတ် 9W 70 ဖြင့် လေယာဉ်အမှုထမ်းရှစ်ဦးနှင့် ခရီးသည် ၁၈၃ ဦး လိုက်ပါလာပြီး အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ထွက်ခွာလာရာ မြန်မာနိုင်ငံသို့ ဖြတ်ကျော်ပျံသန်းစဉ် အောက်ဆီဂျင်စနစ်ချွတ်ယွင်းခဲ့သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

"လတ်တလောမှာတော့ ခရီးသည်တွေအကုန်လုံး လေဆိပ်မှာပဲရှိပါတယ်။ အဲဒီလေကြောင်းလိုင်းကပဲ သူတို့အစီအစဉ်နဲ့ ခရီးသည်တွေကို နေ့ချင်းလာရောက်ခေါ်မယ်လို့သိရပါတယ်။ ဗန်ကောက်ကနေ နောက်ထပ် လေယာဉ်တစ်စင်းနဲ့လာခေါ်ဖို့များပါတယ်။ အခုလေယာဉ်ကိုတော့ ဘယ်လိုဆက်လုပ်မယ်ဆိုတာမသိရသေးပါဘူး။ လေယာဉ်ကတော့ ခရီးသည်မပါရင် ပျံလို့ရတယ်လို့သိရတယ်"ဟု အဆိုပါလေဆိပ်မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ယခုအခါ အဆိုပါလေယာဉ်မှ တာဝန်ရှိသူများနှင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အင်ဂျင်နီယာနှင့်အဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်၍ လေယာဉ်ကို ပြုပြင်စစ်ဆေးမှုများပြုလုပ်လျက်ရှိသည့်အပြင် ခရီးသည်များအတွက် Myanmar Aviation Center နှင့် လေဆိပ်မှတာဝန်ရှိသူတို့က လိုအပ်ချက်များကိုကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နောက်ဆုံးသတင်းအရ အဆိုပါလေကြောင်းလိုင်းရှိ လေယာဉ်တစ်စင်းအား နယူးဒေလီမှ ရန်ကုန်မြို့သို့စေလွှတ်ပြီး ဗန်ကောက်မြို့သို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း နယူးဒေလီရှိ ယင်းလေကြောင်းလိုင်းမှ ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

## ပခုက္ကူမြို့ ကမ္ဘောဇဘဏ်၌ မီးလန့်မှုဖြစ်ပွားအောင်ပြုလုပ်သူအား CCTV မှတ်တမ်းဖြင့် ဖမ်းဆီးရမိ

**ပခုက္ကူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက် လွတ်လပ်ရေးလမ်းရှိ ကမ္ဘောဇဘဏ်(ပခုက္ကူ)တွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က မီးလန့်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်အား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ကမ္ဘောဇဘဏ်(ပခုက္ကူ)၏ အများသုံး (ကျား)အိမ်သာခန်း၌ မီးလောင်နေသဖြင့် ဘဏ်ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်ခဲ့ကြောင်း၊ ယင်းနေရာတွင် မီးလောင်ထားသည့် ဓာတ်ဆီနံ့ရ တစ်လီတာဝင် ပလတ်စတစ် တစ်ဘူး တွေ့ရှိရပြီး မီးလောင်မှုကြောင့် အိမ်သာသုံး ပလတ်စတစ်ပိုက်နှစ်လက်မခန့် မီးလောင်ခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဘဏ်ဝန်ထမ်းများက ဘဏ်ဝင်/ထွက်ပေါက်များကို ပိတ်ဆို့ဖမ်းဆီးခဲ့ရာ CCTV မှတ်တမ်းအရ မီးလောင်မှုဖြစ်ပွားချိန်တွင် (ကျား)အိမ်သာအတွင်းမှ မီးလောင်နေကြောင်း အော်ဟစ်၍ ထွက်ပြေးကာ ငွေစုပုံထားရှိရာ အခန်းအတွင်းသို့ ပြေးဝင်သွားသည့် မျိုးဆက်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းအမှုနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့ မြို့မစခန်းမှ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**မရမ်းကုန်းမြို့နယ်ကိုယ်စားပြု ဘောလုံးသမားဟောင်းများက ဘောလုံးနည်းပြဆရာကြီးများအား (၅)ကြိမ်မြောက် ဆရာကန်တော့ပွဲကို ဇန်နဝါရီ ၄ ရက်က ကျိုက်ဝိုင်းအားကစားကွင်း၌ ကျင်းပရာ ကန်တော့ခံဆရာများဖြစ်သည့် ဦးသိန်းအောင်၊ ဦးမောင်မောင်ခင်၊ ဦးကံမြင့်နှင့် ဦးသိန်းဆင့်တို့အား ပူဇော်ကန်တော့ခဲ့ပြီး အမှတ်တရ ဘောလုံးယှဉ်ပြိုင်ကစားခဲ့ကြကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။** ဖိုးသော်ဇင်

● *ကျောဖုံးမှ*

ယင်းသင်္ဘော၏အမည် Varad သည် Sanskrit စကားစုဖြစ်သော "Sahyadri VaradHast" မှ ဆင်းသက်လာခြင်းဖြစ်ပြီး "ဆန္ဒများအား ဖြည့်ဆည်းပေးခြင်း" ဟု အဓိပ္ပာယ်ရသည်။ သင်္ဘောပေါ်တွင် အရာရှိ ၁၁ ဦးနှင့် တပ်သား ၉၅ ဦး လိုက်ပါလာပြီး အားလုံးမှာမြန်မာနိုင်ငံသို့ စိတ်ဝင်တစားလာရောက်လို သူများဖြစ်သည်။

ယင်းသင်္ဘောသည် ရေကြောင်းဆိုင်ရာ မိုင်ပေါင်း ၅၀၀၀ ကျော်မျှ ခံနိုင်စွမ်းရည်ရှိပြီး ပုံမှန်အားဖြင့် ပင်လယ်ပြင်တွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ပင်လယ်ရေပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးတာဝန်များအပြင် တရားမဝင်ကုန်သွယ်မှုဆန့်ကျင်ရေးနှင့် လျှို့ဝှက်စွာဝင်ရောက်လာမှု တားဆီးရေးတို့အတွက် ကင်းလှည့်တာဝန်များကို ထမ်းဆောင်နေသည်။

သင်္ဘောပေါ်တွင် Chetak ဟယ်လီကော်ပတာတစ်စင်း တင်ဆောင်နိုင်ပြီး ဤသို့ ရှိခြင်းကြောင့် သင်္ဘော၏စုံစမ်းထောက်လှမ်းခြင်း၊ တရားဝင်အာဏာဖြင့်တားမြစ်ခြင်းများနှင့် ပင်လယ်ပြင်တွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်သည်။

ရန်ကုန်၌ရှိနေစဉ်အတွင်း သင်္ဘောကို ဦးဆောင်လာသူအရာရှိနှင့် တပ်သားများသည် မြန်မာနိုင်ငံသားများအပြင် မြန်မာ့တပ်မတော်(ရေ)၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် စသည့်တာဝန်ရှိသူများနှင့်တွေ့ဆုံကြမည်ဖြစ်သည်။ သင်္ဘော၏ Commanding Officer သည် တာဝန်ရှိ တပ်မတော်အရာရှိကြီးများနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး တပ်သားများသည် မြန်မာ့ရေတပ်မတော်နှင့် ချစ်ကြည်ရေး အားကစားပွဲများ ပါဝင်ဆင်နွှဲမည်ဖြစ်သည်။

**(သတင်းစဉ်)**


## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၆(၄-၁-၂၀၁၆) ဖြင့် **သုဓမ္မမဏိဇောတဓရ ဦးကျော်ငွေး**(မန်နေဂျင်းဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ၏ ချစ်ဇနီး **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **"သုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးမြင့်လွင်-ဒေါ်ရီရီမော်(မိသားစု)**
**ပြည့်စုံပရိဘောဂ၊ လယ်ဝေးမြို့၊ နေပြည်တော်**

## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၆(၄-၁-၂၀၁၆) ဖြင့် **သုဓမ္မမဏိဇောတဓရ ဦးကျော်ငွေး**(မန်နေဂျင်းဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ၏ ချစ်ဇနီး **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **"သုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးကိုကိုလတ်-ဒေါ်ရီရီသွယ်**
**သမီး-မေသဲချယ်**

## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၆(၄-၁-၂၀၁၆) ဖြင့် **သုဓမ္မမဏိဇောတဓရ ဦးကျော်ငွေး**(မန်နေဂျင်းဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ၏ ချစ်ဇနီး **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **"သုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးလှအောင်-ဒေါ်အောင်မေတင်**
**ရွှေမြင့်မိုရ်(မိသားစု)၊ လယ်ဝေးမြို့၊ နေပြည်တော်**

## လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ (၁၄× ၁၅ နှင့် ၈၁×၈၂)လမ်းကြား၊ အမှတ် ၁၄/၁ နေ
ဦးသိန်းဝင်း-ဒေါ်တင်တင်အေး(21 ကွန်ပျူတာစာစီနှင့် မိတ္တူ)တို့၏သား
မနိုနိုကို B.E(IT)၏ အစ်ကို

**ဒေါက်တာအောင်ဆက် M.B.,B.S(Mdy)**
**Programme Associate(HIV), UNOPS**

**နှင့်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၃၀×၃၁ နှင့် ၆၅×၆၆)လမ်းကြား၊ မင်းကွန်းအိမ်ရာ၊ အခန်း(AB, 5) နေ
ဒုတိယဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)(ညွှန်ကြားရေးမှူး၊စီမံ)(ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း)-
ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်မြတ်မြတ်သန်း တို့၏သမီးငယ်
ဒေါက်တာမြတ်မဥ္ဇူ(လက်ထောက်ဆရာဝန်၊ အလုပ်သမားဆေးရုံကြီး၊ မန္တလေး)၏ ညီမ

**ဒေါက်တာအေးမြတ်သူ M.B.,B.S(Mdy)**
**(လက်ထောက်ဆရာဝန်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)**

တို့၏ ၂၅-၁၂-၂၀၁၅ ရက် နံနက် ၀၈း၀၀ နာရီတွင် ပဒုမ္မာခန်းမ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး ဒေါ်ခင်သောင်းစိုးတို့အား လည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်ကျော်ဦး(ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)နှင့် ဦးလှအောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့တော်စည်ပင်၊ မန္တလေး)တို့အားလည်းကောင်း၊ လက်မှတ်ရေးထိုးရာတွင် ကူညီဆောင်ရွက်ပေးပါသော ကန့်ဘလူမြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီး ဦးဟိန်းသူရိန်အားလည်းကောင်း၊ နံနက် ၁၀း၀၀ နာရီတွင် မန္တလေးမြို့ အောင်ချမ်းသာ ပရိယတ္တိစာသင်ကျောင်း၌ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိဆြည့်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ညနေ ၁၇း၀၀နာရီတွင် Oriental House ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ခင်သန်းမြင့်တို့အား လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး(ရေ)(ငြိမ်း)နှင့် ဇနီးဒေါ်ညိုညိုသန်း၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးမင်းချစ်ဦး (ငြိမ်း)နှင့် ဇနီး သုဓမ္မသိင်္ဂီဒေါ်ညိုညိုဝေလွင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဗိုလ်မှူးကြီးကျော်မြင့်(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း)ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများ၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)နှင့် အထွေထွေမန်နေဂျာ(စက်ရုံ)(မြစ်ငယ်)နှင့် လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပို့ပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဇနီး ဒေါက်တာဒေါ်အေးကြည်ညွှန့်၊ လုပ်ဖော်ကိုင်ဖက်ဆွေမျိုးမိတ်ဆွေသူငယ်ချင်းအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် မင်္ဂလာဆွမ်းကျွေးရာတို့တွင် မေတ္တာဖြင့်ကူညီပေးပါသော ပဒုမ္မာခန်းမမိသားစုအားလည်းကောင်း၊ လက်ထပ်မင်္ဂလာဧည့်ခံပွဲအတွက် အဘက်ဘက်မှ ကူညီပေးခဲ့သော ဒေါက်တာမွန်မွန်ငွေးအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအပေါင်းတို့အားလည်းကောင်း အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘဘိုးဘွားများနှင့်**
**ဒေါက်တာအောင်ဆက်-ဒေါက်တာအေးမြတ်သူ**

# လောင်းဂရိတ်ဝဲထဲမှ လူ ၁၄ ဦး၏အသက်ကို ကယ်တင်နိုင်ခဲ့သူ ချင်းတွင်းရေလုပ်သား

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁ ရက် နေ့က ချင်းတွင်းမြစ် သွားရာ ဇာထွန်းအမည်ရ အမြန်ရေယာဉ် တစ်စင်း ကလေးဝမြို့နယ် ဂဇက်ရွာ အထက် တစ်မိုင်ခန့်အကွာ လောင်းဂရိတ် ဝဲအတွင်း နစ်မြုပ်ခဲ့သည်။

အဆိုပါ အမြန် ရေယာဉ်သည်ဟောင်း ပါးဆန်အမြန်ရေယာဉ်ဖြစ်ပြီး ပစ္စည်းများနှင့်အတူ အသက်သေဆုံးသူ များလည်းရှိခဲ့သည်။ ကလေးဝမြို့နယ် ဂဇက်ကျေးရွာအုပ်စုမှ ကျေးရွာဒေသခံများလည်း လူမှုရေးအသိစိတ်ဓာတ် အပြည့်ဖြင့် ကိုယ်ချင်းစာစိတ်ထားကာ မြင့်မြတ်သော စိတ်ဓာတ်များဖြင့် ကူညီခဲ့ကြသည်။ ဝိုင်းဝန်းခဲ့ကြသည်။ ထိုအထဲတွင် ဂဇက်ကျေးရွာအုပ်စု အတွင်းရှိ အုန်းပင်စုကျေးရွာနေသားသမီး ငါးဦးတို့၏ဖခင် အသက် (၄၉ နှစ်)ခန့်ရှိ ရေလုပ်သား ဦးမြင့်ဒွေးသည် မိမိအသက်ကို ပဓာနမထားဘဲ လူ ၁၄ ဦး၏ အသက်အား ကယ်တင်နိုင်ခဲ့သည်။

ကယ်တင်သူ ရေလုပ်သားဦးမြင့်ဒွေးနှင့်ဇန်နဝါရီ ၃ရက်က မုံရွာမြို့တွင် တွေ့ဆုံခဲ့စဉ် ကယ်ဆယ်ရေးအတွေ့အကြုံများကို မေးကြည့်ရာ "ချင်းတွင်း မြစ်ထဲပိုက်ဖြန့်သွားမလို့ဆင်းတာ၊ စက်လှေကြိုး ဖြုတ်ပြီး ဆန်တက်သွားတယ်။ ကုန်တင်မော်တော် ယာဉ်တစ်စင်း ရေလယ်မှာ ရပ်နေတာတွေ့ရတယ်။ လှမ်းကြည့်လိုက်တော့ ပစ္စည်းတွေ မျောလာတာ ဖွေးလို့တွေ့ရတယ်။ ဒါမော်တော်မြုပ်တာပဲဆိုတာ သိရတော့ စက်ရှိန်မြှင့်ပြီး မောင်းတော့တာပဲ။ ကျွန်တော် တစ်ယောက်တည်းပါ။ အထုပ်တွေ၊ ပုံးတွေနဲ့မျောနေတဲ့ အမျိုးသမီး ခုနစ်ယောက်ကို ဦးဆုံးစတွေ့ရတယ်။ ခုနစ်ယောက်လုံးကို တစ်ဦးတည်း မနိုင်မနင်းနဲ့ ဆွဲတင်ရတယ်။ အဲဒီအချိန် ကုန်အမြန်ယာဉ်တစ်စင်းအနားမှာ ရောက်လာတော့ အဲဒီခုနစ်ယောက်စလုံးကို ကုန်တင်ရေယာဉ်နဲ့ တင်ပေးလိုက်တယ်။ ကယ်ပေးတဲ့နေရာက မော်တော်မြုပ်တဲ့နေရာနဲ့ နှစ်ဖာလုံလောက် ဝေးသေးတာ။ မြုပ်တဲ့ မော်တော်ဆီကိုသွားဖို့ စက်နှိုးနေတုန်း အနားမှာရှိတဲ့ ဘဝတူရေလုပ်သားက ဟိုမှာအစ်ကိုကြီး လုပ်စမ်းပါဦး၊ လှမ်းအော်လို့ကြည့်လိုက်တော့ သတိလစ်နေတဲ့ အမျိုးသမီးတစ်ယောက်တွေ့ရတယ်၊ သူ့ကိုလည်း ကယ်ပြီး မော်တော်ပေါ်ပို့ပေးလိုက်ရတယ်။ မော်တော်ပေါ်လည်း ရောက်ရော ကျွန်တော် ချက်ချင်းပဲ ဝဲထဲကို စက်လှေနဲ့ ဆန်တက်ခဲ့တယ်။ ဝဲထဲမှာ သုံးယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ ငါးသေတ္တာပုံးတွေကို ကုတ်ကတ်ကိုင်ပြီး လည်နေတာ တွေ့ရတယ်။ အဲဒါနဲ့ စက်ကိုအရှိန်လျှော့ တက်နဲ့သတိထားလှော်သွားပြီး သူတို့နှစ်တွဲ ခြောက်ယောက်ကိုဆွဲတာ မရဘူး။ မရတော့မြင်းခြံက အဘိုးကြီး ဦးလှထွန်းကို လှေပေါ်တွန်းတင်ပေးလိုက်ရတယ်။ မြောက်ဘက်က ကျောက်ဖျာပေါ်မှာ တစ်ယောက် တင်နေတာတွေ့တော့ သူ့ကိုပါတင်လာတာ ခုနစ်ယောက်ပါ။ တင်လာတော့ ကျောက်ဖျာတစ်ခုပေါ်မှာမှန်ကွဲလား ဘာလား ရှထားတဲ့ အမျိုးသမီးနှစ်ယောက်ကို တွေ့ပြန်တော့ ကယ်လာတဲ့အထဲက ကျောင်းသားအရွယ် သန်မာတဲ့ ကလေးနှစ်ယောက်ကို ကျောက်ဖျာပေါ် ခဏထားခဲ့ပြီး ကျောက်ဖျာပေါ်က နှစ်ယောက်ကို တင်ခဲ့ရတယ်။ ခုနက တင်ပေးလိုက်တဲ့ မော်တော်က ကျွန်တော်တင်ပေးလိုက်တဲ့ ခုနစ်ယောက်နဲ့ စက်လှေက ငါးယောက်စုစုပေါင်း ၁၂ ယောက်ကိုတင်ပြီး ထွက်သွားတယ်။ ကယ်လာတဲ့သူတွေကို ကျွန်တော့်အိမ်မှာတင်ပြီး ပြုစုခဲ့ရတယ်။ စီစဉ် စရာရှိတာစီစဉ်ပြီး ကယ်ဆယ်ရေးအဖွဲ့တွေရောက်လာလို့ ရွာလယ်ဓမ္မာရုံမှာ ကယ်ဆယ်ရေးစခန်းဖွင့်ပြီးမှ ဒုက္ခရောက်တဲ့သူတွေကို ပို့ခဲ့တာပါ။ အဲဒီ အချိန်မှာ အမျိုးသမီးတစ်ယောက်က လှေတစ်စင်းနဲ့ ပတ်ချာလှည့်ပြီး မြစ်ထဲမှာ သူ့ပစ္စည်းကိုရှာနေတယ်။ ဘာပစ္စည်းရှာတာလဲ သေချာမေးတော့ သူကပြောတယ်။ အဲဒီထဲမှာ အကြွေးတောင်း ရမယ့် စာရင်း စာအုပ်ပါလို့ပါတဲ့၊ အဲဒီစာအုပ်မရှိရင် ဘဝပျက်ပါပြီလို့ ပြောလာတာပါ။ ငွေက ငါးထောင်တန် သုံးသိန်းပါတယ်တဲ့။ ဒါနဲ့ ရှာတော့တာပါ။ နှစ်မိနစ်လောက်လည်းကြာရော လှေဦးမှာ တစ်ယောက်ပါတော့ အထုပ်ကလေး မျောလာတာမြင်လို့ ဆယ်ကြည့်ကြတာ အဲဒီအမျိုးသမီးအိတ်ဖြစ်နေတယ်။ အဲဒီအမျိုးသမီးရဲ့အထုပ်ကို ဖွင့်ကြည့်တော့ ကချင်ပုဆိုးအထည် ၄၀၀ လောက် ရှိတယ်။ ရပ်မိရပ်ဖတွေနဲ့ ကျွန်တော်တို့ရေတွက်ထားပြီး ရေစိုတာတွေ လှန်းစရာရှိတာတွေ လှန်းခဲ့ကြတယ်။


ဦးမြင့်ဒွေး

အားလုံးရှေ့မှာ အမျိုးသမီးဆီကို ပစ္စည်းတွေ အပ်နိုင်ခဲ့ပါတယ်။ ကျုန်တဲ့အဖွဲ့တွေက ပစ္စည်းတွေဆယ်တယ်။ ကျွန်တော်ကတော့ ဘာပစ္စည်းမှ မဆယ်ဘဲ လူကိုပဲ အဓိကထား ကယ်ခဲ့တာပါ။ ကယ်ခဲ့ပြီးတော့ ဖွင့်ထားတဲ့ ကယ်ဆယ်ရေးစခန်းမှာ နေ့ရော၊ ညပါ မနားဘဲ ရွာက ပရဟိတအဖွဲ့တွေနဲ့ အားလုံးဝိုင်းဝန်းပြီး စည်ပင်ဝန်ကြီး ဦးတင့်လှိုင်မြင့်တို့ ကလေးခရိုင် အုပ်ချုပ်ရေးမှူးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ အသက်ရှင်လျက်နဲ့ ကယ်နိုင်တာက ၁၄ ယောက်၊ သေလျက်နဲ့ ဆယ်တာ ငါးလောင်းပါ။ သေတဲ့သူတွေအတွက်လည်း ဘုန်းတော်ကြီးတွေပင့်ပြီး ဗုဒ္ဓဘာသာထုံးစံအတိုင်း ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသလို သက်ဆိုင်ရာကလည်း အသက်ရှင်လျက်နဲ့ ကယ်နိုင်တဲ့သူတွေ သွားလိုရာ၊ ဆောင်ရွက်လိုတာတွေ မှန်သမျှကို အခမဲ့ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရေလုပ်သားဦးမြင့်ဒွေးသည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်သည့် ဇေယျာလူမှုထူးချွန် တတိယအဆင့်ကို ရရှိခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကာယလုပ်သား ၂၀ အိမ်စီးစက်ဘီးနင်း၍ ကျိုက်ထီးရိုးဘုရားဖူး

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း(MCC) ခန်းမရှေ့၌ စုရပ်သတ်မှတ်ကာ မရမ်းကုန်းမြို့နယ်၌ ကာယလုပ်သား ၂၀ တို့က အိမ်စီးစက်ဘီးကိုယ်စီစီးနင်းပြီး **(ယာပုံ)** ဇန်နဝါရီ ၃ ရက်က ကျိုက်ထီးရိုး ဘုရားဖူးသွားခဲ့ကြောင်း သိရသည်။



ယင်းအဖွဲ့အား ဦးဆောင်သော အသက်(၅၆နှစ်)အရွယ် ဦးစိန်ဒွေးက "(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတာပါ။ လွတ်လပ်ရေးနေ့ရောက်တိုင်း ကိုယ်ပိုင်အိမ်စီးစက်ဘီးနင်းပြီး ကျိုက်ထီးရိုးဘုရားဖူးတယ်။ ဒီတစ်ခေါက်နဲ့ဆို လေးနှစ်ရှိပြီး ကျွန်တော့်ထက် အသက်ကြီးသူ ဦးမြင့်အောင် (၆၄နှစ်)လည်းပါတယ်။ နှစ်စဉ်သွားနေကျဆိုတော့ အခက်အခဲမရှိပါဘူး။ ပဲခူးမြို့အဝင်မှာ ၁၅ မိနစ်နားတယ်။ စစ်တောင်းမြို့မှာ တစ်ခေါက်ထပ်နားတော့ နောက်တစ်ရက် လွတ်လပ်ရေးနေ့ မနက် ၈ နာရီ ကင်မွန်းစခန်းကို ရောက်ပါတယ်။ ရန်ကုန် ဦးခေါင်းဖြူ ထမင်းဆိုင်မှာ စက်ဘီးအပ် ထမင်းစားတောင်ပေါ်ခြေကျင်တက်ပြီး ဘုရားဖူးတယ်။ တစ်ညအိပ်ပြီး နံနက် ၅ နာရီမှာ ပြန်ဆင်းကြပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (လှိုင်မြို့နယ်)၏ ဇန်နဝါရီ ၄ ရက်က (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ အခမ်းအနားတွင် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာနေကြစဉ်။

(မြို့နယ် ပြန်/ဆက်)




# လွတ်လပ်ရေးနေ့ အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

## မြဝတီ

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြစနီ္ဒကျောက်တိုင်ကွင်း၌ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအလံတင်အခမ်းအနားကို နံနက် ၄ နာရီက ကျင်းပပြီး ခရိုင်အုပ်ချုပ်ရေးမှူး က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## လယ်ဝေး

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားအား ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၄ ရက် နံနက်ကကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ**

## လှိုင်ကော်

ကယားပြည်နယ် လှိုင်ကော်မြို့၌ ဇန်နဝါရီ ၄ ရက်က ကန္ဒာဟောဝန်ပန်းခြံရှိ ကျောက်သားရင်ပြင်၌ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်က နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

## တာချီလိတ်

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဘုရင့်နောင်ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရန်ကုန်

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ရှေးဦးစွာအလံတင်အခမ်းအနားကိုကျင်းပပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးစိုးရွှေက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**လှလှမြင့်**

## ဘူးသီးတောင်

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း(ပြန်/ဆက်)**

## ချောင်းဦး

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နေရာယူကြပြီး နိုင်ငံတော်အလံတင်အဖွဲ့က နိုင်ငံတော်အလံကို လွှင့်တင်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## သီပေါ

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ စမ်းမာလာဥယျာဉ်အတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပပြီး နံနက် ၇ နာရီတွင် မြို့တော်ခန်းမ၌ သဝဏ်လွှာဖတ်ပွဲအခမ်းအနား ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မိတ္ထီလာ

မိတ္ထီလာတွင် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မြို့မရပ်ကွက်ရှိ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ )**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စဉ်ပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရဲချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း အော်ပရာ

ဆူးငှက်



တကယ်တော့ အရှေ့ကျုံးလမ်းသည် မန္တလေး၏ အလှဆုံး လမ်းတစ်လမ်းဖြစ်၏။ ယခုကဲ့သို့ကျုံးပတ်ခြောက်လမ်းသွား မဖောက်လုပ်မီကပင် အရှေ့ကျုံးလမ်းသည် လမ်းအရည်အသွေး ကောင်းမွန်လှသည်။ လမ်း၏ အရှေ့ဘက်ခြမ်းမှာက အရိပ်ကောင်းလှသော မန်ကျည်းပင်၊ ကုက္ကိုပင်ကြီးတွေ တန်းစီနေသည်။ လူနေအိမ်ခြေမရှိသလောက်နည်းပါးလှပြီး ခြံဝင်းကျယ်၊ ကွင်းပြင်ကျယ်ကြီးများသာ ရှိသောကြောင့် ရန်ကင်းတောင်နှင့် အရှေ့ရိုးမကို လှမ်းမျှော်ကြည့်နိုင်၏။ အောင်ပင်လယ်၏ ကောက်သင်းရနံ့လေလည်း အတားအဆီးမရှိ ဒလဟော ဝင်နိုင်သည့် လမ်းမကြီးဖြစ်သည်။

ညဦးပိုင်းကာလများရောက်လျှင် လူပျိုပေါက်အရွယ် ကျွန်တော်တို့တွေသည် စက်ဘီးအုပ်ကြီးဖြင့် အရှေ့ကျုံးလမ်းတစ်လျှောက်မှာ သီချင်းတွေ အော်ဟစ်သီဆိုခဲ့ရသော ငယ်ဘဝများကိုလည်း သတိရမိသည်။ အနောက်တောင် ကျုံးထောင့် ကျုံးရေစပ် တံတားလေးပေါ်မှာ လူစုကြပြီး စက်ဘီးကိုယ်စီဖြင့် အရှေ့သို့တက်သည်။ အရှေ့ကျုံးထောင့်ရောက်တော့ မြောက်ဆီဦးတည်၍ စက်ဘီးနင်းကြသည်။ မာကျူရီမီးလုံးရောင်အောက်တွင် ပိုးပုရစ်သံလေးသာ ဟိုမှသည်မှ ပေါ်ထွက်နေပြီး အရှေ့ကျုံးလမ်းသည် တိတ်ဆိတ်ခြင်းသာ မင်းမူနေတော့သည်။ ထိုအခါ ကျွန်တော်တို့သည် စိတ်ရှိလက်ရှိရင်ထဲရှိသမျှ သီချင်းတွေကို ဖွင့်အံကြတော့သည်။ အခုစစ်ကိုင်းမှာ ရောက်နေသော သစ်တောအုပ်လား၊ ဦးစီးမှူးလားဖြစ်နေသည့် သူငယ်ချင်းကျော်ရွှေက တွံတေးသိန်းတန်သီချင်းတွေအစုံရသည်။ သူသီဆိုသော "မြသီတာအကြိုထောက်ပေမယ့်" ကို ကျွန်တော်တို့ လွမ်းဆွတ်စွာ နားထောင်ရ၏။ အခုလို တွံတေးသိန်းတန် ကွယ်လွန်သွားချိန်တွင် ကျွန်တော်က ကျော်ရွှေကို သတိရနေသည်။ သူရှိလျှင် ကျွန်တော်သည် အရှေ့ကျုံးလမ်းသို့ ခေါ်သွားပြီး "ထွေးညို"ကို စကားပြောတွေနှင့် သီဆိုခိုင်းမည်။ "နှမလက်လျှော့နေလေတော့"ကို ဆိုခိုင်းမည်။ တွံတေးအလွမ်းပြေအမှတ်တရပါ။ ကျွန်တော်ကတော့ ထုံးစံအတိုင်း နန်းတော်ရှေ့ဆရာတင်၊ မြို့မငြိမ်းပါ. . .။ ကျွန်တော်တို့သည် သီချင်းတွေ မကုန်မချင်း အရှေ့ကျုံးလမ်းပေါ်မှာ ဘယ်နှခေါက်မှန်းမသိ ခေါက်တုံ့ခေါက်ပြန် စက်ဘီးနင်းကြသည်။ အခုအချိန်အထိ အရှေ့ကျုံးလမ်းပေါ်ရောက်တိုင်း သီချင်းသံလေးတွေ ကြားယောင်နေမိ၏။

မန္တလေးမှာ မပြောင်းမလဲနှင့် ယခင်ရှေးအခါကအတိုင်းရှိနေသေးတာ ဘုန်းကြီးကျောင်းဝင်းကြီးများဖြစ်ပါသည်။ မန္တလေး ဘုန်းကြီး ကျောင်းဝင်းကြီးတွေက ပြပေါက်နီးပါးကျယ်ကြသည်။ ခရေပင်ကြီးတွေ၊ သရက်ပင်ကြီးတွေ၊ မန်ကျည်းပင်၊ ကုက္ကိုပင်တွေနှင့် အုံ့ဆိုင်းနေလေ့ရှိ၏။ ခရေပင်ကြီးများအောက်မှာ မြေတလင်းပြောင်ပြောင်က တပြန့်တပြောရှိသည်။ မနက်စောစောကတည်းက ခရေပွင့်လေးတွေ တဖွေးဖွေးကြွေကျနေသည်။ ဘုန်းကြီးကျောင်းဝင်းထဲဖြတ်ပြီး ဈေးသွားဈေးပြန်သူတွေ၊ ဆွမ်းပို့ ကွမ်းပို့သူလေးတွေက ခရေပန်းတွေ ကောက်နေကြ၏။ ဘုန်းကြီးကျောင်းဝင်းထဲက ထိုမြင်ကွင်းလေးတွေက မမေ့နိုင်စရာ။

အရှေ့ကျုံးလမ်းမှာလည်း ဘုန်းကြီးကျောင်းဝင်းကြီးတစ်ဝင်းရှိပါသည်။ နန်းရှေ့ဈေး၏ အနောက်ဘက်တွင်ရှိပြီး မဟာဝိသုကာရာမတိုက် မဟာတုလွှတ်ဘုံစံကျောင်းဟု ဘွဲ့တော်ရသည်။ မန္တလေးမြို့ကတော့ "တိုက်တော်"ဟုပဲ ခေါ်ကြသည်။ မန္တလေးရတနာပုံမြို့သစ် နန်းသစ်တည်ကတည်းက တစ်ချိန်တည်း မြို့လေးပြင် လေးရပ်တွင် ရဟန်းသံဃာတော်များအတွက် ကျောင်းတိုက်ကြီးများ ပြကွက်ချ၍ ဆောက်လုပ်ခဲ့၏။ မြို့မတည်မီက အမရပူရမြို့တွင် အပါအဝင်ဖြစ်သော ကျောင်းတိုက်အချို့သည် မန္တလေးရွှေမြို့တော်နယ်အတွင်း ပါဝင်လာ၏။ သက္ကရာဇ် ၁၂၄၃(၁၈၈၁) ခုနှစ် သီပေါမင်း၏ ကထိန်တော်စာရင်းအရ အမရပူရတွင် ကျောင်းတိုက် ၄၄ တိုက်၊ ကျောင်းပေါင်း ၁၅၉ ကျောင်း၊ မန္တလေးလေးပြင်လေးရပ်တွင် ကျောင်းတိုက် ၁၅၄ တိုက်၊ ကျောင်းပေါင်း ၁၂၅၇ ကျောင်းရှိသည်ဆို၏။ စုစုပေါင်းကျောင်းတိုက် ၁၉၈ တိုက်ရှိသည်။ တောင်ခွင်သာသနာပိုင် လက်ထက်တွင် မဟာဒါန်စာရေးများ စာရင်းအရ မန္တလေးလေးပြင်လေးရပ်တွင် ကျောင်းတိုက်ပေါင်း ၈၅၀ ရှိသည်ဟု ဆို၏။ ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်ထုတ် တိုးတက်ရေးသတင်းစာမှာတော့ မန္တလေးမှာကျောင်းတိုက်ပေါင်း ၁၇၉ တိုက်၊ ကျောင်းပေါင်း ၁၀၂၇ တိုက်ရှိ သည်ဟု ဖော်ပြထားသည်။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ "မန္တလေးရပ်ကွက်သမိုင်း" သုတေသနစာတမ်းတွင် မန္တလေးကျောင်းတိုက်ကြီးများစာရင်းနှင့်ပတ်သက်၍ မန္တလေးမြို့အရှေ့မျက်နှာတွင် ကျောင်းတိုက်ကြီးပေါင်း ၂၀၊ မြောက်မျက်နှာတွင် ကျောင်းတိုက်ကြီးပေါင်း ၁၃ တိုက်၊ မန္တလေးအနောက်ပြင်တွင် ၄၁ တိုက်၊ မန္တလေးတောင်ပြင်တွင် ၄၁ တိုက်၊ မန္တလေး တောင်မြောက်ဘက်တွင် ငါး တိုက်၊ မန္တလေးတောင်အရှေ့ဘက်တွင် ငါး တိုက်၊ မန္တလေးတောင်အနောက်ဘက်နှင့် မြောက်ဘက်တွင် ကိုး တိုက် စုစုပေါင်း ၁၃၄ တိုက်ရှိကြောင်း သုတေသနပြုရေးသားထားပါသည်။

အရှေ့ကျုံးလမ်းတွင်ရှိသော "တိုက်တော်"ကျောင်းတိုက်ကြီးမှာမူ အတွင်းရှိ ကျောင်းများ အသစ်တိုးလာသည်မှအပ ပြင်ပမြင်ကွင်းက ဘာမျှထူးထူးခြားခြား မပြောင်းလဲ။ မဟာရံတံတိုင်းကြီးကပင် မူလအတိုင်းဖြစ်ပုံရသည်။"တိုက်တော်" အနောက်ဘက်မျက်နှာစာနှင့် အရှေ့ကျုံးလမ်းကြားတွင် ထူးခြားရှားပါးစွာ ကျွန်းပင်စိုက်ခင်းကြီးရှိပါသည်။ ယောက်ျားကြီး လက်ခုပ်တစ်ဖောင်မက မြင့်မားဝေစည်နေသော ကျွန်းပင်ကြီးများကို အရှေ့ကျုံးလမ်းဘေးတစ်လျှောက် တွေ့နေရ၏။ မန္တလေးမြို့၏ ဘုန်းကြီးကျောင်းမျက်နှာစာ၊ ရုံးများ၊ ကျောင်းများ မျက်နှာစာတွင် နေရာလပ်များစွာ ရှိပါသေးသည်။ ထိုနေရာများတွင် ယခုကဲ့သို့ ကျွန်းစိုက်ခင်းများဆိုလျှင် အလွန်လှပါလိမ့်မည်။ အဖိုးတန် ကျွန်းသစ်ရတနာကိုလည်း ထိန်းသိမ်း၊ သဘာဝပတ်ဝန်းကျင်လည်း စိမ်းလန်းစိုပြည်၊ ထုတ်ဖော်သုံးစွဲနိုင်သည့် အရင်းအနှီးများကိုလည်း မြှုပ်နှံထားခြင်းမည်ပါပေ၏။ စာသင်ကျောင်းများ မျက်နှာစာတွင်ရှိကာ စာသင်ခန်းများကို ကျောပေးပြီး စာသင်ခန်းများက နောက်ဖေးရောက်နေသော ဈေးဆိုင်ခန်း၊ လူနေခန်းများကို တည်ဆောက်နေကြခြင်းကတော့ လတ်တလောဝင်ငွေရနေလို့ ဖြစ်ပေလိမ့်မည်။ စာသင်ခန်းများ ပတ်ဝန်းကျင်တွင် ငြိမ်သက်အေးချမ်းစိမ်းစိုလန်းဆန်းကာ လေကောင်းလေသန့်ရနေခြင်းက ပို၍အဖိုးတန်ပါ၏။ စာသင်ကျောင်း မျက်နှာစာများမှာ ကာဆီးနေသော ဈေးဆိုင်များနေရာတွင် ကျွန်းစိုက်ခင်းကြီးများကို မြင်ယောင်နေမိပါသည်။

အရှေ့ကျုံးလမ်းတိုက်တော်နံဘေးက ကျွန်းစိုက်ခင်းကြီးကား စတင်စိုက်သည်မှာ ဘာမျှမကြာသေး။ အခုတော့ နေ့ချင်းညချင်း အရွက်ဖားဖား၊ အပင်ထွားထွား ဖြစ်လာချေပြီ။ နောင် ၁၀ နှစ်သက်တမ်းဆိုလျှင် သည်နေရာမှာ ကျွန်းတောကြီး ဖြစ်တော့မှာပါ။ ကျွန်းစိုက်ခင်းကြီးက တိုက်တော်ကျောင်းတိုက် ပရဝဏ်အဆုံး ၁၉ လမ်းအထိဖြစ်၏။ ထိုနေရာက အရှေ့ကျုံးပေါက်ဖြစ်သည်။ အရှေ့ကျုံးပေါက်က ဦးထိပ်တံခါးဖြစ်၏။ မကွေးမြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသီဟသူ ကြီးကြပ်သည့် အရှေ့မျက်နှာအလယ် "သုရဋ္ဌ" ခတ်တံခါးကို "အန္တော"ဟူသော ခတ်ဖက်နံသင့်အရ မြို့ဦးမြို့ထိပ်ဟူသော တည်ရာဌာနကို အစွဲပြု၍ "ဦးထိပ်"တံခါးဟု သမုတ်တော်မူခဲ့သည်ဟု ဖတ်မှတ်ရသည်။

တံခါးပေါက်၏ အဝင်လက်ဝဲအထွက် လက်ယာကျသော မီးကာ အုတ်တံတိုင်းကြီးအနီး၌ အုတ်ပလ္လင် သုံးဆင့်ခံ၍ လူနှစ်ရပ်ခန့်ရှိ ကျွန်းတိုင်နီနီကြီးများ ထိပ်မှ အနီခံမော်ကွန်းရွက်ပေါ်တွင် ရွှေစာလုံးကြီးများဖြင့်. . .

> "သက္ကရာဇ် ၁၂၂၁ ခု ကဆုန်
> လပြည့်ကျော် ၆ ရက်နေ့
> ညည့် ၃ ချက်တီးကျော် ၇ ရက်
> တနင်္လာနေ့အဝင် ၄ နာရီ
> ၂ ပါဒ် အချိန်တည် ရတနာပုံမ်
> ရွှေမြို့တော်ကြီး ဦးထိပ်တံခါး" ဟု မော်ကွန်းရေးထိုးထား၏။

တကယ်တော့ မော်ကွန်းရွက်ကြီးတွင် စာကြောင်းခြောက်ကြောင်း အက္ခရာတစ်လုံးစီကူး၍ ရေးသားသည့်အကြောင်းမှာ သရေခေတ္တရာ ပြည်တည်စဉ်က လူမင်း၏ မြို့နန်းကို ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ပရမေသုရာ၊ မဟာဗိန္ဒယ် သူမြတ်ခြောက်ပါးကို စောင်မ၍ မြို့နန်းတည်ခြင်း အရင်းနိမိတ်ကို ထင်ရှားစေလို၍ ခြောက်ပါးကို အစွဲပြုကာ စာခြောက်ကြောင်း အစုံ(သတ်စုံ)နှင့် ရေးသားခြင်းဖြစ်သည်ဟု ဆိုသည်။ အက္ခရာတစ်လုံးစီကူး၍ ရေးသားသည့် အကြောင်းမှာလည်း အခြားစာကဲ့သို့မဟုတ်။ သာသနာတော်၏ အဆက်၊ ဧကရာဇ်မင်းမြတ်တို့၏ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အဆွန့် အစွန့်ရှည်စွာမပြတ် ကူးယှက်ဆက်လက် တည်ထွန်းမည့် အနုသာသနရာဇဝံသနိမိတ် မင်္ဂလာကိုလိုက်၍ အက္ခရာ မပြတ်စေရ၊ တစ်ကြောင်းက တစ်ကြောင်းသို့ အက္ခရာကူး၍ ရေးသားထုလုပ်ခြင်းဖြစ်သည်ဟု မှတ်သားရပါသည်။ ထိုအကြောင်းကို ရွှေဘုံနိဒါန်း၌

> "ရွှေပြည်မြို့ဝယ်၊ လူတို့ထွက်ဝင်၊ တံခါးပြင်၌၊
> ထင်ထင်ကြံ့ခိုင်၊မော်ကွန်းတိုင်တွင်၊ မြိုင်မြိုင်သိသာ၊
> အက္ခရာဆန်းထူး၊ တစ်လုံးကူးစီ၊ ဖြောင့်စူးမစောင်း၊
> ခြောက်ကြောင်းယဉ်ယဉ်၊ ထက်တစဉ်မှာ၊ စီလျှင်
> ကွက်ကွက်၊ ထင်ပြက်ပြက်လျှင်၊ ရေးလျက်သိသာ"
> ဟု ရေးသားထားလေသည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ကျိုင်းတောင်း-ခိုလမ်း လမ်းမကြီး အဆင့်မြှင့်တင် ပြီးစီး

**ကျိုင်းတောင်း ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့နှင့် ခိုလမ်းမြို့သို့ ဆက်သွယ်သွားလာလျက်ရှိသော ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျိုင်းတောင်းဒေသခံတစ်ဦးက "ကျွန်တော်တို့ ကျိုင်းတောင်းက အရင် လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေကအစ အခက်အခဲတွေရှိပါတယ်။ မိုးတွင်းဆို ရွှံ့ထူထပ်ပြီး သွားလာတဲ့အခါ ဆိုင်ကယ်ဖြစ်စေ၊ ကားဖြစ်စေ မလွယ်ကူလှပါဘူး။ အခုဆို ကတ္တရာလမ်းခင်းပြီးသွားတော့ သွားလာရတာ ပိုမိုအဆင်ပြေနေပါပြီ" ဟု ပြောသည်။

အဆိုပါလမ်းသည် ကျိုင်းတောင်းမြို့ရှိ ပြည်သူများ၏ အဓိကလမ်းမကြီးဖြစ်ပြီး ယခင်က ကားဖြင့်ခရီးသွားလာပါက ခိုလမ်းမြို့သို့ လေးနာရီကျော်မောင်းနှင်ရပြီး ယခုအခါ တစ်နာရီဖြင့် ခရီးရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# စလေမြို့စား တည်ထားကိုးကွယ်သည့် အဂ္ဂါထောင့်စေတီရွှေထီးတော်တင်လှူ

**မန္တလေး ဇန်နဝါရီ ၅**

ဗေဒါရွှေကြာလက်ဖက်နှင့် ပဲကြော်စုံလုပ်ငန်းမှ ကုန်းဘောင်ခေတ် အမရပူရ စတုတ္ထနန်းစံက တည်ထားကိုးကွယ်တော်မူခဲ့သော မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ ဘုရားဝင်းအတွင်းရှိ စလေမြို့စား တည်ထားကိုးကွယ်ခဲ့သည့် အဂ္ဂါထောင့်စေတီမြတ်ကြီးကို စေတီလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်သစ်တင်လှူခြင်းနှင့် အိမ်တော်ရာမီးသတ်စခန်းသို့ ခေတ်မီ မီးသတ်ယာဉ်လှူဒါန်းခြင်းကို ဇန်နဝါရီ ၃ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် ၈၉ လမ်း ၂၇× ၂၈ လမ်းကြားရှိ မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်၌ ကျင်းပသည်။

ရွှေထီးတော်ဘုံခုနစ်ဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာနတ်ပန်းယာဉ်တို့ဖြင့် ပင့်ဆောင်၍ ထီးတော်တင်မင်္ဂလာ ကျင်းပခဲ့သည်။ ထို့နောက် အိမ်တော်ရာမီးသတ်စခန်းသို့ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးအတွက် သိန်း ၃၀၀ တန် NISSAN ခေတ်မီ မီးသတ်ယာဉ်လှူဒါန်းခြင်းကို ဆက်လက်ကျင်းပသည်။

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးတို့က ဗေဒါရွှေကြာက ပေးအပ်သော မီးငြိမ်းသတ်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

# Squash နည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

အာရှ Squash အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် Squash နည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီခွဲ၌ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ စုပေါင်းခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ Squash အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင်များ၊ နည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက Squash အားကစားနည်းနှင့်ပတ်သက်သော ဥပဒေစည်းမျဉ်း စည်းကမ်းများကို သိရှိနားလည်ပြီး အရည်အချင်းပြည့်ဝသော နည်းပြများ ပေါ်ထွက်လာစေရေး၊ ပြိုင်ပွဲများကို စနစ်တကျအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကောင်းမွန်သောအထောက်အပံ့များ ရရှိရေးကို ရည်ရွယ်ပြီး ယခု သင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သေချာစွာလိုက်နာသင်ယူကြ၍ Squash အားကစားနည်းကို ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ Mr.Allan Pete Soyza က နှုတ်ခွန်း ဆက်စကားပြောကြားသည်။ နည်းပြဒိုင်လူကြီး ၃၀ တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၃ ရက်မှ ၉ ရက်အထိ သင်ကြားသွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ တက်ရောက်ကြမည့် ကိုယ်စားလှယ်များတည်းခိုနေထိုင်မည့် Gold Camp ရှိ Cluster (4,5,6) ရှိတည်းခိုဆောင်များကို လိုက်လံကြည့်ရှု စစ်ဆေးပြီးနောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်အတူ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပသော ဖူဆယ်ပြိုင်ပွဲသို့ ရောက်ရှိလာပြီး စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှု အားပေးခဲ့သည်။

**(မြန်မာ့အလင်း)**

# တောင်ခင်ရန်းရေလှောင်တမံတိမ်ကောလာ၍ နွေစပါးစိုက်ပျိုးရာတွင် ရေပေးဝေရန်ခက်ခဲလာ



**ဂန့်ဂေါ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာအနီး၌ တည်ဆောက်ထားသော တောင်ခင်ရန်းရေလှောင်တမံမှာ တိမ်ကောလာပြီး ရေသိုလှောင်နိုင်မှုပမာဏ လျော့နည်းလာသောကြောင့် ယင်းရေလှောင်တမံအောက်ရှိ လယ်မြေများ၌ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

"တောင်ခင်ရန်းဆည်ရေသောက်လယ်မြေတွေမှာ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိတော့လို့ အခုနှစ်မှာ အရင်က နွေစပါးစိုက်ပျိုးခဲ့ဖူးတဲ့ ဆည်ရေသောက်လယ်မြေဧက ၇၀၀ မှာ နေကြာဧက ၅၅၀ နဲ့ မြေပဲဧက ၁၅၀ စိုက်ပျိုးထားပါတယ်။ သစ်တောတွေပြုန်းတီးမှုကြောင့် ရေလှောင်တမံထဲကိုသဲနုန်းတွေအဝင်များလို့ ရေလှောင်တမံက တိမ်ကောတာ မြန်ဆန်လာတဲ့သဘောရှိပါတယ်" ဟု ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

တောင်ခင်ရန်းရေလှောင်တမံကို လယ်မြေ ၅၇၈၅ ဧကကို ဆည်ရေပေးဝေနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှ ၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်ခဲ့ရာ မူလက ဆည်ရေသောက်လယ်မြေများတွင် နွေစပါး၊ မိုးစပါးများဧကပြည့်မီစွာစိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုအခါ မိုးစပါး ၃၈၆၄ ဧကသာ စိုက်ပျိုးနိုင်ပြီး နွေစပါးမှာမူစိုက်ပျိုးနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် မိုးစပါးအဖြစ်တောင်ခင်ရန်းဆည်ရေသောက် လယ်မြေ ၃၈၆၄ ဧကတွင် ဆင်းသုခ ၃၄၁၁ ဧက၊ ဗီယက်နမ်ပုလဲသွယ် ၄၀၃ ဧကနှင့် ပုလဲသွယ်စပ်မျိုးဧက ၅၀ တို့ကို စိုက်ပျိုးခဲ့ရာ ပျမ်းမျှအထွက်နှုန်း ၁၀၆ ဒသမ ၄၄ ဖြင့် ၄၁၁၂၉၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ၊ စံပြမိခင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




**ဆားလင်းကြီး ဇန်နဝါရီ ၅**

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ၊ စံပြမိခင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ဆားလင်းကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ ပြိုင်ပွဲဝင်ကလေးများ၏ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာရေး အခြေအနေ၊ ကာကွယ်ဆေး အကြိမ်ကြိမ် ထိုးနှံတိုက်ကျွေးမှုနှင့် အသက်အလိုက် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အခြေခံကြည့်ရှုစစ်ဆေးပြီး မွေးကင်းစမှ သုံးလ၊ သုံးလကျော်မှ ခြောက်လ၊ ခြောက်လကျော်မှတစ်နှစ်၊ တစ်နှစ်ကျော်မှ တစ်နှစ်ခွဲ၊ တစ်နှစ်ခွဲကျော်မှ နှစ်နှစ်အထိ၊ အမြွှာခုနစ်ဦး အပါအဝင် စုစုပေါင်း ကလေးငယ် ၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညို၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာတင့်လွင်နှင့်ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကလေးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် စံပြမိခင်ပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသည့် မိခင်များကို ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မဟာဗုဒ္ဓဝင်ပြပွဲဖွင့်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော် မြောက်ဘက်မုခ် အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ ဇန်နဝါရီ ၅ ရက် ညနေပိုင်းမှစ၍ မဟာဗုဒ္ဓဝင်ပြခန်းကို ဘုရားဖူးလာပြည်သူများအား ဖွင့်လှစ်ခင်းကျင်းပြသသည်။ ပြပွဲတွင် ပုတက်ကင်း(Putet King)က စီစဉ်ထုတ်လုပ်လှူဒါန်းပြီး ကာတွန်းပိုးဇာ ရေးဆွဲပူဇော်သော ဗုဒ္ဓမြတ်ဘုရားရှင် "ဗျာဒိတ်တော်ခံယူသည်မှ မဟာသမယသုတ္တန်ကို ဟောကြားတော်မူသည်အထိ" မဟာဗုဒ္ဓဝင်ဆိုင်ရာ ရုပ်ပုံပါ ဗီနိုင်းကားချပ်ပေါင်း ၂၆၆ ချပ်ဖြင့် အစီအစဉ်တကျချိတ်ဆွဲပြသထားသည်။

ပြပွဲနှင့်အတူ မဟာဗုဒ္ဓဝင်ဆိုင်ရာသိမှတ်ဖွယ်ရာများ အခမဲ့ဖတ်ရှုနိုင်သော Putet King Android Molile App ကို အခမဲ့ထည့်ပေးလျက်ရှိသည်။ ပြပွဲကို ဇန်နဝါရီ ၃ ရက်မှ မတ်လ ၆ ရက်အထိ နေ့စဉ်ခင်းကျင်းပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# ကံမမြို့၌ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်

**သရက် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်းက အမှာစကားပြောကြားပြီး ဘဏ္ဍာရေးဝန်ကြီး၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်(နေပြည်တော်)အထွေထွေမန်နေဂျာ ဦးကျော်ကျော်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ကံမမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးနိုင်နိုင်က ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ကျန်းကျန်းမာမာ . . . ဆောင်းဥတုမှာ ရေချိုးပါ

ကြည်လွင်မြင့် (မုဒြာ)

ဆောင်းဥတုတွင် အအေးပိုလာသဖြင့် ရေချိုးရမည်ကို ကြောက်ကြသည်။ နွေရာသီတွင် နံနက်အိပ်ရာထတွင် ရေချိုးလေ့ရှိသူများ ဆောင်းရာသီတွင် မချိုးရဲကြပေ။ အချို့လူကြီးများ သုံးရက်တစ်ကြိမ်၊ လေးရက်တစ်ကြိမ်မှ ရေချိုးကြသည်။ အအေးပတ်မည်ကိုကြောက်၍ ရေမချိုးကြခြင်း ဖြစ်သည်။

ရေချိုးလျှင် အအေးပတ်မည်ကြောက်၍ တစ်ပတ်ကြာ ရေမချိုးပဲနေသူ လူကြီးတစ်ဦးမှာ ခေါင်းမူးရောဂါရလာသည်။ သွေးပေါင်ချိန်ကြည့်သောအခါ သွေးပေါင်အနည်းငယ်တက်ပြီး သွေးတိုးလာသည်ကို တွေ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာ ကိုယ်တွင်းအခိုးငုပ်၍ အပူကန်ပြီး သွေးတိုးလာရခြင်း ဖြစ်သည်။ ရေပတ်တိုက်ပေးခြင်း၊ ရေချိုးပေးခြင်းပြုလုပ်သောအခါ သွေးပေါင်ပြန်ကျသွားသည်ကို တွေ့ရသည်။ ရေမချိုးခြင်းကြောင့် ကိုယ်တွင်းအခိုးငုပ်၊ အပူကန်ပြီး သွေးတိုးရောဂါ ပိုဆိုးလာနိုင်သည်ကို သတိပြုဖို့လိုသည်။

ရေချိုးကြောက်သော အသက် ၄၀ ကျော် လူလတ်ပိုင်းတစ်ဦးမှာလည်း သွားဖုံးများကြွပြီး သွားနာရောဂါရလာသည်။ လျှာတွင် အနှစ်များတက်၍ ခံတွင်းပျက်ခြင်း၊ အစာမစားချင်ဖြစ်နေရာမှ နောက်ပိုင်းတွင် သွားဖုံးနှင့် သွားအခြေများမှ ရောင်လာခြင်းဖြစ်သည်။ ထိုသူသည် ဆားရည်ကို ငုံထွေးခြင်း၊ ရေမှန်မှန်ချိုးခြင်း အလေ့ကို ပြောင်းလိုက်သောအခါ သွားဖုံးရောင်သည့်ရောဂါ သက်သာသွားသည်ကို တွေ့ရသည်။ သွားနှင့်ခံတွင်းရောဂါများသည် ရေမှန်မှန်မချိုးခြင်းကြောင့်လည်း ဖြစ်နိုင်သည်ကို သတိပြုဖို့လိုပေသည်။ အသက်ကြီးပိုင်းအရွယ် သွားများမခိုင်တော့သည့်အရွယ်ဆိုလျှင် ပို၍ပင် ဆိုးနိုင်သည်။

ဆောင်းဥတုတွင် အေးသည်ဟုဆိုကာ ရေမချိုးဘဲမနေသင့်ပေ။ အအေးပတ်မည်စိုးသဖြင့် ရေမချိုးဘဲ ရက်သတ္တပတ်ကြာနေသူ သက်ကြီးရွယ်အိုတစ်ဦးသည် သွားဖုံးများကြွပြီး အစားအသောက်ပျက်လာသည်ကိုလည်း တွေ့ရဖူးသည်။ မျက်ဝတ်များထွက်ပြီး မျက်စိကြည့်မကောင်းဖြစ်လာသည်။ ရေမချိုးရသဖြင့် ကိုယ်တွင်းအပူငုပ်ရာမှ အထက်သို့ အပူအခိုးအငွေ့များ ဆန်တက်လာခြင်းဖြစ်သည်။

အသက် ၆၅ နှစ်ကျော်သူများကို လူကြီးဟုသတ်မှတ်ပြီး ရေချိုးရမည့်အချိန်ကိုလည်း ဥတုအလိုက်သတ်မှတ်ထားသည့် လင်္ကာရှိသည်။ မြန်မာဆေးဆရာများသည် လူကြီးများ ရေချိုးမမှားစေရန် လိုက်နာခိုင်းသည့် လင်္ကာမှာ "နွေ-ကိုး၊ မိုး-တစ်ဆယ်၊ ဆောင်း-တစ်ဆယ့်တစ်"ဟူ၍ဖြစ်သည်။

အဓိပ္ပာယ်မှာ လူကြီးများ၊ သက်ကြီးရွယ်အိုများ၊ နေမကောင်းသူများ ရေချိုးသင့်သည့်အချိန်မှာ နွေဥတုတွင် နံနက် ၉ နာရီခန့်အချိန်တွင် သင့်တော်သည်။ မိုးဥတုတွင် နံနက် ၁၀ နာရီ အချိန်နှင့် ဆောင်းဥတုတွင် အအေးပိုလာသဖြင့် နံနက် ၁၁ နာရီအချိန်ခန့်မှသာ ရေချိုးပေးသင့်သည်ဟု ဆိုလိုသည်။ ဤစာဆိုသည် ကျန်းမာရေးကောင်းနေသူ လူငယ်များအတွက် မဟုတ်ပါ။ ကျန်းမာရေးယိုယွင်းလာသည့် လူကြီးများ အသက်ကြီးသူများအတွက်သာ ဖြစ်သည်။

ဆောင်းဥတုတွင် နံနက်စောစောတွင် နှင်းမြူများ အုံ့ဆိုင်းပြီး နေအလင်းရောင် နွေးထွေးစွာရရှိဖို့ နောက်ကျသောရာသီဖြစ်သဖြင့် အအေးမပတ်စေရန် ရေချိုးဆင်ခြင်သင့်သည်။ နွေးထွေးအောင် ညအိပ်ချိန်နှင့် နံနက်စောစောအိပ်ရာထ အချိန်များတွင် သတိပြုဆင်ခြင်ပြီး လုံခြုံနွေးထွေးသော စောင်၊ အနွေးထည်၊ အဝတ်အစားများကို ဂရုတစိုက်ဝတ်ဆင်သင့်ကြောင်း သတိပြုစေလိုပါသည်။

"ရေချိုးလို့သေတဲ့ မသာပဲ ရှိတယ် . . . ရေမချိုးလို့ သေတဲ့မသာ မရှိဘူး"ဟုပြောလေ့ရှိသည်။ ဤသည်မှာ လူပြိန်းတွေးတွေးပြီး ပြောသောစကားဖြစ်သည်။ ပညာရှိသောစကား မဟုတ်ပေ။ ရေမချိုးသဖြင့် အသက်မသေသော်လည်း ကျန်းမာရေးမကောင်းနိုင်ပေ။ အပူငုပ်ပြီး ကိုယ်သားကိုယ်ရေ ခြောက်သွေ့ခြင်း၊ ပတ်ကြားအက်ခြင်း၊ အငွေ့အသက် မကောင်းခြင်း၊ မျက်စိမကြည်ခြင်း၊ ပါးစပ် ခံတွင်းနံ့ နံခြင်း၊ လျှာကွဲခြင်း၊ စပ်ခြင်း၊ သွားနာခြင်း၊ သွားဖုံးကြွခြင်း၊ သွားခြေရောင်ခြင်း၊ လျှာတွင် အနှစ်တက်ခြင်း၊ ခံတွင်းပျက်ခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ အဆုတ်တွင် အပူငုပ်၍ တငွေ့ငွေ့ဖျားခြင်း၊ ကြက်ကိုယ်ကဲ့သို့ပူသော ရောဂါဖြစ်ခြင်း၊ စိတ်လေးခြင်း၊ ညအိပ်မပျော်ခြင်း စသောရောဂါပေါင်းစုံ ဝင်ရောက်လာနိုင်သည်။ ဤသည်မှာ ရေမချိုးခြင်းကြောင့် ဆက်လက်ဖြစ်ပွားနိုင်သော နောက်ဆက်တွဲရောဂါများဖြစ်သည်။

**ရေမချိုး၍ အပူငုပ်လျှင် ဖြစ်နိုင်သောရောဂါများ–**

၁။ အဆုတ်တွင် အပူငုပ်လျှင် ချောင်းဆိုးရောဂါ၊ ရင်ကြပ်၍ အသက်ရှူမဝသောရောဂါ၊ လေပူပန်းနာရောဂါ။

၂။ ဝမ်းဗိုက်တွင် အပူငုပ်လျှင် အစာမကြေရောဂါ၊ အူရောင်ရောဂါ၊ ဝမ်းချုပ်ရောဂါ။

၃။ လည်ချောင်းတွင် အပူငုပ်လျှင် သလိပ်ပွရောဂါ၊ အာသီးရောင်ရောဂါ၊ သွားနှင့်သွားခြေ၊ သွားဖုံးများ ရောင်သည့်ရောဂါ။

၄။ ကျောက်ကပ်တွင် အပူငုပ်လျှင် ဆီးချုပ်ရောဂါ၊ ဆီးပူ ဆီးအောင့်ရောဂါ၊ ကျောက်ကပ်ရောင်ရောဂါ၊

၅။ အသည်းတွင် အပူငုပ်လျှင် အသည်းရောင်ရောဂါ၊ အစာမကြေရောဂါ၊ လေအောင့်ရောဂါ၊ အသားဝါရောဂါ၊ အဖျားရောဂါ။

၆။ ဦးနှောက်တွင် အပူငုပ်လျှင် ဦးနှောက်အမြှေးရောင်ရောဂါ၊ ခေါင်းမူးရောဂါ၊ သတိလစ်ရောဂါ၊ အတက်ရောဂါ. . . စသည့်ရောဂါများ ဖြစ်နိုင်သည်။ ထို့ကြောင့် ရေမချိုးလျှင် ဘာမျှမဖြစ်နိုင်၊ ရေမချိုး၍ သေသော မသာမရှိ ဟူသောစကားမှာ အမှားသာဖြစ်သည်။ ရေမချိုးခြင်းကြောင့်ဖြစ်နိုင်သော ရောဂါအမျိုးပေါင်းများစွာရှိသည်ကို သတိပြုသင့်ပေသည်။

ရှေးက မြန်မာ့ဆေးပညာရှင်ကြီးများ မိန့်ကြားထားသည်မှာ ရေချိုးရမည် မချိုးရမည်ဆိုသည်မှာ မိမိအပေါ်မူတည်သည်။ ရေချိုးလိုစိတ်ဖြစ်ပေါ်မှ ရေချိုးရမည်။ ရေအိုး . . . ရေကန်အနီးသို့သွားပြီး ချမ်းစိမ့်စိမ့်ဖြစ်လာလျှင် မချိုးရ။ အရဲကိုး၍ ချိုးမည်ဆိုလျှင်လည်း ဒူးအောက်ခြေဖျားမှ စတင်ပြီး ရေလောင်းရမည်။ တဖြည်းဖြည်း အထက်သို့တက်ပြီး လောင်းလာရမည်။ မျက်နှာသစ်၊ ပလုပ်ကျင်းပြီးမှ ဦးခေါင်းပေါ်သို့ ရေလောင်းရမည်။ အချိန်ကြာမြင့်စွာ ရေချိုးခြင်းမပြုရ။ အေးသောရာသီတွင် လျင်မြန်စွာရေချိုးခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု ဆိုသည်။

ရေချိုးခြင်းသည် လူတို့နေ့စဉ်ပြုအပ်သောကိစ္စတွင် တစ်ခုအပါအဝင်ဖြစ်သည်။ သို့သော် ဥတုနှင့် အချိန်အခါကို ကြည့်ရမည်။ ရေချိုးခြင်းကြောင့် အခိုးအာကာသ ရနိုင်သကဲ့သို့ ရေချိုးမှားလျှင် အခိုးငုပ်၍ ဖျားနာတတ်သည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် ရေချိုးခြင်းသည် (ဥတု)နှင့်ဆိုင်သည်။ ထို့ကြောင့် ဥတုပြောင်းချိန် ရေချိုးခြင်း၊ ဥတုပျက်ချိန်ရေချိုးခြင်း၊ အပူအအေးလွန်ကဲချိန်တွင် ရေချိုးခြင်းတို့ကို သတိဖြင့်သာ ပြုအပ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

## မုံရွာအကျဉ်းထောင်မှ ဝန်ထမ်းမိသားစုများနှင့် အကျဉ်းသူ အကျဉ်းသားများ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၅**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

"(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အကျဉ်းသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အကျဉ်းသူများ မျက်စိမှိတ် ၃ မိနစ် မိတ်ကပ်အလှပြင်၊ ကြက်ဖခွတ်ပြိုင်ပွဲများနဲ့ အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုများရဲ့ မီတာ ၅၀ အပြေးပြိုင်ပွဲ၊ စကောရွက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲနဲ့ မုန့်ကိုက်ပြိုင်ပွဲတွေကို ကျင်းပပါတယ်။ မုံရွာအကျဉ်းထောင်က အကျဉ်းသား အကျဉ်းသူတွေနဲ့ ဝန်ထမ်းတွေကို ပြင်ပကလူတွေလို လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အမှတ်တရနဲ့ ကိုယ်ရောစိတ်ပါ ပျော်ရွှင်စေဖို့အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယရရှိသူတွေကို ဆုတွေလည်း ချီးမြှင့်ပေးမယ်"ဟု မုံရွာအကျဉ်းထောင်တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်က ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။



ပြိုင်ပွဲများအပြီးတွင် ဝန်ထမ်းမိသားစုများအား လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ဓမ္မစကြာနှင့် လိုင်းခန်းသန့်ရှင်းမှု အကောင်းဆုံး ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကာ အခမ်းအနားသို့ လာရောက်သူ အားလုံးကို ထမင်းဟင်းများ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း–မုံရွာ**

## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားသစ် တည်ဆောက်

**မိုးညှင်း ဇန်နဝါရီ ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့ စိမ်းရတနာမွန်(တောင်)ရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားသစ်ကို လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ ရက်မှစ၍ ရပ်ကွက်နေပြည်သူများ စုပေါင်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

တံတားတည်ဆောက်ရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးက ဦးဆောင်၍ ရပ်ကွက်နေပြည်သူများနှင့်အတူ မြေတူးဖော်ခဲ့ကြကာ ဥယျာဉ်မှူးဘော်ဒါဆောင်မှ ကျောင်းသားများကလည်း လုပ်အားဒါနပါဝင်ခဲ့ပြီး တံတားတည်ဆောက်နေမှုကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါတံတားကို အရှည် ခြောက်ပေ၊ အကျယ် ၂၅ ပေ၊ အမြင့်သုံးပေရှိ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ် ကျပ် ၁၅ သိန်းခန့်ဖြစ်ကြောင်း သိရသည်။

**(၅၀၆)**

## လွတ်လပ်ရေးနေ့အခမ်းအနား စည်ကားစွာကျင်းပ

**ကြံခင်း ဇန်နဝါရီ ၅**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ဖတ်ကြားပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် မြို့ခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**(ဝ၆၉)**



## မြို့နယ်အား/ကာကော်မတီဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယာယီဖူဆယ်ဘောလုံးကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် မသက်ကလပ်အသင်းနှင့် မြတ်ဖိုက်ဘာအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး မသက်ကလပ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆုရသောအသင်းများအား မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ မြို့နယ်အတွင်းမှ ဖူဆယ်ဘောလုံးအသင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# မန်ယူတို့ အက်ဖ်အေဖလား တတိယအဆင့်ကို ကျော်လွှားနိုင်ပါ့မလား

မိုးမြင့်လင်းလက်



အက်ဖ်အေဖလား တတိယအဆင့်ရှုံးထွက် ပွဲစဉ်တွေကို ဇန်နဝါရီ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူ၊ အာဆင်နယ်တို့ရဲ့ အနိုင်ရလိုမှု ပြင်းပြင်းနဲ့ လှုပ်ရှားရုန်းကန်မှုတွေ၊ အသင်းငယ်တွေရဲ့ မာကျောတဲ့ခြေစွမ်းနဲ့ တုံ့ပြန်မှုတွေကို တွေ့မြင်အားပေးကြရဦးမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားကို ရယူရေး အပြိုင်ကြိုးစားကြမယ့် ထိပ်တန်းအသင်းတွေရဲ့ စွမ်းဆောင်မှုတွေက ဘယ်လောက်အတိုင်းအတာအထိ ပရိသတ်ကို ဖမ်းစားဆွဲဆောင်နိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။

**အာဆင်နယ်နှင့် ဆန်းဒါးလန်း**

ခြေစွမ်းကောင်း ပြန်ရရှိလာတဲ့ အာဆင်နယ်ဟာ အခုပွဲကို ပြတ်ပြတ်သားသား အနိုင်ရဖို့ ကြိုးစားပါလိမ့်မယ်။ ဆန်းဒါးလန်းတို့က လောလောဆယ်မှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး နိုင်ပွဲတွေလည်း ပျောက်ဆုံးနေပါတယ်။ အက်ဖ်အေဖလားကို ရယူရေး ပစ်မှတ်ထားနေတဲ့ အာဆင်နယ်ဟာ ဒီနှစ်ဘောလုံးရာသီမှာ အနိမ့်ဆုံးဖလားနှစ်လုံး သိမ်းပိုက်နိုင်ရေး အားထုတ်မှာမို့ အိမ်ရှင်ဟာ ဂိုးပြတ်သွင်းအောင်ပွဲခံဖို့ ခြေကုန်ဖွင့်ပါလိမ့်မယ်။

**မန်ယူနှင့် ရှက်ဖ်ဖီး**

ဆယ်စုနှစ် တစ်ခုနီးပါး မတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းတွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းနေပါတယ်။ မန်ယူရဲ့ ခြေစွမ်းက တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဖြစ်နေပြီး ယုံကြည်မှုပေးဖို့ ခက်ခဲတဲ့အနေအထားဖြစ်ပါတယ်။ ရှက်ဖ်ဖီးတို့ကတော့ လောလောဆယ်မှာ နိုင်ပွဲတွေ ဆက်နေပြီး အသင်းလိုက်ကစားအားလည်း ကောင်းနေတာမို့ မန်ယူက အိမ်ကွင်းဆိုပေမယ့် ပွဲမချောင်ပါဘူး။ ဒါပေမယ့် ရှက်ဖ်ဖီးနဲ့ဆုံတိုင်း မန်ယူတို့ ရလဒ်ကောင်းခဲ့တာမို့ ဖလားရယူရေး မျှော်မှန်းနေတဲ့ မန်ယူအတွက်တော့ ဒီပွဲရလဒ်ဟာ အနိုင်ဆိုတာကို ပုံဖော်ပြနိုင်ပါလိမ့်မယ်။

**ဝိုင်ကွန်ဘီနှင့် ဗီလာ**

ဒုတိယတန်းကလပ်ဖြစ်တဲ့ ဝိုင်ကွန်ဘီတို့အတွက်တော့ ဗီလာတို့က ခက်ခဲတဲ့ပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်းရမှာနဲ့ တူနေပါတယ်။ ဗီလာဟာ ဝိုင်ကွန်ဘီအသင်းကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံခဲ့တာများပါတယ်။ ဗီလာတို့က လတ်တလော ခြေစွမ်းကျဆင်းနေပြီး ရလဒ်ကောင်းကို ပုံဖော်နိုင်ခဲ့တဲ့ပွဲတွေများနေပါတယ်။ ဒီပွဲမှာ ဗီလာတို့ အမာခံကစားသမား အစုံအလင်နဲ့ ပွဲထွက်ပြီး နိုင်ပွဲရရေး စွမ်းဆောင်မှာ သေချာပါတယ်။

**ဝက်စ်ဘရွန်းနှင့် ဘရစ္စတိုးစီးတီး**

ဝက်စ်ဘရွန်းတို့အတွက် ဒီပွဲဟာ အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အသုံးချနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဘရစ္စတိုးစီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ အဲဒီရှုံးကြွေးကို ဒီပွဲမှာ ဝက်စ်ဘရွန်းတို့ ပြန်ဆပ်ပါလိမ့်မယ်။ လောလောဆယ်မှာတော့ ချန်ပီယံရှစ်မှာ ဘရစ္စတိုးစီးတီးတို့ တန်းဆင်းဖို့အထိ ခြေစွမ်းကျဆင်းနေတာမို့ ဝက်စ်ဘရွန်းဟာ ဒီပွဲကို အနိုင်နဲ့ အဆုံးသတ်ပါလိမ့်မယ်။

**ဆောက်သမ်တန်နှင့် ပဲလေ့စ်**

အခုတလော ထင်တိုင်းမပေါက်ဖြစ်နေတဲ့ ဆောက်သမ်တို့အတွက် ပြတ်သားတဲ့ နိုင်ပွဲကိုရရှိဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။ ဆောက်သမ်တန်ဟာ ကစားအားကောင်းတဲ့အသင်းဖြစ်ပေမယ့် တိုက်စစ်မှူးတွေ အဆုံးသတ်အားနည်းနေတာမို့ သွင်းဂိုးတွေလည်း ကျဆင်းနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ပဲလေ့စ်က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာမို့ ဆောက်သမ်တန်တို့အတွက် အိမ်ကွင်းလည်း ဖြစ်တာမို့ အနိုင်နဲ့ ထိုက်တန်ကြောင်း ခြေစွမ်းကောင်း ပြသပါလိမ့်မယ်။

**ပီတာဘရော့နှင့် ပရက်စတန်**

ဒုတိယတန်းကလပ်ပီတာဘရော့တို့က ခြေစွမ်းကောင်းရရှိနေပြီး တိုက်စစ်ခံစစ် ဟန်ချက်ညီအောင် ကစားနိုင်နေပါတယ်။ ပရက်စတန်တို့ကလည်း ပြိုင်ဘက်အသင်းရဲ့ ကစားအားကိုလိုက်ပြီး ခြေစွမ်းအတက်အကျရှိတာမို့ အဝေးကွင်းမှာ ပီတာဘရော့ကို ဖိအားပေးနိုင်ဖို့တော့ မလွယ်ပါဘူး။ နှစ်သင်းစလုံး ကစားအားတူသလို ခြေစွမ်းလည်း တူညီနေတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမယ့် ပွဲဖြစ်ပါလိမ့်မယ်။ ဒီပွဲမှာ အကြိုက်က ပီတာဘရော့ဖြစ်ပြီး ဂိုးမပြတ်ပေမယ့် အနိုင်ရသွားဖို့ အခွင့်အရေးများနေပါတယ်။ ။

## ဗလင်စီယာနည်းပြအဖြစ် ဆက်လက်ရှိလိုတဲ့ ဂယ်ရီနဗီးလ်



လာမယ့်ရာသီမှာ ဗလင်စီယာနည်းပြအဖြစ် ဆက်လက်ရှိလိုတယ်လို့ ဂယ်ရီနဗီးလ်က ရီးရဲမက်ဒရစ်နဲ့ တစ်ဖက် နှစ်ဂိုးစီသရေကျပြီးနောက် ပြောဆိုလိုက်ပါတယ်။ ခြောက်လစာချုပ်နဲ့ ယာယီနည်းပြလုပ်နေတဲ့ ဂယ်ရီနဗီးလ်က ဗလင်စီယာအသင်းကို ဆက်လက်ကိုင်တွယ်သွားဖို့ ဆန္ဒပြင်းပြနေတာပါ။ သူ့အနေနဲ့ စပိန်ထိပ်သီးကလပ် ဗလင်စီယာကို နှစ်ရှည် ကိုင်တွယ်နိုင်တဲ့ နည်းပြဖြစ်လာဖို့ ကြိုးစားနေတာပါ။ ကျွန်တော့်အနေနဲ့ ဗလင်စီယာနည်းပြအဖြစ် ခြောက်လတာဝန် ထမ်းဆောင်ရမှာဖြစ်ပေမယ့် လာမယ့်နှစ်မှာလည်း ဗလင်စီယာနည်းပြအဖြစ် ဆက်လက်ရပ်တည်နိုင်ဖို့ မျှော်လင့်ထားပါတယ်လို့ မန်ယူကစားသမားဟောင်း ဂယ်ရီနဗီးလ်က ပြောဆိုလိုက်ပါတယ်။ မန်ယူ နောက်တန်းကစားသမားဟောင်း ဂယ်ရီနဗီးလ်အနေနဲ့ ဗလင်စီယာအသင်းကို ကိုင်တွယ်မှု လေးပွဲအတွင်းမှာ ရမှတ် သုံးမှတ်သာ စုဆောင်းနိုင်ပါသေးတယ်။ သို့ပေမယ့် ရာဖေးလ် ဘင်နီတက်ဇ်ရဲ့ ဖလားရရှိရေး မျှော်လင့်ချက်ကို သရေပွဲ လိုက်ကစားနိုင်တဲ့ အတွက် အောင်မြင်မှုတစ်ခုဖြစ်တယ်လို့ သူက ဆိုပါတယ်။

## ထိပ်ဆုံး လေးနေရာရောက်နိုင်တယ်ဆိုတဲ့ ချယ်လ်ဆီးရဲ့မျှော်လင့်ချက်ပိုမိုရှင်သန်လာ

ထိပ်ဆုံး လေးနေရာရောက်ဖို့ ခက်ခဲတယ်ဆိုပေမယ့် ဖြစ်နိုင်ဖွယ်ရှိတယ်လို့ ချယ်လ်ဆီး ယာယီနည်းပြ ဂူးယက်ဟစ်ဒင့်က ပြောဆိုလိုက်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်ပြီးနောက် ချယ်လ်ဆီးနည်းပြ ဟစ်ဒင့်က ပြောဆိုလိုက်တာပါ။ လေးပွဲမြောက်အထိ အရှုံးမရှိဘဲ ရပ်တည်နိုင်တဲ့ ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ရာသီမှာတော့ အရှုံးမရှိဘဲ အရှည်ကြာဆုံး ရပ်တည်မှုလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်က ချန်ပီယံဖြစ်ခဲ့တဲ့ ချယ်လ်ဆီးအသင်းဟာ လက်ရှိပွဲ ၂၀ ကစားအပြီးမှာတော့ ဇယား ၁၄ နေရာမှာ ရပ်တည်နေတာပါ။ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့ ၁၃ မှတ်လောက် လိုအပ်နေတာလို့ ဆိုပါတယ်။ ဇယားသတ္တမနေရာမှာရှိနေတဲ့ ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ရလိုက်ခြင်းဟာ ဩဂုတ်လနောက်ပိုင်း ပထမဆုံး အဝေးကွင်း အနိုင်ရမှုလို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ မော်ရင်ဟိုကို အလုပ်ဖြုတ်လိုက်ပြီးတဲ့နောက် ရာသီတစ်ဝက်ကျိုးချိန်မှာ ပိုပြီးကောင်းလာတဲ့အတွက် ရာသီအကုန်မှာ ထိပ်ဆုံး ၄ နေရာကို ရရှိနိုင်ဖို့ အလားအလာရှိနေတယ်လို့ ဆိုပါတယ်။







## ယူရို ၂၀၁၆ အတွက် လူရွေးပွဲဖြစ်လာမယ့် အဲဗာတန်နဲ့စပါးပွဲ

အဲဗာတန်နဲ့ စပါးတို့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၀ မှာ အင်္ဂလန်ကစားသမားတွေဖြစ်တဲ့ အလီ၊ ဘာကလေ၊ စတုန်းနဲ့ ဟယ်ရီကိန်းတို့ ခြေစွမ်းပြကစားခဲ့ကြပါတယ်။ ဒီပွဲဟာ ပြင်သစ်မှာ သွားရောက်ကစားမယ့် ယူရို ၂၀၁၆ လူရွေးပွဲအတွက် အဓိက စောင့်ကြည့်ရတဲ့ပွဲလို့ အင်္ဂလန်နည်းပြရွိုင်းဟော့ဆင်က ဆိုပါတယ်။ အရည်အချင်းပြည့်ဝတဲ့ လူငယ်ကစားသမားတွေ ရွေးချယ်ဖို့အတွက် ဒီပွဲဟာ အရေးကြီးတဲ့ ပြိုင်ပွဲတစ်ပွဲဖြစ်တယ်လို့ အင်္ဂလန်နည်းပြ ရွိုင်းဟော့ဆင်က ဆိုပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ စပါးကွင်းလယ်ကစားသမား ဒီလီအလီဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ် ခုနှစ်ပွဲမှာ ခြောက်ဂိုးသွင်းယူထားသူဖြစ်ပါတယ်။ ထို့အတူ အဲဗာတန် ကွင်းလယ်ကစားသမားရော့စ် ဘာကလီဟာလည်း ယခုနှစ်ရာသီမှာ ရှစ်ဂိုးသွင်းယူထားပြီး အခြားကစားသမားတွေအတွက် ခုနစ်ဂိုး ဖန်တီးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဗာတန်နောက်တန်းကစားသမားဂျွန်စတုန်းကလည်း ပရီမီယာလိဂ်မှာ နာမည်ကြီး ကစားသမားတစ်ဦးဖြစ်လာပါတယ်။ ဟယ်ရီကိန်းကတော့ အင်္ဂလန်အသင်းအတွက် အဓိက အားထားရမယ့် တိုက်စစ်မှူးဖြစ်လာခဲ့ပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။



ကရင်ပြည်နယ်မှ ဂေဟာစနစ်များ မပျက်ယွင်းသေးသည့် နေရာတစ်ခုဖြစ်သော ကော့ကွန်းဂူ။

# ဒေသခရီးသွားဖွံ့ဖြိုးရေး မွန်နှင့် ကရင်ပြည်နယ်တို့ အလေးထားဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၅**

မီးခိုးတိတ်စက်ရုံဟု တင်စားခေါ်ဝေါ်နေသည့် ခရီးသွားလုပ်ငန်းကို ယခုနှစ်အတွင်း အရှိန်အဟုန်မြှင့်တင်ရန်နှင့် ၂၀၁၆ခုနှစ် ခရီးသွား ရာသီတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ သဘာဝဂေဟာစနစ် မပျက်စီးသေးသည့် နေရာများကို ဈေးကွက်ချဲ့ထွင်သွားရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း ခရီးသွားလုပ်ငန်းများထံမှ သိရသည်။

အဆိုပါ ပြည်နယ်နှစ်ခုသည် မူလကတည်းက ပြည်တွင်းခရီးသွားလုပ်ငန်းများ အားကောင်းလျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းခရီးသွားများထက် နိုင်ငံခြားသားခရီးသည်များကိုပါ ဖိတ်ခေါ်နိုင်ခဲ့သည့် ဒေသများဖြစ်ကြသည်။ ယခုအခါ နယ်စပ်ဝင်ပေါက်ဂိတ်များမှ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ ပိုမိုများပြားစွာ ဝင်ရောက်လာနိုင်ခြင်းကြောင့် ပြည်နယ်နှစ်ခု၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၅ နှစ်ကုန်ပိုင်းတွင် အထူးတိုးတက်မှုများကို မြင်တွေ့ရကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် နေထိုင်တည်းခိုမယ့် အဆောက်အအုံတွေ၊ ဟိုတယ်တွေရဲ့ အရည်အသွေးကအဓိကကျပါတယ်။ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေမှာ ၂၀၁၂ ခုနှစ်ကနေစတင်ပြီး ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးရေးတွေကို ကြိုးစားဖော်ဆောင်ခဲ့ပြီး ဟိုတယ်သစ်တွေလည်း မူလကထက် သုံးဆကျော် များပြားလာခဲ့ပြီဖြစ်ပါတယ်။ ခရီးသွားလာဖို့အတွက် သဘာဝဂေဟာစနစ်တွေမပျက်ယွင်းသေးတဲ့နေရာတွေဖြစ်လို့ ခရီးသွားတွေ ပိုများလာ တာကိုမြင်တွေ့ရမှာပါ။ ခရီးသွားလုပ်ငန်းတွေအနေနဲ့လည်း ခရီးစဉ်သစ်တွေကို ချဲ့ထွင်ပြီး ကြိုးပမ်းသွားကြဖို့ရှိပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြောကြားသည်။

အဆိုပါပြည်နယ်နှစ်ခုသည် သဘာဝခရီးသွားလုပ်ငန်းအတွက် အလွန်အားထားရဖွယ်ရှိသည့် ဒေသများဖြစ်ပြီး သာမန်ယဉ်ကျေးမှုခရီးစဉ်များထက် စိတ်ဝင်စားဖွယ်ကောင်းသော သဘာဝလိုဏ်ဂူများ၊ ထုံးကျောက်တောင်များ၊ ရေတံခွန်များ၊ ရေပူစမ်းများနှင့် သာယာဖွယ်တောတောင် သဘာဝအလှအပများ မပျက်ယွင်းသေးသည့် ပြည်နယ်များလည်း ဖြစ်သည်။

"သဘာဝအလှတရားတွေအပြင် ရှေးဟောင်းစေတီပုထိုးတွေနဲ့ ထူးခြားတဲ့ အရာတွေအများကြီးရှိတာကြောင့် ကမ္ဘာလှည့်ခရီးသွားတွေ နှစ်ခြိုက်ကြတာကို တွေ့ရပါတယ်။ ဒါ့အပြင် ကျိုက်ထီးရိုးဘုရားကို ဗုဒ္ဓဘာသာဝင် ကမ္ဘာလှည့်ခရီးသွားတွေ အလာများတယ်။ အရင်က နိုင်ငံခြားသားတွေ သွားရောက်ခွင့် မရှိခဲ့ပေမယ့် ပွင့်လင်းလာတဲ့ ခရီးသွားလုပ်ငန်းကြောင့် ဒေသခံတွေ ဝင်ငွေတိုးရတယ်"ဟု ကျိုက်ထီးရိုးဆံတော်ရှင် ဂေါပကအဖွဲ့ဝင် ဦးဝင်းအောင်က ပြောကြားသည်။

၂၀၁၂ ခုနှစ်မှစတင်ကာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ခရီးစဉ်ဒေသအသစ်ဖော်ဆောင်ရေး စီမံချက်ကြောင့်သက်ဆိုင်ရာ ပြည်နယ်အစိုးရ အသီးသီးမှလည်း ဒေသခံများ ဝင်ငွေတိုးစေရေး၊ သဘာဝခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် သဘာဝဂေဟာစနစ်များ မပျက်ယွင်းစေရေးတို့အပြင် ဟိုတယ်များကိုလည်း မြို့နယ်အသီးသီးတွင် တိုးချဲ့လာခဲ့ရာ ယခုအချိန်တွင် ဟိုတယ်အလုံးပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ နယ်စပ်ဝင်ပေါက်တစ်ခုဖြစ်သည့် မြဝတီမဲဆောက်မှ ဗီဇာကင်းလွတ်ခွင့်ဖြင့် လာရောက်လာကြသည့် ကမ္ဘာလှည့်ခရီးသွားများအား လုံးနီးပါးသည် သူတို့၏ခရီးစဉ်ကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း ရေးဆွဲကာ ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ ဖူးမြော်ခြင်းနှင့် သဘာဝအလှအပများ ခံစားခြင်းတို့ကို ပိုမိုပြုလုပ်လျက်ရှိကြသည်။

"တစ်နိုင်တစ်ပိုင် ခရီးသွားလုပ်ငန်းတွေလည်း ပိုများလာတာကိုတွေ့ရတယ်။ ကျွန်တော်တို့ ကြိုးစားပြီး ဝန်ဆောင်မှုအားကောင်းအောင် ဆောင်ရွက်နေပါတယ်။ ခရီးသွားအများစုက ဘုရားဖူးကြပြီး ရေတံခွန်တို့ လိုဏ်ဂူတို့ရှိရာဆီကို အသွားများကြတယ်။ ပြည်တွင်းခရီးသွားနဲ့ ပြည်ပခရီးသွားက အခုချိန်မှာ ဆတူနီးပါးတိုးလာတာကိုတွေ့ရတယ်"ဟု ကျိုက်ထိုမြို့အနီး စိမ်းလဲ့တင်အပန်းဖြေဥယျာဉ်မှ တာဝန်ရှိသူက ဖြေကြားသည်။

ထို့ပြင် နိုင်ငံတကာ ခရီးသွားလုပ်ငန်း၏ လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံအတွင်းရှိ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ သဘာဝအလှအပများ ပေါများခြင်းနှင့် ရာသီဥတုမျှတခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်၏ ရွေးချယ်စရာခရီးစဉ်များဖြစ်လာနိုင်သည့်အပြင် ကုန်ကျစရိတ်လည်း အလွန်သက်သာနိုင်ကြောင်းထုတ်ပြန်ထားသည့်အတွက် ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ကြောင်း ခရီးသွားလုပ်ငန်းများထံမှ သိရှိရသည်။ **သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

## သတင်းတိုများ

### ကွန်ကရစ်ဓာတ်တိုင်သစ်များ လဲလှယ်တပ်ဆင်

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း တာပွန်မြို့ ရွှေကျွန်းတောရပ်ကွက်အတွင်း သွယ်တန်းထားသော ၄၀၀ ဗို့ ဓာတ်အားလိုင်းမှ ဟောင်းနွမ်းဆွေးမြည့်နေသော သစ်သားဓာတ်တိုင် ၁၃ တိုင်ကို ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ကွန်ကရစ်ဓာတ်တိုင်သစ်များ၊ သံလက်တန်းများဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်ဌေးနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၃ ရက်တွင် လဲလှယ်တပ်ဆင်ခဲ့ကြောင်း သိရသည်။ လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၈၇)**

### လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။ ထို့နောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားပွဲကို မြို့မ(၂)ရပ်ကွက်ရှိ အထက(၁)ကျောင်း ပညာ့ဂုဏ်ရည်ခန်းမတွင် ဆက်လက်ကျင်းပပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ဖတ်ကြားခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

# မီတာ ၄၀၀ ပြည်သူ့အားကစားကွင်းနှင့် ပွဲကြည့်စင်တည်ဆောက်မှု မကြာမီပြီးစီးမည်

**ဖန်မောက် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့၌ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့သော မီတာ ၄၀၀ ပြည်သူ့အားကစားကွင်းနှင့် လူ ၁၀၀ဆံ့ တစ်ထပ်ပွဲကြည့်စင် နှစ်ခု၏ တည်ဆောက်မှုလုပ်ငန်းများ မကြာမီပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဖန်းမောက်မြို့မှာ အရင်က မီတာ ၄၀၀ ကျယ်တဲ့ ဘောလုံးကွင်း မရှိခဲ့ပါဘူး။ အခုမှစတင်ပြီး အသစ်ဆောက်လုပ်နေတာပါ။ အရင်က အခုလို အားကစားကွင်းမျိုးမရှိတော့ စံချိန်မမီတဲ့ တခြားကွင်းတွေမှာ အားကစားပြိုင်ပွဲတွေကို ကျင်းပနေရတာပါ။ အခုတည်ဆောက်နေတဲ့ ပွဲကြည့်စင်တွေနဲ့ အားကစားကွင်း ပြီးစီးခဲ့ရင် အားကစားပွဲအမျိုးမျိုးကို တစ်နေရာတည်းမှာ ကျင်းပပြုနိုင်တော့မှာပါ"ဟု ဖန်းမောက်မြို့ မြို့မအနောက်ရပ်ကွက်တွင် နေထိုင်သည့် ပြည်သူတစ်ဦးက ပြောသည်။

ဖန်းမောက်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့တော်စည်ပင်သာယာရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချထားပေးခဲ့သော ၂၀၁၄-၂၀၁၅ ရန်ပုံငွေမှ ငွေလုံးငွေရင်းမတည်ငွေ ကျပ်သိန်း ၄၀၀ ကျော်ဖြင့် အားကစားကွင်းနှင့် ပွဲကြည့်စင်များကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **နီတိုး**



# ဂျပန်စီးပွားရေးလုပ်ငန်းစုတစ်ခုနှင့် ပူးပေါင်း၍ ကွန်ကရစ်စက်ရုံတည်ဆောက်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်လျက်ရှိသည့် ဂျပန်စီးပွားရေးလုပ်ငန်းများအနက်မှ လုပ်ငန်းစုတစ်ခုက အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်နေသည့် ကွန်ကရစ်စက်ရုံ တည်ဆောက်ရေးတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

IHI အမည်ရ ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် အဆိုပါ စီးပွားရေးလုပ်ငန်းစုသည် ကွန်ကရစ် စက်ရုံတည်ထောင်ရန်အတွက် အမေရိကန် ဒေါ်လာ ၁၅ သန်း ကုန်ကျခံရန် ရည်ရွယ်ထားပြီး ယခုလကုန်တွင် လုပ်ငန်းများ စတင်ပြီး စက်ရုံတည်ဆောက်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်သူများ ဈေးနှုန်းသက်သာစွာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးများ ဝယ်ယူနိုင်စေရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံဆောက်လုပ်ရာတွင် လိုအပ်သည့် ကုန်ကြမ်းများ အလွယ်တကူ ရရှိနိုင်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းကာ စက်ရုံတည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူခဲ့ပြီး အဆိုပါလုပ်ငန်းစုနှင့် လုပ်ကိုင်ရန် အတည်ပြုဆောင်ရွက်နေခြင်း ဖြစ်သည်။

အဆိုပါစက်ရုံကို အချိန်ကာလ ကိုးလဖြင့် အပြီးတည်ဆောက်သွားရန် ရည်ရွယ်ထားပြီး စက်ရုံကို လာမည့် အောက်တိုဘာလတွင် အပြီးသတ်နိုင်ပြီး ၂၀၁၇ နှစ်ဆန်းပိုင်းတွင် ထုတ်လုပ်ရေးလုပ်ငန်းများစတင်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းစုက သတင်းထုတ်ပြန်သည်။

ကွန်ကရစ်စက်ရုံမှ တစ်နှစ်လျှင် အရည်အသွေးမြင့် ကွန်ကရစ်တန်ချိန် ၇၇၀၀၀ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားပြီး ပြည်တွင်းဆောက်လုပ်ရေး လိုအပ်ချက်များအတွက် လွယ်ကူပြီး ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

အဆိုပါစက်ရုံမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၄၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းစုဘက်မှ ၆၀ ရာခိုင်နှုန်းပူးပေါင်းပါဝင်သွားရန် ကတိပြုထားပြီး အဆိုပါလုပ်ငန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဒုတိယမြောက် အကျိုးတူပူးပေါင်းသည့် စက်ရုံဖြစ်ကြောင်း၊ ပထမဆုံးအနေဖြင့် ဂျပန်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းကာ သံမဏိထုတ်ကုန်များ ထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်လျက်ရှိကြောင်းသိရသည်။

လာမည့်အစိုးရသစ်ကူးပြောင်းမှုအတွက် ဂျပန်နိုင်ငံဆိုင်ရာ သတင်းစာများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ဆက်လက် လုပ်ကိုင်နေကြသည့်အပေါ် တည်ငြိမ်မှုရှိစေရေးနှင့် အကျိုးအမြတ်အတွက် ဂရုပြုသင့်ကြောင်း စီးပွားရေးအကြံပေးများက စိုးရိမ်ထုတ်ပြန်ကြသော်လည်း လက်ရှိအစိုးရလက်ထက်တွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လျက်ရှိပြီး ဆက်လက်လုပ်ကိုင်ရန်လည်း ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက စိတ်အားထက်သန်နေကြကြောင်း အဆိုပါလုပ်ငန်းစု၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သတင်း-သွန်းဝဿန်၊ ဓာတ်ပုံ-မေဦးမိုး**



# အဆင့်(၇)အတွင်းဝင်ရန် မျှော်မှန်းထားသည့် ချင်းယူနိုက်တက်

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

ချင်းယူနိုက်တက်အသင်းမှာ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများထဲတွင် ထပ်တိုးလာသည့်အသင်းများအနက် တစ်သင်းအပါအဝင်ဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ကြီးမားသည့် အောင်မြင်မှုမရသေးသော်လည်း အသင်းကြီးများ အခက်တွေ့အောင်၊ မထင်မှတ်သည့် ရလဒ်များထွက်ပေါ်အောင် ကစားနိုင်သည့် အသင်းဖြစ်သည်။

ချင်းယူနိုက်တက်အသင်းကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး MNL ပြိုင်ပွဲတွင် ၂၀၁၄ ရာသီမှ စတင်ကာ သုံးရာသီဆက် ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည် ၂၀၁၃ ရာသီတွင် ပထမတန်း၌ တန်းဆင်းကစားခဲ့ရသော်လည်း ချန်ပီယံဆုရရှိကာ MNL သို့ တန်းပြန်တက်လာခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည် တန်းပြန်တက်လာသည့် ၂၀၁၄ ရာသီတွင် ခြေစွမ်းပြနိုင်ခဲ့ပြီး ရှုံး/ထွက် ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ၂၀၁၅ ရာသီအစတွင် MNL ပြိုင်ပွဲ၌ အသင်းကြီးများကို အနိုင်ကစားနိုင်သည်အထိ ရလဒ်ကောင်းများ ရယူနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရလဒ်များ သိသိသာသာဆိုးရွားကာ တန်းဆင်းဇုန်အတွင်း ကျရောက်သွားသည်အထိ အခြေအနေဆိုးရွားသွားခဲ့သည်။ ရာသီပိတ်သိမ်းခါနီးမှ အမှတ်များ ပြန်လည်ရယူနိုင်ကာ တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့ပြီး ချင်းအသင်းမှာ MNL ၌ ဆက်လက်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ရာသီတွင် ရလဒ်ပိုင်း အပါအဝင် မတည်ငြိမ်မှုအချို့ဖြစ်ပေါ်ခဲ့သည့် ချင်းယူနိုက်တက်အသင်းမှာ ယခုရာသီတွင် ယင်းကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရန် ဆောင်ရွက်ထားကြောင်း သိရသည်။ ချင်းယူနိုက်တက်အသင်း ပိုင်ရှင် ဒေါက်တာဂျိမ်းလျန်ဆိုင်းနှင့် တာဝန်ရှိသူများမှာ နည်းပြချုပ် ဦးစိုးသိန်းနှင့် ကစားသမားများ၊ လူငယ်အသင်းမှ နည်းပြများနှင့် ကစားသမားများအား တွေ့ဆုံကာ အသင်းတိုးတက်ရေးကိစ္စများ၊ အသင်းမူဝါဒများကို ရှင်းလင်းဖြေကြားခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် နိုင်ငံခြားသား ကစားသမားသုံးဦး အသုံးပြုမည်ဖြစ်ပြီး လိုင်ဘေးရီးယားနိုင်ငံသားများ ဖြစ်သည့် တိုက်စစ်မှူး မောရစ်၊ နောက်ခံလူ ဂျော်ဂျီနှင့် ကွင်းလယ်လူ ဆာကီဒိုတို့ကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူထားသည်။ မောရစ်သည် လိုင်ဘေးရီးယား ယူ-၂၀ လက်ရွေးစင်အသင်း၊ ယူ-၂၃ လက်ရွေးစင်အသင်းနှင့် လက်ရွေးစင်အသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။



ချင်းယူနိုက်တက်အသင်း နည်းပြချုပ် ဦးစိုးသိန်း

၂၀၁၅ ရာသီကုန်တွင် ချင်းယူနိုက်တက်အသင်း၌ ကစားခဲ့သည်။ စိုးသီဟအောင်၊ တင်ဇော်မိုး၊ ခွန်ဇေယျာထွန်း၊ ရဝေဇင်၊ ဖြိုးဝေဆန်း၊ ဇော်လင်းနှင့် ဝေဖြိုးတို့လမ်းခွဲသွားခဲ့ပြီး ရန်ကုန်အသင်းမှ ဇော်ဝင်း၊ မနောမြေဂိုးသမား မွန်ထွယ်အောင်၊ ရတနာပုံဂိုးသမား သန့်ဇင်ညိုနှင့် ရတနာပုံလူငယ် နောက်ခံလူ နောင်နောင်လတ်တို့ကို ခေါ်ယူအားဖြည့်ထားသည်။ ချင်းယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲများအဖြစ် မနောမြေ၊ GFA ၊ ရှောဝတီ၊ ရှမ်းယူနိုက်တက် စသည့်အသင်းများနှင့် ခြေစမ်းကစားခဲ့သည်။

ချင်းယူနိုက်တက်အသင်း နည်းပြချုပ် ဦးစိုးသိန်းက“ ၂၀၁၆ ရာသီအတွက် ဒီဇင်ဘာ ၇ ရက်ကစပြီး ပြင်ဆင်မှုတွေပြုလုပ်ခဲ့ပါတယ်။ ပြည်တွင်းကစားသမားတွေ ထွက်ခွာသွားပေမယ့် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်ထားပါတယ်။ ပြီးခဲ့တဲ့ရာသီက ဖြစ်ပေါ်ခဲ့တဲ့အသင်းရဲ့ ကိစ္စတချို့ကိုလည်း ဖြေရှင်းပေးပြီးသွားပါပြီ။ ရာသီသစ်မှာလည်း အကောင်းဆုံးပုံစံနဲ့ ယှဉ်ပြိုင်နိုင်အောင် ပြင်ဆင်နေပါတယ်။ ရာသီသစ်အတွက် ပြင်ဆင်ချိန် တစ်လကျော်လောက်ပဲရပေမယ့် ခြေစမ်းပွဲတွေကစားပြီး ပြင်ဆင်ခဲ့တာပါ။ ရာသီကုန်မှာထွက်သွားတဲ့ ပြည်တွင်းကစားသမားအများစုကလည်း အမာခံကစားသမားတွေ မဟုတ်တာကြောင့် အသင်းအပေါ် ထိခိုက်မှုမရှိနိုင်ပါဘူး။ ပြီးခဲ့တဲ့ရာသီထက် ပိုကောင်းမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် အားနည်းသွားတာကတော့ အာရှသားတစ်ဦး မပါတော့ဘဲ နိုင်ငံခြားသားသုံးဦးပဲ ပွဲထွက်ခွင့်ရမှာ ဖြစ်လို့ပါ။ ဒီရာသီမှာ အကောင်းဆုံးအနေအထားရအောင် ပြင်ဆင်ထားတာကြောင့် အဆင့်(၇)အတွင်း ဝင်အောင်ကြိုးစားသွားမှာပါ” ဟု ပြောကြားခဲ့သည်။

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ ဇန်နဝါရီ ၉ ရက်တွင်စတင်မည်ဖြစ်ပြီး ချင်းယူနိုက်တက်အသင်းမှာ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၀ ရက်တွင် ဇွဲကပင်အသင်းနှင့် ကစားရမည်ဖြစ်သည်။



ချင်းယူနိုက်တက်အသင်း ရာသီသစ်အတွက် လေ့ကျင့်မှုများ ပြုလုပ်နေစဉ်။

# မန္တလေးမြို့၌ (၁၉)ကြိမ်မြောက် အမေနေ့အခမ်းအနားပြုလုပ်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့၌ (၁၉)ကြိမ်မြောက် အမေနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ၈၅ လမ်းနှင့် ၃၅ လမ်းထောင့်ရှိ ပရိယတ္တိသာသနာဟိတအသင်းကြီး (ဦးလှသိန်းဗိမာန်)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အမေနေ့ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းမြင့်အောင်(မန္တလေး)က အမေနေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမေနေ့အဖွဲ့က မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသူ ဆရာမောင်ကျောက်ခဲနှင့် တတိယဆုရရှိသူ ဆရာရတုသွေးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အမေနေ့အထိမ်းအမှတ် အလွတ်တန်းဝတ္ထုတိုပြိုင်ပွဲနှင့် ကဗျာရှည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဆုများချီးမြှင့်ပေးအပ်ကြပြီး “စာထဲကအမေ၊ ကဗျာထဲကအမေ၊ ဘဝထဲကအမေ”ခေါင်းစဉ်ဖြင့် ဆရာမ နုနုရည်(အင်းဝ)ကလည်းကောင်း၊ ဆရာ ညီမင်းညိုက “ကျွန်တော့်ရဲ့အမေ၊ ခင်ဗျားရဲ့အမေ၊ အားလုံးရဲ့အမေ” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

အဆိုပါအမေနေ့အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ဆရာစိုးနိုင်(မန်းတက္ကသိုလ်)က ရုပ်ဝတ္ထုများလွှမ်းမိုးပြီး စရိုက်ကြမ်းများပေါများနေသောကာလတွင် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများ ထွန်းကားလာစေရန် အမေနေ့များကို နှစ်စဉ် ကျင်းပပေးရန်လိုကြောင်း ပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မူဆယ်၌ နှစ်ထပ်စာသင်ကျောင်းအသစ်ဖွင့်

**မူဆယ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက တော်ရွက်ရပ်ကွက် တော်ရွက်အခြေခံမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပသည်။

ယင်းကျောင်းဆောင်သစ်မှာ မူဆယ်ဗဟိုစီးပွားရေးဇုန်အနီး တော်ရွက်ရွာတွင်တည်ရှိပြီး ယခင်ကျောင်းဟောင်းအနီး မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသော နယူးစတားလိုက်ကုမ္ပဏီက လှူဒါန်းပေးခဲ့ပြီး ကျောင်းသုံးပရိဘောဂများအပါအဝင် အလျားပေ ၂၁၀၊ အနံပေ ၂၀ ရှိ အာစီနှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို စုစုပေါင်းငွေကျပ် ၁၇၅၄ သိန်း အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# အဆင့်မြင့်ယာဉ်ရပ်နားစခန်း ကားကြီးဂိတ်များ ဖွင့်ပွဲကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၅**

မြောင်းမြမြို့ အဝေးပြေးအဆင့်မြင့်ယာဉ်ရပ်နားစခန်း ကားကြီးဂိတ်များ ဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါကားကြီးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် မြို့ကြီးများတွင် အဝေးပြေးမော်တော်ယာဉ် ရပ်နားစခန်းများကို ခေတ်စနစ်နှင့်အညီ တည်ဆောက်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ယခု ဆောက်လုပ်လျက်ရှိသော အဆင့်မြင့်ယာဉ်ရပ်နားစခန်းတွင် ခရီးသည်နားနေဆောင်၊ ကားဂိတ်ခန်းများ၊ လူနေပွဲရုံခန်း၊ လူနေဆိုင်ခန်း၊ စားသောက်ဆိုင်ခန်းနှင့်တွဲလျက် တည်းခိုခန်း၊ စက်သုံးဆီအရောင်းဆိုင်၊ ကားဝပ်ရှော့၊ ကားရေဆေးဆီလိုက်နှင့် မီးသတ်ရေလှောင်ကန်၊ အဆင့်မြင့်သန့်စင်ခန်းတို့ စနစ်တကျဖွဲ့စည်းတည်ဆောက်လျက်ရှိပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်၊ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း တည်ဆောက်ရေးတာဝန်ခံ ဦးသော်လင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

ကားကြီးဂိတ်များဖွင့်လှစ်ပြီး အဝေးပြေးယာဉ်များကို တစ်စု တစ်ဝေးတည်းထားရှိဆောင်ရွက်ထားသည့်အတွက် ခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

# သက်ကြီးသံဃာတော်များနှင့် ဘိုးဘွားများအား ပူဇော်

**ဒိုက်ဦး ဇန်နဝါရီ ၅**

(၁၄)ကြိမ်မြောက် သက်ကြီးသံဃာတော်များနှင့် ဘိုးဘွားများ ပူဇော်ကန်တော့ပွဲတစ်ရပ်ကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက သံတဲတားရပ်ကွက်ရှိ ဇမ္ဗူရတနာကျောင်းတိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် သက်ကြီးသံဃာ ၂၂ ပါးအား ဆွမ်း၊ ခဲဖွယ်နှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြို့ပေါ်ရပ်ကွက်ရှိ အသက် ၈၀ နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ **(ဝဲပုံ)** ပူဇော်ကန်တော့ပွဲ ကျင်းပရေးကော်မတီနာယက ဦးမောင်မောင်သန်းက ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများက ကန်တော့ခံသက်ကြီး အဘိုးအဘွား ၇၈ ဦးကို လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းရာ လှူဖွယ်ပစ္စည်း တန်ဖိုးငွေကျပ် သိန်း ၃၀ ခန့် အကုန်အကျခံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပိန်းဇလုပ်(သိန်းညွန့်)**




# ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတားဖွင့်လှစ်

**ပြည် ဇန်နဝါရီ ၅**

ပြည်မြို့နယ် သစ်ချိုပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာနှင့် အုတ်ဆွဲကျေးရွာအုပ်စု ဝန်တင်ဆိပ်ကျေးရွာတို့ကို ဆက်သွယ်ပေးသည့် အရှည်ပေ ၁၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ဘိုးပိုင်သံကူကွန်ကရစ်တံတားကို ဇန်နဝါရီ ၃ ရက်က ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတိုင်းဦးစီးမှူး ဦးသိန်းလွင်နှင့် တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စိုက်ပျိုးရေးသိပ္ပံ(ဒီမောဆို) အမျိုးသမီးနှစ်ထပ်ဆောင်သစ်ဖွင့်ပွဲနှင့် မောင်မယ်သစ်လွင် ကြိုဆိုပွဲကျင်းပ

**ဒီးမော့ဆို ဇန်နဝါရီ ၅**

ကယားပြည်နယ် ဒီမောဆိုမြို့နယ် စိုက်ပျိုးရေးသိပ္ပံ(ဒီမောဆို)တွင် အဆောင်နေ ကျောင်းသား ကျောင်းသူများ နေရာခက်ခဲမှုမရှိစေရေးအတွက် အဆောင်သစ်တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိရာ အမျိုးသမီးနှစ်ထပ်ဆောင် သစ်ဖွင့်ပွဲနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးသိပ္ပံ(ဒီမောဆို) အမျိုးသမီးနှစ်ထပ်အိပ်ဆောင်အား ကယားပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးတော့ရယ်၊ AMP ကုမ္ပဏီဒါရိုက်တာ ဦးကြည်စိုးနှင့် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသိပ္ပံဌာနခွဲ ညွှန်ကြားရေးမှူး ဦးဖဲဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသမီးနှစ်ထပ်အိပ်ဆောင် (ကိန္နရီဆောင်) ဆိုင်းဘုတ်ကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက စိုက်ပျိုးရေးသိပ္ပံ (ဒီမောဆို)ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင်စတင်ဖွင့်လှစ်ပြီး ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ စိုက်ပျိုးရေးပညာရပ်များကို အလွယ်တကူလေ့လာသင်ယူနိုင်ပြီဖြစ်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် စိုက်ပျိုးရေးနည်းပညာများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကာ ပြည်နယ်၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ယခုပညာသင်နှစ်တွင် သင်တန်းသား ၉၅ ဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး



နောက်ပိုင်းတွင် သင်တန်းသား ၁၀၀ လက်ခံသင်ကြားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသိပ္ပံဌာနခွဲညွှန်ကြားရေးမှူး ဦးဖဲဆောင်က စိုက်ပျိုးရေးသိပ္ပံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးသိပ္ပံ(ဒီမောဆို) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ကျောင်း၏ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နမ့်ခမ်းမြို့ သဘာဝရေပူစမ်း အပန်းဖြေရေပူချိုးသူများ နေ့စဉ်စည်ကား

**နမ့်ခမ်း ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်ဒေသများသည် ဆောင်းရာသီကာလများတွင် အအေးဓာတ်လွန်ကဲသည့်အတွက် နမ့်ခမ်းမြို့နှင့် နှစ်မိုင်ခန့်ဝေးသည့် မန့်ပုံရွာရှိ စမ်းသီတာ သဘာဝရေပူစမ်းတွင် နေ့စဉ်အပန်းဖြေ၍ ရေပူလာရောက်ချိုးသူများ စည်ကားလျက်ရှိသည်။ အခကြေးငွေပေး၍ ရေချိုးခန်းများတွင် ရေပူနှင့်ရေအေးရောစပ်ပြီး ချိုးကြသူများရှိသကဲ့သို့ နမ့်မချောင်းကမ်းစပ်တွင် အခကြေးငွေပေးရန်မလိုဘဲ ကျောက်ကြားများမှ ထွက်လာသောရေပူကို ချောင်းရေအေးဖြင့် ရောစပ်၍ လူကြီးလူရွယ်၊ ကလေးသူငယ်များနှင့် မိသားစုအလိုက် လာရောက်အပန်းဖြေရေချိုးကြသူများလည်းရှိကြသည်။ အဆိုပါ သဘာဝရေပူစမ်းသည် သာမန်ရေပူများနှင့်မတူဘဲ ကန့်ဓာတ်ပါဝင်ပြီး ဆေးဖက်ဝင်သည့် ရေပူဖြစ်ခြင်းကြောင့် နမ့်ခမ်းမြို့သူ မြို့သားများသာမက မူဆယ်၊ ပန်ဆိုင်း(ကြူကုတ်)၊ ကချင်ပြည်နယ် မန့်ဝိန်းကြီးဒေသများရှိ ပြည်သူများကပါ လာရောက်ကြသဖြင့် ဆောင်းရာသီကာလအလွန် ချမ်းအေးသည့်အချိန်များတွင် စည်ကားလျက်ရှိသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**



# မြန်အောင်မြို့နယ် စမ်းရွာ-ကံကြီး-အင်ပင်မြေသားလမ်းသစ်ဖွင့်

**မြန်အောင် ဇန်နဝါရီ ၅**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်အောင်မြို့နယ် အင်ပင်အုပ်စု စမ်းရွာ-ကံကြီး-အင်ပင်မြေသားလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က ကံကြီးရွာရှိ မြေသားလမ်းသစ်ဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေကအမှာစကားပြောကြားပြီး စမ်းရွာ-ကံကြီး-အင်ပင်မြေသား လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စုအတွင်းရှိ စမ်းရွာ-ကံကြီး-အင်ပင် မြေသားလမ်း(နှစ်မိုင်လေးဖာလုံ) ဖောက်လုပ်ခြင်းကို မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ခဲ့ပြီး စမ်းရွာ၊ ကံကြီးကျေးရွာတို့မှ အိမ်ခြေ ၇၀၀ ကျော်ရှိ လူဦးရေ ၂၉၀၀ ကျော်ကို အကျိုးပြု မည့် ကျေးရွာချင်းဆက်မြေသား လမ်းဖြစ်ကြောင်း သိရသည်။ **ဝင်းမိုလ်(ပြန်/ဆက်)**


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်**<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊<br>ဖုန်း-၀၆၇-၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)**<br>ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။<br>ဖုန်း-၀၆၇-၃၆၁၀၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၇၇) ၊ ၅၂ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**<br>အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊<br>အလယ်ဘလောက်၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)**<br>အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**<br>လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊<br>မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)**<br>ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။<br>ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)**<br>နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။<br>ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**<br>မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊<br>ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)**<br>အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊<br>ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**<br>အမှတ်(၄၁) ဈေးရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။<br>ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**<br>ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊<br>မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)**<br>ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊<br>မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**<br>မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။<br>ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**<br>ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။<br>ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**<br>နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။<br>ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |


အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ပဉ္စမပတ် ကံထူးရှင် (၁၀၀၀၀) ကို ဂုဏ်ယူစွာဖြင့်
တင်ဆက်လိုက်ပါပြီ
နောက်ဆုံးတပတ်
ဇန်နဝါရီ ၉ ရက် ရဲ့
အထူးဆုကံထူးရှင်ဟာ
သင်လည်းဖြစ်နိုင်တယ်ဆိုတာ
မမေ့နဲ့နော်
COROLLA
တိုယိုတာကိုရိုလာ ကားသစ်ကံထူးရှင်
မအိအိဖြိုး (နေပြည်တော်)
09 420735 xxx
အဖိုးတန်ဆုမဲများ၏ ကံထူးရှင်များ
iphone 6s
ipad air 2
Sony 40" TV
တစ်ကျပ်သား ရွှေဆွဲကြိုး
09 421006 xxx
ဆရာတော် ဦးပညိန္ဒ (ဒေါပုံ)
09 5112 xxx
ဦးဇော်မင်း(ရန်ကုန်)
09 402673 xxx
ကိုလှိုင်ဝင်း (မန္တလေး)
09 420241 xxx
မလင်းထက်နိုင် (နေပြည်တော်)
09 5097 xxx
မနိုင် (ရန်ကုန်)
09 401519 xxx
ကိုမင်းနိုင် (ရေစကြို)
09 420735 xxx
ကိုသိန်းဇော်(ရှမ်းပြည်နယ်)
09 400017 xxx
ကိုညီညီစိုး(မြစ်ကြီးနား)
09 430 66 xxx
မမျိုးမျိုးခိုင် (ရန်ကုန်)
ကျပ် ၅၀၀၀ တန် ငွေဖြည့်ဆုမဲပေါင်း ၉၉၀၀ ကျော်
SMS (စာတို)ဖြင့် ပေးပို့ဖြည့်သွင်းပေးသွားပါမည်
lucky
ဒီဂျစ်တယ်ကံစမ်းခွင့်လက်မှတ် အရေအတွက်ကို စစ်ဆေးရန်
• GSM/WCDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
• CDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၁ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ ၂၆ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၇ ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
ဒီဇင်ဘာ ၅ ၊ ၁၂ ၊ ၁၉ ၊ ၂၆ ၊
ဇန်နဝါရီ ၂ ရက်နေ့များတွင်
ည ၇ နာရီနောက်ပိုင်း ထုတ်လွှင့်မည့် MRTV 4 ၏
Let's Talk အစီအစဉ်တွင်လည်းကောင်း၊
ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီခွဲ နောက်ပိုင်းတွင်
MRTV 4 မှ တိုက်ရိုက်အစီအစဉ်အဖြစ်လည်းကောင်း
ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်ပါသည်။
အမှန်တကယ်ဆုပေးမည့် ပစ္စည်းများသည် ကြော်ငြာတွင်ဖော်ပြထားသောပစ္စည်းများနှင့် အနည်းငယ်ကွာခြားမှုရှိနိုင်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


2016
HAPPY NEW YEAR
POLO CLUB (ASIA)
RESIDENCE
09-797889788, 09-796889688, 09-795889588
No.51/A, Corner of East Race Course Road and Laydaungkan Road, Tamwe, Yangon, Myanmar.
Email: enquiries@poloclubasia.com
www.poloclubasia.com

**MINISTRY OF AGRICUL TURE AND IRRIGATION**
**DEVELOPMENT OF IRRIGATION AND LAND CONSOLIDATION SCHEMES IN MYANMAR**
**UNDER**
**THE LINE OF CREDIT FROM EXPORT IMPORT BANK OF INDIA**

**CORRIGENDUM 1 (Date Extension)**
**IFB No. [MOAI/INDIALOAN/MYN-ILC/BID/2015/001] dated 17th November, 2015**

Refer Agricultural Mechanization Department (AMD), Ministry of Agriculture and Irrigation (MOAI), the Republic of the Union of Myanmar open tender for procurement of farm machinery and implements for Development of Irrigation and Land Consolidation Schemes in Myanmar.

1. The last date and time of submission of bid has been postponed till further notice.
2. All Corrigendum/Amendments/Changes, if any will be issued and made available on website **www.moai.gov.mm** and made available to bidders who already purchased bid document through email. Prospective Bidders/tenderer are advised to keep visiting the **website www.moai.gov.mm** on regular basis.

**Director General,**
**Agricultural Mechanization Department,**
**Building No.50, Nay Pyi Taw, Myanmar**

**အထက (၂)ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏**
## (၁၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

အထက (၂)ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း)ကျောင်းတွင် ၁၉၅၈ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော လုပ်သက်(၂၅)နှစ်နှင့်အထက် ဆရာ ဆရာမများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများအား (၁၈)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၉-၁-၂၀၁၆ရက် (စနေနေ့)
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၁း၃၀နာရီအထိ
**နေရာ** - အထက (၂)ကမာရွတ်၊ နှင်းဆီခန်းမ

ဆက်သွယ်ရန် ဖုန်း-ဒေါ်နီနီမာ (ဒေါ်လီမြင့်သိန်း) ဖုန်း-၀၉-၅၁၀၆၉၄၇၊ ဦးပီတာဘသိန်း ဖုန်း-၀၉-၅၁၃၆၃၇၇၊ ဦးဘိုကြည် ဖုန်း-၀၉-၅၀၀၅၅၃၃၊ ဒေါ်မော်မော်မြင့် ဖုန်း-၀၉-၇၉၁၆၄၁၀၇၆၊ ဒေါ်ခင်တိုးယဉ် ဖုန်း-၀၉-၅၀၂၈၄၁၃။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်၂၆ယ/၅၂၄၃၂ ကမ-၃အမည်ပေါက် ဦးမိုးသိန်း ၉/မမန(နိုင်)၀၆၂၆၂၃က ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်ဦးလွင်)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 3-22(T)/MESC/2015-2016 | (၁၀)မီတာ ကွန်ကရစ်တိုင် (၈၃၃)လုံး<br>(၉)မီတာ ကွန်ကရစ်တိုင် (၁၀၇၀)လုံး | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ခ) | 3-23(T)/MESC/2015-2016 | ၁၁/၀.၄ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ဂ) | 3-24(T)/MESC/2015-2016 | ၄၀၀ဗို့ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများနှင့် ခွဲရုံပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ဃ) | 3-25(T)/MESC/2015-2016 | ၁၁ကေဗွီဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
၇၇လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁

**(၂၃)ကြိမ်မြောက် ရေစကြိုမြို့နယ်အသင်း (ရန်ကုန်)**
**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ**

ရေစကြိုမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ရေစကြိုနွယ်ဖွား ဆရာတော်ကြီးများ၊ ဓမ္မာစရိယနှင့်အထက် စာအောင်သံဃာတော်များ ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် မပျက်မကွက် ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်

* ကျင်းပမည့်နေ့ရက်/အချိန် (၁၀. ၁. ၂၀၁၆)၊ တနင်္ဂနွေနေ့၊ နံနက် (၉း၀၀)နာရီ
* ကျင်းပမည့်နေရာ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ကျွန်စစ်သားလမ်း(၁၃)ရပ်ကွက်၊ အရှေ့ဒဂုံ
* လမ်းညွှန် မထသ(၃၆)ဂိတ်ဆုံးစီး၊ မေတ္တာလိုင်း-၂ စီး၊ မထသ-၅၂၆၂၁၀၅၁၆၂၂၂၉၊ ကမ္ဘာကျော်ထာဝရကားများစီးပြီး ကျောက်လမ်းမှတ်တိုင်တွင်ဆင်း၍ ကျောင်းသို့လမ်းလျှောက်ပါ
* ဧည့်ခံကျွေးမွေး နံနက်စာ ထမင်း၊ ဟင်းလျာနှင့် ကျွေးမွေးဧည့်ခံပါမည်
* ဆက်သွယ်ရန် ဦးမြင့်ဆွေ(ဥက္ကဋ္ဌ)၀၁-၅၆၃၆၆၅၊ ၀၉-၅၀၄၈၄၈၇
ဦးဝင်း(ဒု-ဥက္ကဋ္ဌ)၀၁-၅၂၆၂၄၉၊ ဦးစိန်သန်း (ဒု-ဥက္ကဋ္ဌ)၀၁-၅၇၉၉၂၆
ဦးအုန်းမြ(အတွင်းရေးမှူး)၀၉-၂၅၄၀၂၃၉၅၃
ဦးအောင်မင်း (တွဲဖက်အတွင်းရေးမှူး)၀၉-၂၅၀၀၇၅၆၁၂
ဒေါ်အုန်းကြင် (ဘဏ္ဍာရေးမှူး)၀၁-၆၈၀၇၆၁ တို့ထံသို့ ဆက်သွယ်ကြပါရန်



# သာဓုခေါ်ဆိုနိုင်ပါရန်

၁၉၂၆-ခုနှစ်ကတည်းက တည်ထောင်ထားခဲ့သော ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ **ရန်ကုန်ဆန်လှူအသင်းကြီးသည်** ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရိယတ္တိစာပေ များသင်ကြားပို့ချလျက်ရှိသော စာသင်တိုက်များသို့ နှစ်စဉ်တပေါင်းလပြည့်တစ်ကြိမ် ၊ ဝါဆိုလပြည့်တစ်ကြိမ် ၊ တန်ဆောင်မုန်းလပြည့်တစ်ကြိမ် တစ်နှစ်လျှင်သုံးကြိမ် အစဉ်အလာမပျက် လှူဒါန်းနိုင်ခဲ့ပါသည်။ ယခုနှစ် (၂၀၁၅) ခုနှစ်တွင်လည်း (၂၅၆)ကြိမ်မြောက် တန်ဆောင်မုန်းလဆွမ်းဆန်တော်လှူ ရေစက်ချပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် လျောင်းတော်မူရုပ်ပွားတော်များတည်ရှိရာ ဒေါ်ပွင့်တန်ဆောင်းတွင် ရေစက်ချ၍ စာသင်တိုက် (၂၇၁) တိုက်ရှိသံဃာတော် (၂၆၆၃၂) ပါးတို့အတွက် ဆွမ်းဆန်တော်အိတ်ပေါင်း (၈၅၃၃) အိတ် ၊ တန်ဖိုးအားဖြင့် (၂၅၉၀၅၇၀၀၀/- ကျပ်) ၊ သိန်းနှစ်ထောင့်ငါးရာကိုးဆယ်ငါးသောင်းခုနစ်ထောင် ကျပ်တိတိ လှူဒါန်းမှုပြုနိုင်ခဲ့ပြီး အသင်းကြီးသို့ စေတနာသဒ္ဓါထက်သန်စွာလှူဒါန်းနိုင်ခဲ့ကြသည့် အလှူရှင်များ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန်အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ**
**ရန်ကုန်ဆန်လှူအသင်းကြီး**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၄၃၉၇ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၁၄/ပသန(နိုင်)၀၂၅၁၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ပျောက်ဆုံးကြောင်း

မောင်ဇော်မင်းထွဋ် ၅/မရန(နိုင်) ၁၇၆၈၈၁၏ သင်္ဘောသားလက်မှတ်အမှတ် SID Number-၇၀၉၇၃ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၉၇၆၉၇၇၈၄၆သို့ ဆက်သွယ်ပေးပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုထွန်းထွန်းလင်း (၇/ကဝန(နိုင်)၁၁၆၈၉၄) CDC -69164 ၏ CDC, SID, PSC &RB, EDH, Tanker, SSA, DSD နှင့် မှတ်ပုံတင်တို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း၀၉-၉၇၂၆၇၃၂၂၂

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၆၃၉၀၂ ကန်ဘို 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၁၄/ပသန(နိုင်)၀၀၅၃၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၂ယ/၆၈၄၁၁ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချို ၇/မမန(နိုင်) ၀၇၇၁၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8313 Toyota Ipsum ACM 21 S/W ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၄/ကပန(နိုင်)၀၀၄၇၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၁၄၉၁၊ Turbo Star (110) ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော်မင်း ၁၄/ပသန(နိုင်)၂၀၀၃၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၉၇၅၈၁၊ Honda Dream110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်သူရထွန်း ၁၄/ပသန(နိုင်)၁၅၈၁၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## အများသိစေရန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် (၁၄၁)၊ မြေကွက်တည်နေရာအမှတ် (၉)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါ်ငြိမ်းမြ ၁၂/ဒပန(နိုင်) ၀၂၅၄၉၂အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ငြိမ်းမြ (မိခင်)၊ ဦးသိန်းညွန့်(ဖခင်)နှင့် ၎င်းတို့မှ မွေးဖွားသောသားသမီး နှစ်ဦးအနက် ဦးဟန်ဝင်း(လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သူသမီး/မွေးချင်း/အစ်မဖြစ်သူ ဒေါ်ညွန့်စိန် ၁၂/ဒပန(နိုင်)၀၂၅၄၉၃မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုနိုင်ရန်မြေပုံကူးလျှောက်ထားခဲ့သည့်အတွက် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးမှ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာကို ၂၂-၁-၂၀၁၅ရက်ထုတ် မြို့တော်သတင်းစာတွင်လည်းကောင်း၊ ၂၃-၁-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၂၄-၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း အသီးသီးထည့်သွင်းကြော်ငြာခဲ့ပါသည်။

ယင်းကဲ့သို့ကြော်ငြာထည့်သွင်းရခြင်းမှာ ဒေါ်ညွန့်စိန်မှ Special Power လွှဲအပ်ထားသည့် ဦးခင်မောင်ဝင်းမှ အချက်အလက်များမှားယွင်းပြီး သဘောရိုးဖြင့် ကြော်ငြာထည့်သွင်းရန် ဆောင်ရွက်ခဲ့မှုကြောင့်ဖြစ်ပါသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဒေါ်ညွန့်စိန်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှူးထံသို့ ၂၆-၁-၂၀၁၅ရက်တွင် မြေအမည်ပေါက်စေရန်အတွက် မြေပုံကူးလျှောက်ထားခြင်းအား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် အကြောင်းအရာပါစာဖြင့် ပေးပို့၍ မြေပုံကူးလျှောက်ထားခြင်း ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါသည်။

ဖခင်ဦးသိန်းညွန့်နှင့် မိခင်ဒေါ်ငြိမ်းမြတို့တွင် သားသမီး ခြောက်ဦးထွန်းကားခဲ့ပြီး ၎င်းတို့မှာ ဦးတင်လှ(ကွယ်လွန်)၊ ဒေါ်သန်းခင်၊ ဒေါ်လှသန်း(ကွယ်လွန်)၊ ဒေါ်ညွန့်စိန်၊ ဒေါ်ခင်သန်းဝင်း၊ ဦးဟန်ဝင်း(ကွယ်လွန်)တို့ဖြစ်ကြပြီး ကွယ်လွန်သူများဖြစ်ကြသည့် ဦးတင်လှတွင် သားသမီးများကျန်ရစ်ပြီး ဒေါ်လှသန်းနှင့် ဦးဟန်ဝင်းတို့တွင်လည်း ခင်ပွန်း/ဇနီးနှင့်သားသမီးများကျန်ရှိကြောင်း အဖြစ်မှန်အား ရှင်းလင်းကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းလှိုင်**
**LL.B.;D.B.L;D.I.L;D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၆)**
**တိုက် ၉/၁၁၊ အမှတ် ၀၀၄(မြေညီ)၊**
**၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၂၂၆/ခ၊ မြေကွက်တည်နေရာအမှတ် ၂၂၆/ခ၊ အနော်မာ ၅ လမ်း၊ အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဦးအုန်းမြအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအုန်းမြ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်သင်းကြည် ၁၂/သကတ(နိုင်)၀၉၇၇၇၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၀၄၉/၂၀၁၄ရသူ ဦးထွန်းဝင်း ၁၂/မဂတ(ဧည့်) ၀၀၀၃၁၁မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/A၊ မြေကွက်အမှတ် ၁၇/က၊ ဇရိယာ ၂၁ဒသမ ၁၆ဧက၏ တစ်စိတ်တစ်ဒေသ ၁ ဒသမ ၂၇၅ ဧက၊ မြေကွက်တည်နေရာအမှတ်၁၃/က၊ မြစန္ဒာလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် အမည်ပေါက်အစိုးရ(ပြည်သူ့အိုးအိမ်အဖွဲ့မြေနှင့်အခွန်ဌာနစာအမှတ် ၆၄/၃တ-၀၇/၆၃၊ နေ့စွဲ ၃၁-၅-၆၅ အရသိမ်း)၊ မြေအမျိုးအစား G(က) မြေအား ဒေါ်မီမီအောင် ၁၂/မရက(နိုင်)၀၀၀၂၂၁မှ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း အရပ်ကတိစာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ဌာနမှ မြေချပါမစ် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/A )၊ မြေကွက်အမှတ် (၁၇/က)၊ ဇရိယာ ၂၁ဒသမ၁၆ဧက၏ တစ်စိတ်တစ်ဒေသ ၀ဒသမ၈၄၁ဧက၊ မြေကွက်တည်နေရာအမှတ် (၁၇/က)၊ မြစန္ဒာလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် အမည်ပေါက်အစိုးရ(ပြည်သူ့အိုးအိမ်အဖွဲ့မြေနှင့်အခွန်ဌာနစာအမှတ် ၆၄/၃တ-၀၇/၆၃၊ နေ့စွဲ ၃၁-၅-၆၅အရသိမ်း)၊ မြေအမျိုးအစား G(က) မြေအား ဒေါ်အေးအေးအောင် ၁၂/မရက(နိုင်)၁၂၇၂၆၂မှ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း အရပ်ကတိစာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ဌာနမှ မြေချပါမစ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# လျှပ်စစ်မဂ္ဂါဝပ် ၁၀၅၀ ထုတ်လုပ်နိုင်မည့် ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်



ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-လျှပ်စစ်)

**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းရိုးမကြီး၏အလယ်၌ ရစ်ခွေစီးဆင်းနေပြီး ရွှေလီမြစ်ပေါ်တွင်တည်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသော ရွှေလီ (၃) ရေအားလျှပ်စစ် စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တည်ဆောက်ရေး(၂)က အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

ရွှေလီမြစ်သည် ရေအားအရင်းအမြစ် ပေါကြွယ်ဝသည့်အလျောက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၆၀၀ ကို ၂၀၀၉ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးခဲ့၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။ ဆက်လက်၍ရွှေလီ(၂) ရေအားလျှပ်စစ် စီမံကိန်း မဂ္ဂါဝပ် ၅၂၀ နှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# အိန္ဒိယကမ်းခြေစောင့်သင်္ဘော VARAD ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးလာရောက်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

အိန္ဒိယနိုင်ငံကမ်းခြေစောင့် သင်္ဘော VARAD သည် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်သည်။ အဆိုပါ အိန္ဒိယနိုင်ငံကမ်းခြေစောင့်သင်္ဘော VARAD(CG 40) **(ယာပုံ)**သည် 75mts ရှိသော ကမ်းလွန်သင်္ဘောဖြစ်ကာ Goa သင်္ဘောကျင်းလီမိတက်မှ ပုံစံထုတ်ပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံ ကြားတွင်ရှိသော ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည်။

ထိုသင်္ဘော၏ Commanding Officer ဖြစ်သော Commandant Pankaj Verma သည် ရေကြောင်းခရီးညွှန်ကြားသည့် အတတ်ပညာအထူးကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး US Naval War College, New Port, USA မှ ဘွဲ့ရတစ်ဦးဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ●




**ထူးခြားသည့်ညအပူချိန်များ**
၅-၁-၂၀၁၆

| | |
|---|---|
| ဟားခါးမြို့ | -၂ ဒီဂရီစင်တီဂရိတ် |
| နန့်စန်မြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၄ ဒီဂရီစင်တီဂရိတ် |

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၄၃၊ ဖက်စ် ၀၆၇-၃၄၁၀၄၉၊ ရန်ကုန်ရုံးခွဲ-အမှတ်(၃၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၁၊ စာတည်းအဖွဲ့ ၀၁-၅၅၅၁၀၆၊ ဖက်စ် ၀၁-၅၅၅၁၀၅၊ စီစဉ် ၀၁-၅၅၅၁၀၄၊ စောင်ရေ ၀၁-၅၅၅၁၀၃၊ ကြော်ငြာ ၀၁-၅၅၅၁၀၂၊ ကြော်ငြာ ၀၁-၅၅၅၁၀၅။

